
www.burmeseclassic.com



# နတ်သမီး

မှန်တာပြောသစ္စာ

GRAPHIC DESIGN
HEIN SHWE KYI

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူးတပေ)
အမှတ်- ၅၂၀(က)၊ တင်း၀ (၄)လမ်း၊
(ဗ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎: ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဩဂုတ်
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ချူးတပေ
၀၉ ၅၁၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၃၉၆

၈၉၅.၈၃
နတ်သမီး
မှန်တာပြောသစ္စာ
ချူးတပေ ၊ ၂၀၁၅၊
၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) မှန်တာပြောသစ္စာ

# နတ်သမီး

## မှန်တာပြောသစ္စာ

www.burmeseclassic.com

## အခန်း (၁)

"ဖြန်း"

"အောင်မလေး ဆော်တယ်ဗျ"

ရုတ်တရက် လှည့်လာသော မျက်နှာလှလှလေးနှင့်အတူ ပါး တစ်ဖက် ဖျဉ်းခနဲ ပူသွားသော ခံစားမှုကို တစ်ပြိုင်တည်း ခံစားလိုက်ရ သည်။

အံ့သြခြင်းတွေနှင့်အတူ ပူထူသွားသော ပါးတစ်ဖက်ကို အ ယောင်ယောင်အမှားမှား ပွတ်လိုက်ပြီး

"ဟင် မင်း မင်း ဘာလို့ ငါ့ပါးကို ရိုက်ရတာလဲ"

"နင် ငါ့နောက်ကနေ အတင်းကပ်ပြီး နှာဘူးကျလို့လေ"

စွပ်စွဲချက်တွေက ပါးရိုက်ခံရတာထက်ပင် ပို၍ပြင်းထန်လွန်း သည်။ စာနာစိတ်ဖြင့် ကူညီလိုက်မိသော စေတနာတို့က သိက္ခာတရား တွေကို ပိုးစိုးပက်စက် နင်းခြေလိုက်သည့်နှယ် လူပုံအလယ်မှာ အရှက်ကွဲ

www.burmeseclassic.com



ရသည်က ရာပြည့်ဖြစ်သည်။

"ငါက မင်းကို ဘာများနာဘူးကျလို့လဲ ဟမ်၊ မင်းအသားကို လည်း လက်ဖျားနဲ့ ငါမတို့ဘူးလေ"

ရှက်ရှက်နှင့်ပင် ပြန်၍ရှင်းပြလိုက်သည်။ အသံတို့က တည်ငြိမ်မှု မရှိ အဖျားခတ်ပြီး တုန်နေသည်။

"မတို့သေးတာပဲရှိတယ်၊ နင် ငါ့နောက်က ကပ်လိုက်နေတာ လူချင်းထိတော့မယ်လေ၊ ထောက်လှမ်းရေးလုပ်ချင်ရင် ဘတ်စ်ကားပေါ် ကိုသွား၊ လမ်းလယ်ခေါင် လူမြင်ကွင်းကြီးမှာ ငါလိုမိန်းမမျိုးကို လာမလုပ် နဲ့၊ နင်ပဲလူစင်မမီဖြစ်သွားမယ်"

ကြိမ်းမောင်းချက်တွေက မျက်နှာပေါ်မှ အလှအပတွေနှင့်ပင် မလိုက်ဖက်အောင် ဟီးရိုးဆန်လွန်းသည်။

"ဒီမှာ နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့၊ ငါလိုယောကျ်ား မျိုးမို့လို့ ကိုယ်နဲ့မဆိုင်ဘဲ နင့်အရှက်ကိုလိုက်ပြီး ကာကွယ်ပေးနေတာ၊ တခြားယောကျ်ားမျိုးသာဆိုရင် မင်းရဲ့အရှက်တရားတွေကို ဖိမ်ရှိရှိနဲ့ မသိမသာ လိုက်ကြည့်နေမှာ ရှင်းလား"

စိတ်ပေါက်ပေါက်နှင့် ကက်ကက်လန်အောင် ရန်တွေ့ပစ်လိုက် သည်။ မိန်းမဆန်လွန်းသည်ဟု ထင်ချင်လည်း ထင်ကြစေတော့။

"နင် ရှုးနေလား၊ ငါ့အရှက်ကို လိုက်ကြည့်ကြရအောင် ငါက လူ့ပုံအလယ်မှာ ကိုယ်လုံးတီးကြီး လမ်းလျှောက်နေလို့လား နာဘူးကောင် ရဲ့"



ပြောရခက်ပါပေ့။ သူ့ဒုက္ခကို သူပင် သေချာမသိရှာ။ ကိုယ်က လည်း ဘယ်လိုပြောရပ့်။ နူတ်မရဲဘူးဖြစ်နေ၏။ မိန်းကလေးတွေပါးစပ် က စက်သေနတ်ပစ်နေသလို ပြောတတ်တာ သဘာဝမို့ ရှိစေတော့။

"ဒီမှာ မအဝှာ ကိုယ့်ပေါ့လျော့မှုကိုပဲ အပြစ်ပြန်တင်ပြီး နင် ငါ့ကို တောင်းပန်ရလိမ့်မယ်"

"လဲသေလိုက်"

"ငါက မသေဘူး၊ သေရမှာက နင်၊ ဟောဟိုမှာကြည့်စမ်း ဘီလိယက်ခုံကလူတွေ ဒီက လက်ဖက်ရည်ဆိုင်ထဲကလူတွေ ဟိုးဘက် ဆိုက်ကားဂိတ်ကလူတွေ သူတို့အကြည့်တွေက နင့်ဆီကို ရောက်နေကြလို့ ငါဝင်ကာယ်လိုက်ရတဲ့တာ"

ကောင်မလေးထံမှ မလုံမလဲ အကြည့်တွေဖြင့် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး

"နင်နော် ဖာတ်လမ်းလာမတွင်နဲ့၊ နင်ထောက်လှမ်းရေးလုပ် မှာကို ငါမြင်သွားလို့ ဟိုလူဒီလူ လွှဲချမနေနဲ့"

"ကျွတ် ဒီမှာ ငါပြောမယ်၊ နင့်ရဲ့အတွင်းခံဘောင်းဘီက အပြာ ရောင်လေးနော်၊ ဖစ်ကွဲနေတဲ့စကပ်အနက်ရောင်အောက်က အပြာရောင် ဘောင်းဘီက ထင်းနေတာပဲ၊ ငါ ပြောမထွက်လို့ နင့်နောက်ကနေ မသိ မသာလိုက်ကွယ်ပေးနေတာ"

"ဟင်"

ဒီတော့မှ ကောင်မလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး နောက်

www.burmeseclassic.com



ကို ကပျာကယာလှည့်ကြည့်ပြီး

"ဒုက္ခပါပဲ ဒီစကပ်ဖစ်က ဘယ်လိုဖြစ်ပြီး ကွဲသွားရတာတုန်း။ စိတ်ညစ်ပါတယ် ရှက်လိုက်တာ"

ဆက်နားမထောင်ချင်တော့၍ ချာခနဲလှည့်ထွက်ခဲ့လိုက်သည်။ ကိုယ်စေတနာနှင့် ဒီမိန်းမတန်မှ မတန်တာ။ ဒီနေ့အလွဲအတွက်တော့ ရှိစေတော့။ နောက်တစ်ခါဆိုရင် ထဘီကျွတ်ကျနေပါစေ ဝင်ပြီး ဟီးရိုး ဝင်မလုပ်တော့။

နောင်တတွေနှင့်အတူ သူငယ်ချင်းအုပ်စုတွေ ထိုင်နေရာသို့ ပြန်လျှောက်လာလိုက်သည်။

ဒီကောင်တွေအကြည့်က ကိုယ့်ဟာကိုယ် အေးအေးမှမနေတာ ပါးရိုက်ခံရတာ နည်းတယ်ဟူသော အပြစ်တင်သည့်အကြည့်မျိုးတွေ။

ကိုယ်ကလည်း ကိုယ်ပါပဲ။

ပါးရိုက်ခံရတာပဲ အဖတ်တင်သည်။

■ ■ ■

အိမ်ပြန်ရောက်သည်အထိ စိတ်ထဲမှာ မတင်မကျဖြစ်ကာ ခံစားနေရသူက ရာပြည့်ပင်ဖြစ်သည်။

မိန်းကလေးတစ်ယောက်၏အရှက်ကို ကာကွယ်သည့်အနေဖြင့် ကူညီလိုက်သဖြင့် ပါးရိုက်ခံရခြင်းသည် လူ့ဘဝတစ်လျှောက်လုံး ဒါဟာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ယုတ်စွအဆုံး လူပျိုလှည့်ပြီး ရပ်ကွက်ဥက္ကဋ္ဌသမီးကို အိမ်ပေါ်





တက်ပြီး ချစ်တယ်ဟု ပြောခဲ့တုန်းကတောင် ပါးအရိုက်မခံခဲ့ရ။

"ရာပြည့်ရေ"

"ဗျာ"

မမကြီးခေါ်သံကြောင့် ဒေါသကို ခဏဘေးဖျိတ်ပြီး ထူးလိုက်သည်။

"လာခဲ့ပါဦးကွယ်"

"ဟုတ်"

ဧည့်ခန်းထဲက လှမ်းခေါ်သည့်အသံမို့ ဧည့်ခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

"ဟင် မင်း မင်း ငါ့အိမ်ပေါ်ရောက်နေတယ်"

စောစောကလို စကပ်အမည်းရောင်နှင့်မဟုတ်တော့ဘဲ မမကြီးဝတ်နေကျ အနီရောင်အပွင့်စိတ်စိတ်လေးတွေပါသော လုံချည်ကိုဝတ်ထားသူ။ စောစောက ရာပြည့်ကို ပါးရိုက်လိုက်သည့် မိန်းကလေး။

"ရှင် ရှင်ကရော"

စောစောကလို နင်တွေငါတွေနှင့် မသုံးနှုန်းတော့သလို လေယူလေသိမ်းကလည်း ပျော့ပျောင်းညင်သာသွားသည်။

"နင်နဲ့လသော်တာနဲ့ သိနေတယ် ဟုတ်လား"

တအံ့တသြမေးလိုက်သော မမကြီးအမေးထဲတွင် ရာပြည့်သိချင်နေသောအဖြေ ပါသွားသည်။ သူက မမကြီးနှင့်သိနေတာပဲ။ နာမည်က လသော်တာ။ လူ့ရဲ့စရိုက်ကတော့ အမည်နှင့်မလိုက်ဖက်အောင်

www.burmeseclassic.com



ကြမ်းတမ်းသည်။

“ဟုတ်တယ် မမသန့်ရဲ့၊ ခုလေးတင်ပဲ လမ်းမှာတွေ့ခဲ့တာ၊ ညီမရဲ့ကောင်ကွဲတာ သူပြောလို့သိတာလေ၊ အဲ အဲဒါကို ညီမက သူ့အပေါ် အပြစ်လုပ်လိုက်မိတယ်၊ နောက်ပြီး မမသန့်နဲ့ မောင်နှမတော်မှန်းလည်း မသိဘူး”

ရာပြည့်မလာခင်အထိ ဧည့်ခန်းထဲက ဘွဲ့ရဓာတ်ပုံကိုကြည့်ပြီး မမကြီးရှေ့တွင် ရာပြည့်ကို ပါးရိုက်ခဲ့မိကြောင်း ဝန်ခံခြင်းမရှိဘဲ တိတ်တိတ်လေး ဖုံးကွယ်ထားလိုဟန်နှင့်တူသည်။

ယခု ရာပြည့် ပြန်းခနဲ ရောက်လာတော့ သူ့အပြစ်ဝန်မခံ၍ မရတော့၊ မျက်နှာငယ်လေးဖြင့် ဝန်ခံရှာသည်။

မမကြီးကို အစအဆုံး ရှင်းပြနေချိန်တွင် ရာပြည့်မျက်နှာမှာ ရှုတည်တည်နှင့် ဘာတစ်ခွန်းမှ ဝင်ပြောခြင်း အလျဉ်းမရှိ။

“သြော် ဖြစ်မှဖြစ်ရလေကွယ်၊ အဟင်း ရာပြည့် နင်ဟာလေ လုပ်လိုက်ရင် အမြဲတမ်း အလွဲလွဲအချော်ချော်ကြီးပဲ၊ ပါးရိုက်ခံရတာ နည်းတောင်နည်းသေးတယ်”

ကိုယ့်မောင်ပါးရိုက်ခံရတာကို ဒေါသမထွက်ဘဲ ဟာသတစ်ပုဒ် နားထောင်ရသလို သဘောအကျကြီး ကျနေသော မမကြီးကို ရာပြည့် မျက်စောင်းထိုးပြီး

“တော်ပါပြီဗျာ၊ သူများကျဆုံးခန်းကို ထိုင်ရယ်ရက်တာ မမကြီးပဲ”





ထိုသို့ ဘုဆတ်ဆတ်ပြောပြီး လသော်တာကိုပင် လှည့်မကြည့်တော့ဘဲ ဧည့်ခန်းထဲမှ ပြန်ထွက်လာလိုက်သည်။

“ဟဲ့ ဒါက ဘယ်လဲ၊ ငါ ခိုင်းစရာရှိလို့”

■ ■ ■

www.burmeseclassic.com

## အခန်း (၂)

"ရာပြည့် ရုံးက ပြန်လာပြီလား"

"ဟုတ်ကဲ့ ပြန်လာပြီ ကိုမြဝင်း၊ ခင်ဗျားရော ဘယ်လဲ၊ ပျာယီပျာယာနဲ့"

"မပြောချင်ဘူး မပြောကို မပြောချင်ပါဘူးကွာ"

ထိုစကားသည် ကိုမြဝင်း၏ လက်သုံးစကားဖြစ်သည်။ ရှေးယခင်ကဆိုလျှင် ရုပ်ရှင်သရုပ်ဆောင်ကြီး ဒေါ်မြလေး၏လက်သုံးစကားဖြစ်ခဲ့ဖူးသည်။

"မပြောချင်ရင်လည်း မပြောနဲ့ပေါ့ဗျာ"

"ဟာ ဟေ့ အဲ အဲလိုတော့ မပြောလို့ မရဘူးကွ၊ ငါ မင်းကိုတိုင်ပင်စရာရှိလို့ လာကွာ လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင်"

တစ်ခါတလေ ရပ်ကွက်ထဲမှာ ရာပြည့်ဟာ ခုလိုမျိုး အတိုင်ပင်ခံလည်း လုပ်ရတတ်သည်။ အကြံပေးလည်း လုပ်ရတတ်သည်။ ထိုသို့





လုပ်ပေးတိုင်း အောင်မြင်သည်ရှိသလို လွဲသည့်အကြိမ်ရောကလည်း မနည်းမနော။

"ကဲ ပြောဗျာ ခင်ဗျားဘာတွေဖြစ်နေပြန်ပြီလဲ"

"ခတ္တာလမ်းထဲက ဦးအောင်မြတ်ကို သိလား"

"အင်း သိတယ်လေ၊ ပြီးခဲ့တဲ့လကတောင် လေဖြန်းတယ်ဆိုလား ဘာလား ဖြစ်သေးတယ်လေ၊ ငွေနိုင်လို့ လေဖြတ်မသွားတာ"

"အေး ခုတော့ ကောင်းသွားပြီလေ"

"အဲဒီတော့"

လက်ဖက်ရည်မမှာခင် ရေနွေးကြမ်းကို အရင်ငှဲ့ထည့်ရင်း မေးလိုက်သည်။ ဦးမြဝင်း ချက်ချင်းမဖြေ။

"ညီလေးရေ လက်ဖက်ရည် ချိုစိမ့်တစ်ခွက် ကျစိမ့်တစ်ခွက်"

စားပွဲထိုးလေးကို လှမ်းမှာပြီးမှ ရာပြည့် အဲမေးကို စကားထပ်ဆက်သည်။

"သူက မင်းတို့လမ်းထဲက နတ်ကတော် သန်းစိန်ရဲ့အစ်မ သီတာမြင့်ကို သဘောကျလို့တဲ့"

"ဟာ အရွယ်က ကွာနေတာကို၊ အခြောက်မ သန်းစိန်အကြောင်းလည်း သိသားနဲ့၊ သူ့အတွက်မကျန်ရင် ဘာမှလုပ်တဲ့အခြောက်မဟုတ်ဘူး၊ သူ့အစ်မကို ဒီအဘိုးကြီးသာ သဘောကျနေတယ်ဆိုတာသိရင် အင်း မြင်ယောင်ပါသေးတယ်"

တွေးဆဆပြောလိုက်သောစကားကို ကိုမြဝင်း အလေးတကြီး

www.burmeseclassic.com



ထပ်မေးသည်။

"ဘာလဲ ဘာဖြစ်မှာလဲ၊ ကိုကြီးကျော်နတ်စင်ကစားနဲ့ ဟိုးတစ်ခါကလို လိုက်ခုတ်မှာလား"

"အဟက် ဘယ်ကလာ ထကမှာဗျ၊ ထကမှာ"

"ဟာ မင်း တော်တော်နောက်တဲ့ကောင်ကွာ"

"ဟုတ်တယ်လေ အဘိုးကြီးက အသက်ကသေခါနီးဖြစ်ပေမယ့် အထုပ်ရှိတယ်၊ ကားနှစ်စီး တိုက်တစ်လုံး အတွင်းပစ္စည်းတွေကလည်း မနည်းဘူး၊ သန်းစိန်က သူ့အစ်မမုဆိုးမ သုံးထပ်ကွမ်းနဲ့ သဘောမတူဘဲ ရှိမလား"

"အေး ဒါလည်း ဟုတ်တာပဲ၊ ဒီတော့ ငါက ဦးအောင်မြတ်ကို ဒီဘက်က အိုကေတယ်ဆိုတဲ့အကြောင်း ပြောလိုက်မယ်"

"ခင်ဗျားက သွားမေးပြီးလို့လား အိုကေတယ်ပြောရအောင်"

"ဘယ်သူ့ကိုလဲ"

"သန်းစိန်ကိုလေ နင့်အစ်မကို အဲ့ အဘိုးကြီးနဲ့ သဘောတူလားဆိုတာကို"

"အဲဒါ မင်းမေးပေလေ"

"ကျွန်တော့်ကိုလာပြီး အောင်သွယ်ခိုင်းနေတာလား"

"မင်းနဲ့သူတို့က ပြောမနာဆိုမနာ ရင်းနှီးကြတာမို့ မင်းကို အားကိုးပါတယ်ကွာ"

ကိုယ့်ကိုအားကိုးလာသည်မို့ ရာပြည့်ရှေးကိုင်လိုက်သည်။





"ဟာ ဒီကိစ္စကို ဟင်းရွက်ကန်စွန်းဝယ်သလို ဝယ်ပေးရမှာလား၊ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်က အားတာမဟုတ်ဘူး"

"မင်းမအားတာ ငါလည်းသိပါတယ်ကွာ၊ ငါနဲ့သန်းစိန်က ငါ့မိန်းမ သူ့ဆီမှာနတ်သွားမေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားများထားကြတော့ ငါနဲ့ဆို အဆင်ပြေမှာမဟုတ်ဘူး။ ဒါကြောင့်ပါကွာ ဦးအောင်မြတ်ကြီးနဲ့ သန်းစိန်အစ်မ ယူဖြစ်သွားရင် မင်းရော ငါရော အခွင့်အရေးကောင်းကောင်းရမှာကွ၊ အဘိုးကြီး ရက်ရောတတ်တာ မင်းလည်းသိသားနဲ့"

"အင်းပါ ကျွန်တော် ကြိုးစားကြည့်မယ်၊ မနက်ဖြန် ဦးအောင်မြတ်ကြီးကိုခေါ်ပြီး နတ်ကတော် သန်းစိန်အိမ်ကို သွားမယ်"

မက်လုံးတွေပေးလာမှတော့ အောင်သွယ်ပေးလိုက်ရုံပေါ့။

"ဟင် တစ်ခါထဲ မြန်းပေးလိုက်မလို့လား"

"ဩော် အဲလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ဒီအခြောက်မကို မက်လုံးပေးဖို့အကြောင်းမရှိ အကြောင်းရှာပြီး သွားရမှာပေါ့ ခင်ဗျားကလည်း"

"အေး အေးပါ မင်းကောင်းသလိုစီစဉ်ပါကွာ၊ အဓိကက အဓိကဖြစ်သွားဖို့ပဲ မဟုတ်လား။ ပွဲဖြစ်သွားလို့ကတော့ မင်းရောငါရော နှစ်သိန်းဘန်ပဟန်းဆက်လောက်တော့ ရမှာ ကျိန်းသေတယ် ဟီး ဟီး ဟီး"

"အဲလောက်ရမယ်ဆိုရင်တော့ မဆိုးပါဘူး။ ဟဲ ဟဲ ကုသိုလ်လည်းရပါတယ်၊ သူငယ်ပြန်နေတဲ့ အဘိုးကြီးနဲ့ မုဆိုးမ သုံးထပ်ကွမ်း

www.burmeseclassic.com



ကြီးနဲ့ ဘယ်လိုနှစ်ပါးသွားကြမလဲ စိတ်တော့ စိတ်ဝင်စားစရာပဲ ကဲ ကျွန်တော် လစ်ပြီဗျာ''

အလုပ်အသစ်တစ်ခုရပြီမို့ ရာပြည့် တာဝန်တစ်ခုကို ပိုက်ကာ အိမ်သို့ ပြန်လာခဲ့လိုက်သည်။

■ ■ ■

''ရာပြည့်ရယ် ရုံးကပြန်လာရင် အိမ်လေးဟာလေးတန်းပြန်တယ်ရှိအောင် ပြန်ခဲ့ပါဦးဟယ်''

''အင်းလေ ခုလည်း ကျွန်တော် အိမ်ကိုတန်းပြန်လာတာပဲဟာ ကို ဘာတွေတော်ကီပွားဦးမလို့လဲ မမရာ''

ရောက်ရောက်ချင်း အပြစ်တန်းပြောနေသောကြောင့် ရာပြည့် စိတ်ရှုပ်စွာဖြင့် ပြန်ပြောလိုက်သည်။

''နင့်ကိုတော်ကီပွားမလို့မဟုတ်ဘူး၊ ခိုင်းစရာရှိလို့''

''ဘာခိုင်းမလို့လဲ''

''လသော်တာတို့အိမ်ကို သွားပေးစမ်းပါ''

''ဟာ ကျွန်တော်မှမသိတာ''

မသွားချင်ပါဘူး။ ကိုယ့်ကို လူပုံအလယ်မှာ ပါးရိုက်ခဲ့တဲ့မိန်းကလေး။ ကိုယ်က ဘာလို့ သွားပတ်သက်ရမှာလဲ။

''မမတို့ကလည်းလေ ကျွန်တော့်ကို မမြင်လိုက်နဲ့ မြင်လိုက်တာနဲ့ ခိုင်းဖို့ပဲ၊ အိမ်မှာ ကျွန်တစ်ယောက်မွေးထားတယ်များ ထင်နေလား မသိဘူး''





''ဟဲ့ ခိုင်းစရာ နင်တစ်ယောက်ထဲ ရှိတာလေ၊ ကိုယ့်အစ်မအလုပ်ကို ဝိုင်းကူလုပ်ပေးတာ မြွေကိုက်ခံရတာကျနေတာပဲ၊ ဖြစ်နေလိုက်တာ''

မျက်စောင်းတထိုးထိုးနှင့် ပြန်ပြောနေသော မမကို ရာပြည့်ကလည်း ပေစောင်းစောင်းနှင့် ပြန်ကြည့်လိုက်ပြီး -

''လသော်တာ အိမ်ကို သွားပေးရမယ့်အလုပ်က မြွေကိုက်ခံရတာထက်ပိုပြီး နာတယ်၊ ပြောရင်းနဲ့ ဟောဒီပါးတစ်ဖက် ပြန်ပြီးနာလာပြီ''

''အေးပါ နာလာရင် မမ ဆေးလိမ်းပေးပါ့မယ်ဟယ်၊ သူအပ်ထားတဲ့အင်္ကျီလေးကို ဒီညနေ အိမ်လာပေးပါမယ်လို့ ပြောထားလို့ပါ''

''ဒါဆို မမ သွားပို့၊ ကျွန်တော် အိမ်စောင့်မယ်''

မသွားချင်၍ တမင်ပေကပ်နေခြင်း ဖြစ်သည်။

''ကဲပါ ရာပြည့်ရယ် ငါ သွားလို့မရတဲ့အကြောင်းရှိလို့ပေါ့ဟယ် ဒါသွားပို့ရင် ချုပ်ခ ပိုက်ဆံရမှာ၊ အဲဒီထဲက နင်လက်ဖက်ရည်ဝယ်သောက်လိုက်ဟာ''

''အောင်မာ မက်လုံးက လာပေးနေသေးတယ်၊ အဲဒီလက်ဖက်ရည်ဖိုးလောက်နဲ့ ဘာလုပ်ရမှာလဲ''

မဖြစ်မနေ ပို့ပေးရမယ်မှန်းသိပေမယ့် တမင်ဂျစ်တိုက်လို့ရ၍ တိုက်နေခြင်းဖြစ်သည်။

''ရာပြည့် အဖေနဲ့အမေ တရားရိပ်သာ မဝင်ခင်က ဘာပြော

www.burmeseclassic.com



သွားလဲ ဟာမ်၊ အစ်မနိုင်းတာကို ကြည်ကြည်ဖြူဖြူ လုပ်ပေးရမယ်ဆိုတာလေ''

မရသည့်အဆုံး အဖေနှင့်အမေကို ကိုင်ပေါက်ပြီးပြော၍ ရာပြည့်ဆက်မှုလို့မရတော့။

''ကဲပါ ပေးပါ ပေးပါ ဟွန်း ရုံးမှာပင်ပန်းလို့ အိမ်ရောက်မှနားရမလားမှတ်တယ်''

မကျေမနပ် တွတ်ပွတွတ်ပွပြောရင်း ကမ်းပေးသော အင်္ကျီထုပ်ကို လှမ်းယူပြီး အိမ်ပေါ်မှ ပြန်ဆင်းခဲ့လိုက်သည်။

■ ■ ■

## အခန်း (၃)

''အောင်မလေးဗျာ တက်ရမှာ ငါးလွှာတောင်''

အပေါ်ကို မျှော်ကြည့်ရင်း မတက်ခင်က မောဟိုက်ချင်နေသည့် ဒီလို ငါးလွှာကို နေ့တိုင်းသာတက်ရင် ရာပြည့်တို့ မလွယ်။ သို့သော် မတက်၍လည်းမရ။ ဒီမိန်းမအင်္ကျီကို မဖြစ်မနေပေးရမှာမို့။ စိတ်ထဲမှာ ဘဝင်မကျသော ခြေလှမ်းတွေဖြင့် ခပ်လေးလေး တက်လာခဲ့လိုက်သည်။

ငါးလွှာမရောက်ခင် လေးလွှာအရောက်တွင်

''အား အမလေး ကယ်ကြပါဦး ကယ်ကြပါဦး''

''ဟင် ဘာလဲဟ အသံက ဒီအခန်းကပဲ''

မိန်းကလေးတစ်ဦး၏အကူအညီတောင်းသံကြောင့် ငါးလွှာအခန်းကို တက်မည့်ခြေလှမ်းတို့ တုံ့သွားကာ စေ့ရုံစေ့ထားသော လေးလွှာမှ အခန်းကို အသာချောင်းကြည့်လိုက်သည်။

www.burmeseclassic.com



"ဟင် ဘာ ဘာဖြစ်နေတာလဲဟ"

မိန်းကလေးတစ်ယောက် မီးခလုပ်ရှေ့တွင် တဆတ်ဆတ်တုန်နေသည့် မြင်ကွင်းကိုမြင်လိုက်ရ၍ ရာပြည့် ကြောင်သွားသည်။ ပြီးမှ သတိဝင်လာကာ

"ဟာ ဒါ ဒါ ဓာတ်လိုက်နေတာပဲ"

အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားသော ရာပြည့်မှာ လက်ထဲမှ အထုပ်ကို ဘုတ်ခနဲချပြီး ထိုမိန်းကလေး၏အခန်းတံခါးကို ဝရုန်းသုန်းကား တွန်းဖွင့်ပြီး ဝင်လိုက်သည်။

မိန်းကလေးမှာ ရေချိုးပြီးစ ထဘီရင်လျားပေါ်တွင် တဘက်မြို့ထားပြီး လက်ထဲမှ Hair Dryer ကြိုးကိုင်ပြီး တဆတ်ဆတ်တုန်နေရှာသည်။

အိမ်ထဲကိုဝင်ပြီးသည်နှင့် မီးခလုပ်ကို ကပျာကယာ ရှာဖွေလိုက်သည်။

"ညီမ ခဏလေးနော် ကျွန်တော် မီးချလိုက်မယ်"

အားပေးစကားလည်းပြော မီးခလုပ်လည်းရှာနှင့် ရာပြည့်ပုံစံက တကယ့်ကို သွေးရူးသွေးတန်းနိုင်လွန်းနေသည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင် စိုးရိမ်ပူပန်စိတ်ဖြင့် ခြေလှမ်းတွေ ယောက်ယက်ခတ်ကာ မီးခလုပ်တွေရှိရာသို့ ဘယ်လိုရောက်သွားမှန်းပင်မသိတော့။

လူက ချက်ချင်းဖော့ချွေးတို့ ပြန်လာသည်။ တဆတ်ဆတ်တုန်ယင်နေသောလက်က မီးခလုပ်ကို ဖျောက်ခနဲ မြည်အောင် ချလိုက်





သည်။

တစ်အိမ်လုံး မီးတွေ ပြန်မှောင်၍သွားသည်။

"ဟော့ မင်း အဆင်ပြေရဲ့လား"

အမှောင်ထဲမှာပင် အသံလှမ်းပြုလိုက်သည်။ ကောင်မလေးထံမှ တုန့်ပြန်သံ မကြားရ။

"ဟာ ဒုက္ခပဲ ဘာမှမမြင်ရပါလား"

ကောင်မလေး သေသလား ရှင်သလား မသိရသေးသဖြင့် စိုးရိမ်စိတ်တို့က ရင်ထဲမှာဖြောင်းဆန်နေသည်။

အမှောင်ထဲမှာပင် ကောင်မလေးရှိရာသို့ မှန်းပြီး စမ်းတဝါးဝါးဖြင့် သွားလိုက်သည်။

လက်နှစ်ဖက်က ဟိုဟိုဒီဒီစမ်းကာ ကောင်မလေးအနားရောက်ပြီဟု ထင်သည်နှင့် အသက်ရှူသေးသလားသိစေရန် လက်ကို ကောင်မလေးမျက်နှာရှိရာသို့ စိတ်မှန်းဖြင့် လှမ်း၍ စမ်းလိုက်သည်။

မျက်နှာကိုမစမ်းမိဘဲ ပျော့ပျော့အိအိနှင့် အင်မတန် နူးညံ့သော ရင်အစုံကို စမ်းမိသွားသည်ထင်သည်။ ရင်တွေဒိန်းခနဲ ဆောင့်၍ကာ

"အယ် ဗု ဗုဒ္ဓေါ ငါ့လက်ကလည်း ဘယ်တွေလျှောက်စမ်းနေပါလိမ့်"

ရင်အစုံနှင့်ထိတွေ့နေသော လက်ကို ရုက်ရုက်နှင့်ဖယ်ခွာကာ အပေါ်ဘက်သို့ တရွေ့ရွေ့ စမ်းလိုက်သည်။

www.burmeseclassic.com



မေးစေ့လုံးလုံး အိထွေးသော နှုတ်ခမ်း ပြီးတော့ ချွန်မြသော နှာတံ။

"ဟော ဒါ ဒါ နှာခေါင်းပဲဖြစ်မယ်"

နှာသီးဝကိုလက်ဖြင့်တော့လိုက်သည်။ ဝင်းလေထွက်လေ ခပ်မျှင်းမျှင်းက ရာပြည့်၏လက်ချောင်းတွေကို လာထိသည်။

"တော်ပါသေးရဲ့ သေတော့မသေသေးဘူးထင်တယ်"

မှောင်မည်းနေသော ထိုအချိန်ကို ရာပြည့် ဘယ်လိုလုပ်ရပ့်။ မျက်ကန်းတစ်ကောင်လို ဘာမှမမြင်ရသည့်အတွက် မီးခလုပ်ကို ဘယ်လိုရှာမလဲ။

အတွေးတစ်ခု လှစ်ခနဲ ဝင်လာသည်။

"အယ် ငါလည်း တော်တော်တုံးတာပဲ၊ ငါ့မှာ ဖုန်းပါတာပဲ၊ ဖုန်းဖွင့်ပြီး မီးခလုပ်နဲ့ပလပ်တွေ ဆွဲဖြုတ်ရင် ရတဲ့ဟာကို ထူပ်ကွာ"

ကိုယ့်ကိုကိုယ် အပြစ်တင်ရင်း အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကို ထုတ်ပြီး ဖုန်းခလုပ်ဖွင့်လိုက်သည်။

ခပ်ရေးရေးသာမြင်ရသော ဖုန်းအလင်းရောင်ကို အသုံးချပြီး Hair Dryer တပ်ထားသော မီးခလုပ်ကိုပိတ်ပြီး ပလပ်ကိုလည်း ပို၍ ကျိန်းသေရန် ဆွဲဖြုတ်လိုက်သည်။ အားလုံး စိတ်ချရသည့်အနေအထား ရောက်မှ မိန်းခလုပ်ရှိရာသို့သွားပြီး မိန်းခလုပ်ကို ပြန်တင်လိုက်သည်။

အခန်းတစ်ခုလုံး မီးများပြန်၍ လင်းလာသည်။

မိန်းကလေးမှာ သတိလစ်၍ကောင်းတုန်း။ ရာပြည့် ဘာလုပ်ရ





မှန်းမသိတော့ ဒီအတိုင်းထားခဲ့ပြီး ပြန်လှည့်ကောင်းမလားဟူသောအတွေးဖြင့် ခြေလှမ်းတွေကို အိမ်ပေါက်ဝကို ရွယ်လိုက်သည်။

"ဟာ မဖြစ်သေးပါဘူး မြင်မကောင်းအောင် သတိလစ်နေတာ ငါ ဒီအတိုင်းထားသွားလို့ မကောင်းပါဘူး။ ဒီလောက်ထိ ကူညီပြီးကာမှ တော့ မထူးပါဘူး အဆုံးထိ ကူညီလိုက်တာပဲ ကောင်းပါတယ်"

ခြေလှမ်းတွေကို ဖရိုဖရဲလဲကျနေသော ကောင်မလေးနား မရဲတရဲလျှောက်သွားလိုက်သည်။ ရင်လျားထားသော ထဘီစက ခါးအထိပြေလျှောကျနေသည်မို့ ခါးအပေါ်ပိုင်း ဗလာကျင်းဖြစ်နေသော မြင်ကွင်းကို မရဲတရဲကြည့်ပြီး အနီးတွင် ကျနေသော မွေးပွသဘက်ကို လှမ်းယူကာ ပြည့်ဖြိုးနေသော ရင်နှစ်မွှာပေါ်ကို လွှမ်းခြုံပေးလိုက်သည်။

"ဟာ ဆံပင်တွေက ရေတွေစိုနေတုန်းပါလား၊ ဟ ဒုက္ခပါပဲ ဒါကြောင့် ဓာတ်လိုက်တာကိုး၊ ဒီမိန်းကလေးကွာ အဲလောက် မဆင်မခြင် လုပ်ရသလား၊ ငါ အချိန်မီ ရောက်လာလို့ပေါ့၊ မရောက်ရင် သေနေလောက်ပြီ"

ကြမ်းခင်းပေါ် ဒီအတိုင်းထားလျှင် အန္တရာယ်ရှိနိုင်တာမို့ အနီးရှိ ဒရင်းဘက်ပေါ်ကို တင်ရန် ကောင်မလေးကို ပွေ့ချီလိုက်သည်။

"အောင်မလေး လူကောင်သေးသလောက် အချိန်စီးသားပဲ၊ အီး လေးလိုက်တာ"

ကောင်မလေးကို မနိုင့်တနိုင် ပွေ့ချီကာ ဒရင်းဘတ်ပေါ်တင် လိုက်သည်။ ထိုအချိန်ထိ ကောင်မလေး သတိမရသေး။

www.burmeseclassic.com



“ဟော့ ဟော့ ညီမ ညီမ”

အေးစက်စက်ခန္ဓာကိုယ်ကို လှုပ်နှိုးလိုက်သည်။ တုတ်တုတ်တောင်မလှုပ်။

“ဟာ သောက်ကျိုးနည်း သေများသေသွားပြီလား”

ပို၍သေချာစေရန် ကောင်မလေး၏ နှလုံးခုန်သံကို နားထောင်ရန် ရင်ဘတ်နှင့်မျက်နှာကပ်လိုက်သည်။

နှလုံးခုန်သံတဒုတ်ဒုတ်က မသေသေးဘူးဆိုတဲ့သက်သေကို ဖြစ်နေသည်။ ဒီတော့ ဘာလုပ်ရမလဲ။

ခေတ္တမျှ ထိုင်ပြီး စဉ်းစားလိုက်သည်။ အိမ်နီးနားချင်းတွေကို အကျိုးအကြောင်းပြောပြပြီး အကူအညီ သွားတောင်းရင် ကောင်းမလား။ ဒါမှမဟုတ် ရေးဦးသူနာပြုနည်းနဲ့ သတိရအောင် ပြန်လုပ်ရင် ကောင်းမလား။ တော်ကြာ သတိပြန်ရလာလျှင် သူ့ကို မတော်မတရား ကျင့်ပါသည်ဟု စွပ်စွဲနေလျှင်လည်း ခက်ဦးမည်။

“ဟာ ငါ့နှယ် သွားလေရာ အရာပေါ်တယ်ဆိုတာ ငါလိုလူစားမျိုးပဲကွာ”

“အင်း အဟင်း ဟင်း”

“အဲ သ သတိရပြီလား”

မျက်တောင်ရှည်ရှည်ကော့ကော့တို့ လှုပ်လာပြီး နှုတ်ခမ်းနီထွေးထွေးက မပွင့်တပွင့် ညည်းလာသည်မို့ ဝမ်းသာအားရ မေးလိုက်သည်။





“ရှင် ရှင် မြသားကို ကယ်လိုက်တာထင်တယ်”

တော်ပါသေးရဲ့ သူ့ကို ကယ်လိုက်တာတော့ သိသားပဲ။

“ဟုတ်တယ် ငါ ဒီအခန်းရှေ့ကအဖြတ်မှာ မင်းရဲ့အော်သံကြားလို့ အန္တရာယ်တစ်ခုခုနဲ့ ကြုံနေပြီထင်ပြီး ဝင်ကြည့်မိတာ မင်းမောတ်လိုက်နေတာ”

“ဟုတ်တယ် မြသား ခေါင်းလျှော်ပြီး အပူပေးစက်သုံးနေတာ ရုတ်တရက် တစ်ကိုယ်လုံး ကျဉ်တက်ပြီး ရုန်းလို့မရတော့တာပဲ သိတယ်”

ပြောရင်း မြသားဆိုသော ကောင်မလေး တရှုံ့ရှုံ့နှင့်ငိုသည်။

“ဒီအိမ်မှာ အိမ်သားတွေမရှိကြဘူးလား”

“ဟင့်အင်း မာမီတို့က မိုးကုတ်မှာနေတာလေ၊ မြသားက ဒီမှာ ကျောင်းလာတက်တာ၊ ဒီအခန်းမှာ မြသားတစ်ယောက်ထဲနေတာမို့ မြသား ကြောက်လိုက်တာ၊ ရှင့်ကိုလည်း ကျေးဇူးတင်တယ်၊ ရှင်က မြသားရဲ့ကျေးဇူးရှင်ဖြစ်သွားပြီ”

ငိုသံနှောသောအသံဖြင့် ကျေးဇူးတွေတင်နေသော မြသားကို ကရုဏာသက်စွာ ကြည့်လိုက်ပြီး

“ကျေးဇူးတင်ဖို့မလိုပါဘူး၊ မင်းအသက်မသေတာကိုပဲ ငါ ကျေနပ်နေပါပြီ၊ ဪ မင်း ခေါင်းကဆံပင်တွေ ရေတွေစိုနေသေးတယ်၊ ခြောက်အောင်လုပ်လိုက်ပါဦးလား၊ အရမ်းကြာသွားရင် နေမကောင်းဖြစ်လိမ့်မယ်”

ခုမှပင် ကောင်မလေး သူ့အခြေအနေကို ငုံ့ကြည့်သတိထားမိ

www.burmeseclassic.com



သွားပြီး ရှက်သွေးဖြန်းသော မျက်နှာဖြင့် မဝံ့မရဲကြည့်ကာ

"အို ရှက်လိုက်တာ ရှင် မမြင်သင့်တာတွေ မြင်သွားပြီထင်တယ်"

"ဟာ ငါ မမြင်ပါဘူး၊ မင်းကိုယ်ပေါ်ကို သဘက်ခြုံပေးထားတာပဲ၊ ကဲ ငါ ငါသွားတော့မယ်၊ မင်းအဝတ် အမြန်လဲလိုက်ဦး ငါ သွားတော့မယ်နော်"

ကိုယ်ရှိနေ၍ ထိုင်ရအခက်ထရအခက် ဖြစ်နေသော မြသား၏ အခက်အခဲကို အလိုက်တသိဖြင့် ရှောင်ပေးရန် မြသားအနားမှ ထလိုက်သည်။

ကောင်မလေးအနားမှာ ဆက်ရှိနေချင်သေးသည့်ဆန္ဒကို မသိကျိုးကျွံပြုကာ အခန်းအပြင်သို့ ထွက်လာခဲ့လိုက်သည်။

အိမ်အပြင်ရောက်မှ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်စေရန် သက်မခပ်ပြင်းပြင်း တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

လူ့အသက်တစ်ချောင်းကို ကယ်တင်ခွင့်ရလိုက်သည့် ပီတိစိတ်က ဒီကိုလာသည့်အကြောင်းအရင်းကို လုံးဝမေ့လျော့လျက် အိမ်ကိုသာ ပြန်လာခဲ့လိုက်သည်။

လက်မှနာရီကို ကြည့်တော့ ညခုနစ်နာရီပင်ထိုးတော့မည်။

■ ■ ■

## အခန်း (၄)

"ဟယ် ပြည့်ပြည့် ဒါက ဘယ်ကပြန်လာတာလဲ"

နတ်ကတော် သန်းစိန်၏ချွဲချွဲပျစ်ပျစ် နှုတ်ဆက်သံကြောင့် ရင်ထဲက ပီတိတွေ ဖျတ်ခနဲ ပျောက်သွားကာ အတွေးထဲကို ပြန်ဝင်လာသည်က ဦးအောင်မြတ်နှင့်သူ့အစ်မ သီတာမြင့်ကို အောင်သွယ်ပေးဖို့ ဖြစ်သည်။

"ဩော် သန်းစိန် ငါ့ကိုကျတော့ မေးတယ်၊ နင်ကရော ဒီအချိန်ကြီး ဘယ်မှာဝင်ဖန်ပြီး ပြန်လာတာလဲ"

"ဟယ် နင်ကလေ ငါ့ကိုတွေ့ရင် အဲလိုချွတ်ဖို့ပဲ သိလားဟွန်း၊ ဒီကဝင်ဖန်စရာလားလို့၊ ငါ့တပည့်တစ်ယောက်အိမ်မှာ ဒီနေ့ထိုင်ကန္တားပေးတယ်လေ၊ ငါ့ကိုပင့်တော့ သွားရတော့တာပေါ့"

"ဟွန်း ပင့်တယ်ပဲရှိရသေးတယ်"

www.burmeseclassic.com



"ဟဲ့ ပင့်ခံရမှာပေါ့ ငါက နတ်ကတော်ပဲဟာ၊ နင့်ရော နတ်ကလေးဘာလေး မမေးဘူးလား"

"ဘာလုပ်ဖို့လဲ"

"ဩော် အလုပ်အကိုင် အကြံအစည်တွေ ထမြောက် အောင်မြင်ဖို့အတွက် နတ်တွေရဲ့ကူညီစောင်မမှုကို ယူသင့်ရင် ယူရမှာပေါ့လို့ ငါက နင့်ကိုကူညီချင်လို့"

"နေပါ နင့်အကူအညီကို ငါမလိုချင်ပါဘူးဟာ၊ အဲ နေဦး နင့်အကူအညီလိုချင်နေတဲ့သူ တစ်ယောက်တော့ရှိတယ်"

"ဟေ ဟုတ်လား ဘယ်သူလဲ၊ နင်တို့အရွယ်ထဲကပဲလား ဟီး ဟီး ခေါ်လာခဲ့၊ ငါ ကောင်းကောင်းပြုစုပေးလိုက်မယ်"

မရိုးမရွဖြစ်သွားသော သန်းစိန်ကိုကြည့်ပြီး ရာပြည့် မျက်နှာရှုံ့မဲ့ပစ်လိုက်ပြီး

"အေးပါ မနက်ဖြန် ခေါ်လာခဲ့မယ်၊ နင်သာ အဆင်ပြေအောင် လုပ်ပေးလိုက် လိုအပ်ရင် အိမ်မှာပါ တစ်ခါတည်း ခေါ်ထားလိုက်"

"ဩော် သူနေရင်တော့ မခေါ်စရာအကြောင်းရှိလဲလို့ သူသာ နေပါစေဦး အဟင်း ဟင်း"

တဏှာသံကြီးဖြင့် ခွဲပျစ်ပျစ်ရယ်နေသော သန်းစိန်နှင့်မြန်မြန် လမ်းခွဲမှဖြစ်မည်မို့

"ကဲ ငါလစ်ပြီ၊ မနက်ဖြန် ငါခေါ်လာရင်သာ နင် ကတိတည် ပါစေနော်"





"အေးပါ စိတ်ချစမ်းပါဆို၊ နင်သာ ခေါ်ဖြစ်အောင် ခေါ်လာ ငါ ကျိန်းသေမျှော်နေမှာနော် ဟဲ့ သီလား"

"စိတ်ချ"

■ ■ ■

"ဟဲ့ အမလေးဟယ် အပ်ထည်လေး တစ်ခါသွားပေးခိုင်းပါတယ်၊ ငါက လသော်တာကို တစ်ခါတည်း လက်ထပ်လိုက်ပြီထင်တာ"

"ဟာ ဒုက္ခပါပဲ"

ဒီတော့မှ လသော်တာကို သွားပေးသည့်အဝတ်ထုပ်ကို သတိရတော့သည်။ ဟိုကောင်မလေး ခေတ်လိုက်နေတာကို မြင်လိုက်သည်နှင့် အဝတ်ထုပ်ကို ဘယ်မှာပစ်ချခဲ့မိမှန်းမသိ။

"ဘာဒုက္ခလဲ မဟုတ်မှလွဲရော ဟိုက ပေးလိုက်တဲ့အင်္ကျီချုပ်ခကို နင် သုံးလာလို့လား"

အလန့်တကြား မေးလာသော အစ်မဖြစ်သူ၏အမေးကို ဘယ်လို ဖြေရမှန်းမသိအောင် စိတ်တွေရှုပ်သွားသည်။

"ဟဲ့ မေးနေတယ်လေ၊ ဘယ်မှာလဲ ပိုက်ဆံ ပေး"

"မ မယူလာခဲ့ဘူး မေ့လာလို့"

"ကြည့် နင်ဟာလေ ခိုင်းလိုက်ရင် အရာရာနဲ့အကြောင်းကြောင်း ချည်းပဲဟယ်"

အမှားလုပ်မိပြီမို့ အပြစ်ပြောလည်း လည်စင်းခံရုံမှ ရာပြည့် ခေါင်းတွေ တဖျင်းဖျင်း ကုတ်ကာ

www.burmeseclassic.com



"ကျွတ် နေ နေပါဦး မမရာ၊ ကျွန်တော် မနက်ကျရင် သွားပြန်ယူပေးပါ့မယ်"

ကတိသာ ပေးလိုက်ရသည်။ အဝတ်ထုပ်က ဘယ်နေရာကျန်ခဲ့လို့ ကျန်ခဲ့မှန်းမသိ။

ထိုစဉ် ဖုန်းမြည်လာသည်။ ခင်သန့်စင် စက်ခုံပေါ်တင်ထားသော သူ့ဖုန်းကို လှမ်းယူပြီး ဖုန်းထူးလိုက်သည်။

"ဟဲလို ဩော် လသော်တာလား၊ ဘယ်လိုလဲ အင်္ကျီဝတ်ကြည့်တာ အဆင်ပြေလား"

"ဟာ ဒုက္ခပဲ"

အင်္ကျီပေးခဲ့ပြီအထင်နှင့် မေးနေသော မမအမေးကြောင့် ရာပြည့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။ တဒင်္ဂအတွင်း ခေါင်းတွေ ထူပူလာသည်။

"ဩော် ဟုတ်လား ဒါဆို ဘာမှပြင်စရာမလိုတော့ဘူးပေါ့၊ အင်းလေ တိုင်းကတည်းက ကွက်တိတိုင်းထားတာပဲလေ၊ ခုပဲ မောင်လေးပြန်ရောက်တယ်လေ၊ သူ့ကိုမေးနေတာ အကြောင်းကြောင်းနဲ့ ဘာမှန်းကိုမသိဘူး၊ ဟင် ဘယ်လို လသော်တာလက်ထဲ မပေးခဲ့ဘဲနဲ့ လှေကားမှာ ဒီအတိုင်းချထားခဲ့တာ ဟုတ်လား၊ ဩော် ငါ့နှယ် ဒီကောင်လေးတော့ တော်သေးတာပေါ့ လသော်တာက ဘာအထုပ်လဲဆိုပြီး ကောက်ဖွင့်ကြည့်လို့ပေါ့ နို့မို့ဆို ပျောက်ပြီ"

ဒီတော့မှ ရာပြည့် အသက်ကိုပုံမှန်ရှူနိုင်တော့သည်။ တော်ပါ





သေးရဲ့ အယောင်ယောင်အမှားမှား ပစ်ချခဲ့မိသော အင်္ကျီထုပ်ကို လသော်တာ မြင်သွားလို့ပေါ့။

"ကဲ ဘယ်လိုဖြစ်တာလဲ ရာပြည့်"

ဖုန်းပြောပြီးသွား၍ မမ၏ဒေါသတွေ ရာပြည့်ထံ လှည့်လာသည်။

"ဘာကိုလဲ"

မသိချင်ဟန်ဆောင်ပြီး မေးလိုက်သည်။

"ဘာကိုရမှာလဲ အင်္ကျီထုပ်ကို ပိုင်ရှင်လက်ထဲမထည့်ဘဲ လှေကားခြေရင်းမှာ ချခဲ့ရတာလဲ၊ ဘာလဲ နင့်ကိုပါးရိုက်ထားဖူးလို့ စိတ်ထဲမကျေတာနဲ့ နင် ဒီလိုလုပ်ခဲ့တာပေါ့လေ"

ဆင်ခြေပေးရအောင်လည်း ခိုင်လုံသောဆင်ခြေမရှိ။ ဒီတော့ ရေငုံနှုတ်ပိတ်နေရုံပင်။

"ဟွန်း လူကြီးဖြစ်နေပြီ ကလေးစိတ်က မကုန်သေးဘူး ဟိုက သူမှားကြောင်း တောင်းပန်တာတောင် သူ့မှာစိတ်ဆိုးမပြေနိုင်သေးဘူး"

ဗျစ်တောက်ဗျစ်တောက် ပြောနေသော မမနားမှ အသာလစ်ထွက်ခဲ့လိုက်သည်။ ဆက်နေလျှင် ဆက်ပြီး အပွားခံနေရဦးမည်။

ခုချိန်မှာ ရာပြည့်ခေါင်းထဲ စိုးရိမ်မိနေသည်က ဟိုကောင်မလေးအတွက်ပါပဲ။

သူ ဘယ်လိုအခြေအနေရှိလဲ၊ ဓာတ်လိုက်ခံထားရ၍ နေသာထိုင်သာမှ ရှိရဲ့လား။ ကိုယ်ကိုယ်တိုင်က ဓာတ်လိုက်ခံရသည့်ဝေဒနာကို ပြင်း

www.burmeseclassic.com



ပြင်းထန်ထန် ခံစားဖူးလျှင်တော့ ခံစားမှုအနုအရင့်ကိုလိုက်ပြီး အမည် တပ်ပေးနိုင်သည်။

သူတစ်ယောက်ထဲနေရတာမို့ ကြောက်များကြောက်နေသလား။ နောက်တစ်ကြိမ် ထပ်သွားဖို့ စိတ်ကူးမိပေမယ့် ဒီညတော့ မဖြစ်နိုင်တော့။ မနက်ဖြန်ဆိုရင်တော့ အကြောင်းပြပြီး သွားလို့ရသည်။

စိတ်ပူလို့ သတင်းလာထပ်မေးတယ်ပေါ့။

မနေ့က ကောင်မလေးအိမ်မှာ ဖုန်းကျန်ခဲ့၍ သွားယူဖို့အကြောင်း ဖန်လာကာမှ ဦးအောင်မြတ်ကြီးက ရောက်လာသည်။

လူငယ်တစ်ယောက်လို ဝတ်စားဆင်ယင်ကာ ဆံပင်ကျိုးတို့ကြဲတဲ တွေကို ဂျယ်ဖြင့်ထောင်ထားသေးသည့်ပုံစံနှင့် ရှေ့သွားနှစ်ချောင်းကျိုးနေ သည့်ပုံစံက နှိုမြက်နေသော လေးနစ်သားအရွယ်နယ်။

''ဟာဗျာ ဘကြီး ရေမွှေးကန်ထဲမျှားခုန်ချလာသလား မွှန်ထူ နေတာပဲ''

''အဟဲ မင်းကလည်း အဲလောက်လည်း မမွှေးပါဘူးကွာ၊ ငါ့ စိတ်ထဲတော့ ဘာအနံ့မှကို မရဘူး''

''ဘုရား ဘုရား ဒီမှာတော့ ခေါင်းတွေတောင် ကိုက်နေပြီ''

''ကဲပါကွာ ခေါင်းကိုက်ရင် မင်းကိုငါ ဆေးဝယ်တိုက်မယ်၊ ခုတော့ သန်းစိန်တို့အိမ် မြန်မြန်သွားရအောင်ကွာ''

အလောတကြီးနိုင်လွန်းနေသော ဦးအောင်မြတ်ကြီးကို ဈေး ကိုင်သည့်အနေဖြင့်





''ဟာ ကျွန်တော် အရေးတကြီးကိစ္စ သွားစရာရှိတယ်ဗျ''

''ဟာ အဲ အဲလို မလုပ်ပါနဲ့ကွာ၊ ငါ သီတာ့မျက်နှာလေးကို မြင်ချင်လို့ပါကွာ''

''ကျွန်တော်က ချိန်းထားတာဗျ''

ဦးအောင်မြတ် မျက်စိပျက်မျက်နှာပျက်ဖြင့်

''ဟာ လူလေးရာ မင်းအဲလိုတော့ ဆေးမထိုးနဲ့ကွာ၊ ငါ့ရင်ထဲ မှာ သီတာလေး ဘယ်လောက်ဝင်ပြီး နေရာယူထားသလဲဆိုတာ မင်း လည်းသိပါတယ်၊ ဘော်ဒါအချင်းချင်း ဈေးမကိုင်ပါနဲ့ကွာ၊ ဒီလိုလုပ်ကွာ မင်းသွားမယ့်နေရာကို ငါ့ကိစ္စပြီးတာနဲ့သွား၊ ငါတက္ကစီဖိုး အသွားအပြန် ပေးလိုက်မယ်ကွာ နော်၊ နော်လို့ လုပ်ပါကွာ အဲဒီကို နတ်သွားမေးချင် တာနဲ့ဆောင်မှ သီတာလေးနဲ့တွေ့ရမှာမို့ပါ''

အသနားခံတောင်းဆိုနေသော ဦးအောင်မြတ်ကြီးကို ဆက်ပြီး ကလိချင်တော့၊ တက္ကစီဖိုး အသွားအပြန်လောက်ရဦးမည်ဆိုတော့ ဈေး ကိုင်မနေတော့။

''အင်းလေ ကောင်းပြီ သိပ်ကြာလို့တော့ မဖြစ်ဘူး၊ ဘော်ဒါနဲ့ အလုပ်ကိစ္စချိန်းထားတာ ပျက်သွားရင် သုံးလေးသိန်းလောက် နစ်နာ သွားမယ့်ပွဲဗျ''

''အေးပါ မကြာပါဘူး၊ စိတ်ချ လုံးဝမကြာစေရဘူး''

ဦးအောင်မြတ်ပုံစံက ခုချိန်မှာ သူနှင့်အဖော်လိုက်ပေးဖို့ဆိုလျှင် ရာပြည့်ဘက်က ဘယ်လောက်ပဲ တောင်းဆိုတောင်းဆို အစစအရာရာ

www.burmeseclassic.com



ရက်ရက်ရောရော လိုက်လျောမည့်ပုံမျိုးမို့ ရာပြည့် ထပ်ပြီးဈေးမကိုင်ရက်တော့။

သုံးထပ်ကွမ်းမုဆိုးမ သိတာမြင့်ဆိုသော မိန်းမကြီးမှာ ရာပြည့်အတွက် စိတ်ဝင်စားစရာမကောင်းသလောက် အသက်ရှစ်ဆယ်လောက်ရှိသည့် ဦးအောင်မြတ်လို အဘိုးကြီးအတွက်တော့ နှတ်မိမယ်လေးတစ်ပါးလို ရင်ခုန်မက်မောစရာ ကောင်းနေသတဲ့။

လှကာသာ သေတော့မယ် ရင်ဘတ်ထဲက ရင်ခုန်သံတွေကတော့ အရွယ်နှင့်မလိုက်အောင် နုပျိုလတ်ဆတ်နေသော ဟန်အပြည့်။

■ ■ ■

## အခန်း (၅)

"ဟယ် ပြည့်ပြည့် လာလေ၊ ငါက မနက်ကတည်းက မျှော်နေတာဟယ်"

ခုတ်ခန်းထဲမှ ထွက်လာသော သန်းစိန်မှာ ရာပြည့်ကိုမြင်သည်နှင့် ဆီးပူးခါသွားသလို အတင်းပဲ ဖက်တော့မည့်ဟန်ဖြင့် အနားကိုကပ်လာသည်။

"ဦးလေးက နင့်ဆီလာချင်တယ်ဆိုလို့"

ယခင်က ဘကြီးဟု ခေါ်ပေမယ့် သန်းစိန်ရှေ့မှာတော့ အရွယ်ကို ငယ်ပေးလိုက်မှဖြစ်မည်မို့ ဦးလေးဟူသော နာမ်စားကို ပြောင်းခေါ်လိုက်သည်။

"ဩော် နင်ခေါ်လာမယ်ဆိုတာ ဘကြီး ဦးအောင်မြတ်ကိုပြောတာလား"

"အေးလေ ဘာဖြစ်လို့လဲ"

www.burmeseclassic.com



"ငါက နင်တို့အရွယ်လေးခေါ်လာမယ်ထင်လို့"

"ငါတို့အရွယ်က နင့်ဆီကို ဘာလို့ လာစရာအကြောင်းရှိလဲ၊ ဦးလေးက သူ့လုပ်ငန်းလုပ်စရာရှိလို့ နင့်ဆီကို ဗေဒင်လာမေးတာ"

"အေးပါ အေးပါ လာ ဓာတ်ခန်းထဲဝင်ကြ"

သန်းစိန်နောက်မှ ရာပြည့် လိုက်ဝင်လိုက်ပြီး

"ဒီလူကြီးကို အပိုင်ကိုင်ထား၊ အသက်ကြီးလေ သူပိုင်တဲ့ အထုပ်ကြီးကလည်း ကြီးလေပဲဟ"

"အယ် သူ့ဟာသူ အထုပ်ကြီးတာများ ငါက ကိုင်စရာလားလို့ မသကာဆို ကိုင်ချင်းကိုင် နင့်အထုပ်ကို ကိုင်ရတာဆို တော်သေးတယ်ဟယ်"

"ဟာ ငါ့မှာ နင့်ကိုပေးကိုင်စရာ ဘာအထုပ်မှမရှိဘူး"

"ဟယ် မဟုတ်တာ ဒီလောက်ကိုင်ချင်စရာကောင်းတဲ့အထုပ်ကို မရှိဘူးဆိုတော့ နင်ယောကျ်ားမဟုတ်ဘူးလားလို့ အဟင်း ဟင်း"

"ဟာ ဒီနတ်ကတော်စုတ် ဘာတွေပြောနေတာလဲ"

ရာပြည့်ဇါခါးအောက်ပိုင်းကိုကြည့်ပြီး ပြောနေသော သန်းစိန်ကြောင့် ပေါင်နှစ်ချောင်းကို စုကျုံ့လိုက်ပြီး ဟောက်ပစ်လိုက်သည်။

"အဟင်း နင့်ကိုမြင်ရင် ငါလေ စကိုစချင်နေတာများ စိတ်တွေကို မရိုးမရွကိုဖြစ်လို့ ကဲ ဘကြီးအောင်မြတ် လာ ထိုင် သန်းစိန် ဘာကူညီရမလဲ"





"မိန်းမလိုချင်လို့"

"ဟယ် ဖွတ်ကြီးပါလား"

လက်ညှိုးကို သွားထိပ်နှင့်မထိတထိ ကိုက်ကာ သန်းစိန် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေသော ဦးအောင်မြတ်နှင့် ဘာလာလာကြိုက်သော သန်းစိန်တို့ကြားကို ရာပြည့် မဝင်၍မရတော့။ တော်ကြာ လမ်းကြောင်းလွဲသွားရင် မခက်ပါလား။

"ဟာ ဦးလေး အဲလို ဒဲ့ကြီးမပြောနဲ့လေဗျာ၊ အရင်ဆုံး လုပ်ငန်းအကြောင်းအရင်ပြောရမှာမဟုတ်လား"

"ဩော် အေး အေး ဟုတ်တယ် ဟုတ်တယ် ဒီ ဒီလိုပါ အခု ဦးလေး ရှယ်ယာဝင်ထားတဲ့ ကျောက်တွင်းက ကျောက်အောင်လို့ နောက်ထပ် လုပ်ငန်းအသစ်တစ်ခု ထပ်လုပ်ချင်တယ်၊ ဘာလုပ်ရမှန်းမဝေခွဲတတ်လို့ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တွေရဲ့ အကြံဉာဏ်ကို လာပြီးတောင်းခံတာပါ"

ဦးအောင်မြတ် စကားကြောင့် သန်းစိန်မျက်လုံးတွေ လောဘအရောင် တလက်လက် တောက်ပသွားသည်။

"ဟယ် ကျောက်အောင်တယ်ဆိုတော့ ငွေတွေသန်းချီပြီး ရမှာပေါ့"

"ဒါပေါ့"

"ဟုတ်တယ် သန်းစိန်ရေ့ အခု ဦးအောင်မြတ်ကို လိုချင်နေတဲ့ မိန်းကလေးတွေက ဝိုင်းဝိုင်းလည်ကုန်ပြီလေ"

www.burmeseclassic.com



ရာပြည့် ဘေးဝင်တီးပေးသည်။ သန်းစိန်တို့ ငွေမက်တာ ရာပြည့် အသိဆုံး။

''အို ငွေရှိရင် အရွယ်ဆိုတာ ဘာအရေးလဲလို့''

''ဟုတ်တယ် ဒါပေမဲ့ ကြိုက်တဲ့သူတွေက အပျိုကြီးတွေ အပျိုလေးတွေဆိုတော့ ဦးလေးက လက်ခံရမှာမဝံ့မရဲ ဖြစ်နေတယ်ဟာ၊ ဒါဟာ သူ့ကိုချစ်တာထက် ပိုင်ဆိုင်မှုကို လိုချင်ကြတာမှန်း သိသာနေတာကိုး''

''အမလေး ဒီခေတ်မှာ သွားမပါရင်နေ ကားပါဖို့အရေးကြီးတယ်ဆိုတဲ့မိန်းမတွေ နည်းမှမနည်းပဲ''

''ဟုတ်ပါတယ်ကွယ်၊ ဥပမာ မှဆိုးမတို့ တစ်ခုလပ်တို့ဆိုရင်တောင်မှ ကိုယ့်ရဲ့စည်းစိမ်တွေ ပြုတ်ချင်ပြုတ်ပါစေ ရဲရဲဝံ့ဝံ့ လက်ထပ်ရဲပါတယ်''

ဦးအောင်မြတ်ကလည်း အကွက်မြင်သည်၊ တစ်ခါတည်း တန်းပြီးရွှေ့လိုက်သည်မို့ သန်းစိန် မျက်နှာပို၍ လောဘတက်သွားကာ ကွမ်းချိုးတက်နေသော သွားတွေပေါ်အောင် ဖြီးခနဲ ရယ်လိုက်ပြီး မုဆိုးမဖြစ်သူ သူ့အစ်မ သီတာမြင့်ကို တန်းမြင်ကာ

''ဟယ် ဒီအိမ်မှာတောင် မုဆိုးမ လက်ဖောင်းကြီးရှိသေး စိတ်ဝင်စားရင်တော့ ပြပေးမယ်လေ အဲ မုဆိုးမပေမယ့် တစ်သားမှ မကျသေးဘူး၊ ပစ္စည်းကတော့ လတ်တယ် အဟစ် ဟစ် ဟစ်''

ရေငတ်တုန်း ရေတွင်းထဲကျသူလို ဦးအောင်မြတ် အရမ်းကို ပျော်သွားကာ ရေလာနေသော မြောင်းထဲကို စွပ်ခနဲ ခုန်ဝင်လိုက်သည်။





''အဟီး သိတယ်၊ လတ်မှန်း မြင်ရုံနဲ့သိတယ်၊ အပျိုကြီးတွေ အပျိုလေးတွေထက်စာရင် မုဆိုးမက ဦးလေး သိပ်မပင်ပန်းဘူးပေါ့ကွယ်''

''အယ် ဦးလေးက နောက်ပြီကွယ်''

နှစ်ယောက်သား အတိုင်အဖောက် ညီနေကြပုံများ ရာပြည့်ပင် ထပ်ပြီး ကူပြောပေးစရာမလိုတော့။ သန်းစိန်တို့က အဲလောက်ထိ ဈေးကွက်က ကြိုမြင်ပြီးသားမို့ အခန်းဝတွင် ပြူတစ်ပြူတစ်ရပ်နေသော အစ်မကို မျက်ရိပ်ပြကာ

''ဒါပေမဲ့ ဦးလေး, သားသမီးတွေက သဘောတူပါ့မလား''

လုပ်ငန်းကိစ္စကို သတိမရကြတော့ဘဲ ရာဂစိတ်တွေ လွှမ်းမိုးနေသော ဦးအောင်မြတ်ကြီးနှင့် အပေးအယူတည့်နေကြပုံများ၊ ခုချက်ချင်းပင် သူ့အစ်မ မုဆိုးမကို ဦးအောင်မြတ်အိမ် ထည့်ပေးလိုက်ချင်နေသည့်ပုံ၊ လိုက်ကာအပြင်တွင် ရပ်နားထောင်နေသော သီတာမြင့်မှာ ဧည့်ခန်းထဲကို ဝင်လာသည်။ သူ့အဖို့ အဘိုးကြီးမို့ လင်မတော်ချင်ပေမယ့် နောက်ခံ စီးပွားရေးက တစ်သက်စားမကုန်မှတော့ နှာခေါင်းပိတ်ပြီး ငြိမ်နေရုံပေါ့။

အဘိုးကြီးနဲ့ နံမှာကိုပြောပါတယ်။

''သိ သိတာ''

ဘယ်အချိန်ကတည်းက ဦးအောင်မြတ်နားရောက်နေသည်မသိသော သီတာမြင့်ကိုမြင်တော့ ဦးအောင်မြတ် လူပျိုဖျန်းလေးလို ရှက်ကိုးရှက်ကန်းဖြင့် အထစ်ထစ် အငေါ့ငေါ့ခေါ်လိုက်သည်။

www.burmeseclassic.com



"အစ်ကိုကြီး"

အကြည့်ချင်းဖလှယ်နေကြသည်မို့ သန်းစိန်အမေးကို မဖြေအားသေး။

"သီတာ့ကို အစ်ကိုကြီး သားသမီးတွေက လက်ခံပါ့မလား"

ချက်ချင်းပင် ပွဲဖြစ်နေ၍ အောင်သွယ်တော် ပွဲစား လာလုပ်သော ရာပြည့်ကိုပင် မေ့နေကြသည့်အဖြစ်။

"သူတို့လက်ခံဖို့ လက်မခံဖို့ထက် သီတာလေး လက်ခံဖို့ပဲ ကိုယ့်အတွက် အရေးကြီးတာပါ"

"အင်း အဲလိုမျိုး အလောတကြီးတော့ မဖြေပါရစေနဲ့ သီတာက မုဆိုးမ လက်ဟောင်းဆိုပေမယ့် အပျိုလိုပြန်ဖြစ်နေတာ ကြာပြီလေ၊ နည်းနည်းတော့ စဉ်းစားရဦးမှာပေါ့"

"ဒါပေါ့ စဉ်းစား စဉ်းစား မနက်ဖြန်မှ အစ်ကိုကြီးကို အဖြေပေးနော်၊ သီတာလေး အစ်ကိုကြီးကိုရွေးရင် သီတာလေး တစ်သက်စိတ်မဆင်းရဲစေရဘူး၊ အရာအားလုံး လိုတရဖြစ်စေရမယ်လို့ ကတိပေးတယ်"

"ဟယ် ယုံတယ် ယုံတယ် အမလေး အမေမယ်တော်တို့က လာဘ်တွေတင်ဝင်နိုင်းတာမဟုတ်ဘူး၊ စုတ်ပါဝင်နိုင်းနေတာပဲ အဟင်း ဟင်း"

မုဆိုးမတွေကို ချစ်တယ်လို့တောင် ပြောစရာမလို၊ အထုပ်ကလေး ပြလိုက်တာနဲ့ ရှစ်ဆယ်အရွယ်အဘိုးကြီးအား ဆယ့်ရှစ်နှစ်အရွယ်ကောင်လေးဟုများ ထင်သွားသလားမသိ။





ဦးအောင်မြတ်ကြီးတို့ ဈေးခေါ်ကောင်းလိုက်ပုံများ အားကျစရာပင် ကောင်းသေးတော့၏။

သွားမပါရင်နေ ကားပါရင်ပြီးရောဆိုသော စကားပုံက ဦးအောင်မြတ်အတွက်များ ရည်စူးလေသလား။

■ ■ ■

www.burmeseclassic.com

## အခန်း (၆)

အိမ်ရှေ့ ဝရန်တာတွင်ရပ်ပြီး ပန်းအိုးတွေ ရေလောင်းနေသော လသော်တာသည် စိတ်နှင့်လူနှင့် သိပ်မကပ်။ မနေ့က ရာပြည့်လုပ်ပုံက ကိုယ်နှင့်မပတ်သက်ချင်၍ အဝတ်ထုပ်ကို လှေကားခြေရင်းတွင် ပစ်ချသွားသည့်ကိစ္စ ခုချိန်ထိ ရင်ထဲမှာ မတင်မကျကြီး ဖြစ်၍နေသည်။

ဒီလူ ဘာသဘောနှင့် ခုလိုလုပ်ရပ်မျိုး လုပ်သွားရတာလဲဟူသော အတွေးစိတ်ကြီးက တခြားဘာအလုပ်မှ လုပ်၍မရလောက်အောင်ကို လွှမ်းမိုးနေသည်။

ပါးရိုက်မိသည့်ကိစ္စအတွက် မကျေနပ်၍ ခုလိုလုပ်သည်ဆိုလျှင်လည်း စကတည်းက လာမပို့ဘဲနေလို့ရသည်ပင်။

''သမီး ပန်းပင်တွေ ရေလောင်းနေရင်း ဘာတွေတွေးနေတာလဲ''





အိမ်ပေါက်ဝနားရောက်လာပြီးမေးသော မေမေ့အသံကြောင့် ရေပန်းခရားထဲမှ ရေတွေကို နှင်းဆီအိုးထဲ နှစ်လောင်းလိုက်ပြီး မလုံမလဲဖြင့် လှည့်ကြည့်လိုက်သည်။

''ဘာမှမတွေးပါဘူး မေမေရဲ့ နှင်းဆီပွင့်တွေ ခုတလော သိပ်မပွင့်လို့ စဉ်းစားနေတာပါ''

''ဒါနဲ့ မနေ့ကကိစ္စကိုရော ဖုန်းဆက်မေးပြီးပြီလား''

''ဘာကိုလဲ မေမေ''

''အကျီတွေကို လှေကားခြေရင်းမှာ ပစ်ချသွားတာကိုလေ''

''ဩော် မေးပြီးပြီမေမေ၊ မသန္တာရဲ့မောင် ဘာလို့ အဲလိုလုပ်သွားတာလဲဆိုတာကို သူလည်းမသိဘူးတဲ့''

''ဒီသူငယ် သိပ်ရိုင်းတာပဲ''

လူကြီးပီပီ ရိုင်းပျသော ရာပြည့်၏အပြုအမူကို မိခင်ဖြစ်သူ မကျေနပ်နိုင်သေး။

''ကဲပါ မေမေရယ် အဲဒီကိစ္စကို စိတ်ထဲထည့်မနေပါနဲ့တော့၊ မေမေ စိတ်ပင်ပန်းပါတယ်''

''အေးပါ ထည့်လည်းထည့်မနေတော့ပါဘူး၊ အပင်တွေ ရေလောင်းပြီးရင် ထမင်းစားကြမယ်''

''ဟုတ်ကဲ့ မေမေ''

မိခင်ဖြစ်သူ အိမ်ထဲပြန်ဝင်သွားတော့မှ လက်ကျန်ရေကို သစ်ခွအိုးတွေဖက် လောင်းချလိုက်ပြီး အကြည့်တွေက တိုက်အောက်သို့ ရောက်

www.burmeseclassic.com



သွားသည်။

"ဟင် ရာပြည့်"

လသော်တာ ရာပြည့်ကို မြင်လိုက်၍ အင်္ကျီချုပ်ခ လာယူတာဟု စိတ်ကထင်ကာ ရေပန်းခရားကိုချပြီး အိမ်ထဲဝင်ခဲ့လိုက်သည်။

ထမင်းစားခန်းထဲတွင် ထမင်းပွဲပြင်နေသော မေမေနှင့်တွေ့မည်စိုး၍ အင်္ကျီချုပ်ခ ပိုက်ဆံကိုယူကာ အိမ်ရှေ့သံပန်းတံခါးကို အဆင်သင့်ကြို၍ ဖွင့်ပေးလိုက်သည်။ လသော်တာပါ အခန်းဝတွင် ရပ်စောင့်နေလိုက်သည်။

"ဟင် ဒီလူ ဘာလို့ တက်မလာသေးတာလဲ"

ဆယ်မိနစ်ခန့် ရပ်စောင့်နေသည့်တိုင် ရာပြည့် တက်မလာသေး။

"သမီးရေ ထမင်းစားလို့ ရပြီဟေ့"

ထမင်းစားခန်းထဲတွင် ထမင်းပွဲပြင်နေသော မေမေနှင့်တွေ့မည်စိုး၍ အင်္ကျီချုပ်ခပိုက်ဆံကိုယူကာ အိမ်ရှေ့သံပန်းတံခါးကို အဆင်သင့်ကြို၍ ဖွင့်ပေးထားလိုက်သည်။ လသော်တာပါ အခန်းဝတွင် ရပ်စောင့်နေလိုက်သည်။

"ဟင် ဒီလူ ဘာလို့တက်မလာသေးတာလဲ"

ဆယ်မိနစ်ခန့် ရပ်စောင့်နေသည့်တိုင် ရာပြည့် တက်မလာသေး။

"သမီးရေ ထမင်းစားလို့ရပြီဟေ့"





ထမင်းစားခန်းထဲမှ မေမေ့ခေါ်သံကြောင့် သံပန်းတံခါးကို ဆွဲပိတ်ခဲ့ပြီး ထမင်းစားခန်းထဲ ဝင်ခဲ့လိုက်သည်။

ဒီလူ ဘယ်ကိုဝင်နေလို့ အခန်းပေါ် တက်မလာသေးတာလဲဟု ဇဝေဇဝါတွေးကာ ထမင်းကို စိတ်မပါတပါ စားနေလိုက်သည်။

အိမ်ရှေ့မှ လူခေါ်ဘဲလ်သံကိုလည်း နားစွင့်ရသေးသည်။

■ ■ ■

"မင်း နေလို့ကောင်းရဲ့လား"

အခန်းတံခါးဖွင့်ဖွင့်ချင်း ပေါ်လာသော ဖြူလွလွမျက်နှာလေးကို ကရုဏာသက်စွာ ကြည့်လိုက်ပြီး မေးလိုက်သည်။

"ကောင်းပါတယ် အစ်ကို၊ လာလေ ဝင်ပါ"

အစောကြီးကတည်းက ဝင်ချင်နေသည့် ခြေလှမ်းတွေ ဖိတ်ခေါ်လိုက်သည်နှင့် အိမ်ထဲကို ရောက်ပြီးသားပင်။

"အစ်ကို့ဖုန်း ကျန်ခဲ့တယ်၊ ဘယ်မှာနေမှန်းမသိလို့ လာမပေးတာပါ"

"ရပါတယ် ကိုယ်လာယူမှာပေါ့၊ ခတ်လိုက်ခံရတော့ ဘယ်လိုခံစားရလဲ"

"ဟင့်အင်း ပြန်ကိုမတွေးရဲဘူး။ အဲဒီနေ့က အစ်ကိုသာ မလာခင် မြသားတော့ သေမှာ အစ်ကိုရဲ့"

"နာမည်က မြသားတဲ့လား"

ထိုင်ပါဟု မပြောသေးဘဲနှင့် ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com



"မြသားသွင်ပါ အစ်ကို"

"နောက်တစ်ခါ ခေါင်းလျှော်ရင် အပူပေးစက်မသုံးပါနဲ့လား၊ အထူးသဖြင့် ရေစိုနေတဲ့ခန္ဓာကိုယ်နဲ့ မီးခလုပ်တွေ မီးပလပ်တွေကို ကိုင်တွယ်တာ အန္တရာယ်အရမ်းများတယ်"

တစ်ခါလေး ကူညီဖူးရုံနှင့် ဟိုးအရင်ကတည်းက ရင်းနှီးခဲ့သည့် မိတ်ဆွေတွေလို ပြောဆိုမိသဖြင့် ရာပြည့် အားနာသွားပြီး

"အဟဲ စေတနာနဲ့ ပြောတာနော်၊ ဆရာကြီးလုပ်တာတော့ မဟုတ်ဘူး"

"မြသား နာလည်ပါတယ် အစ်ကို၊ အမှန်အတိုင်း ပြောရမယ်ဆိုရင်လေ မြသားအသက်က မေမေတို့မွေးပေးတဲ့အသက်မရှိတော့ပါဘူး အစ်ကိုပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

ကျေးဇူးတွေ အကြိမ်ကြိမ်တင်နေသော မြသားသွင်ကို ကယ်တင်ရှင်ကြီး၏စေတနာအပြည့်ဖြင့်ကြည့်ကာ

"ဒီနေ့ မင်းကျောင်းမတက်ဘူးလား"

"ဟင့်အင်း မတက်ဘူး၊ အစ်ကိုလာမယ်ဆိုတာ ကြိုသိနေလို့လေ"

"အကြားအမြင်ရနေလို့လား"

"ဖုန်းကျန်ခဲ့မှတော့ အဲဖုန်းကို ယူဖို့ ဒီနေ့ကိန်းသေလာမှာပေါ့လို့"

"အဟဲ မင်းမဆိုးဘူး၊ အမှန်းတော်တယ်"





"မြသားက စိတ်ပညာကျောင်းသူလေ အစ်ကိုရဲ့"

"ဪ"

ဪဟုသာ ပြောပြီး ကောင်မလေး၏အခြယ်အသကင်းမဲ့သော မျက်နှာလှလှလေးကို သတိလက်လွတ်ငေးကြည့်မိသည်။ ပန်းပွင့်ဖြူလေးလို အပြစ်အနာအဆာမရှိသော မိန်းကလေးတစ်ယောက်က ဒီလို ကန်ထရိုက်တိုက်မှာ တစ်ယောက်ထဲနေရဲတာကို ရာပြည့် အံ့သြသည်။

"အစ်ကို ဘာသောက်မလဲဟင်"

"ဘာတိုက်ချင်လဲ"

"မြသားအိမ်မှာ ကော်ဖီပဲရှိတယ်လေ"

"အင်း ဒါဆိုရင် ကော်ဖီတိုက်မယ်လေ"

အနားမှထသွားသော မြသားသွင်၏ကျောပြင်ကို ငေးကြည့်ရင်း မြင်ကွင်းထဲမှ ပျောက်သွားမှ အကြည့်တွေကိုလွှဲကာ အိမ်ဧည့်ခန်းအပြင်အဆင်ကို ဘာရယ်မဟုတ် ဝေ့ကြည့်လိုက်သည်။

ပင့်ကူမျှင်တွေက စာအုပ်စင်နှင့် အိမ်ပြတင်းပေါက် တရုတ်ကပ်တွေကို ကြိုးတန်းတွေသဖွယ် ဆက်သွယ်ထားပြီး ကြမ်းခင်းပေါ်မှာလည်း စာအုပ်တွေ ကက်ဆက်တိတ်ခွေတွေ ဒိုင်ယာရီစာအုပ်တွေ ဖဲကြိုးဝါတွေက ပြန့်ကျဲလျက် ဖုန်တွေအလိမ်းလိမ်း တက်နေသည်။

မနေ့က ရေးကြီးသုတ်ပြာ ထူပူနေသည်မို့ ထိုမြင်ကွင်းတွေကို သတိမထားမိ၊ ခုမှ သတိထားမိပြီး ထိုင်နေရတာကိုပင် တွန့်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com



ဆက်တီစားပွဲပေါ်မှာ ဖုန်တွေလူးနေပုံများ၊ စာရေး၍ပင်ရသည်မို့ ထိုင်နေရာမှ ဖင်အသာကြွပြီး ကိုယ့်တင်ပါးကို ဖုန်တွေပေးသလားဟု အတွေးရောက်ပြီး လက်နှင့်သပ်ကြည့်သည်။

''အောင်မလေးဗျာ ဖုန်တွေကပ်နေပါလား''

ဒီမိန်းကလေး ဒီလောက်ဖုန်တွေထူတဲ့အထိ အိမ်သန့်ရှင်းရေး မလုပ်ဘူးလား။

အပြာရောင်နံရံဟုထင်ရသော နံရံသည်ပင် ဖုန်တွေကြောင့် ဝါကျင်ကျင်ပင်ဖြစ်နေသည်။

စိတ်ထဲတွင် ဖုန်နံ့ပင်ရလာသလိုလို အောက်သိုးသိုးအနံ့တို့ တိုးဝင်လာသည်မို့ နှာခေါင်းကိုအယောင်ယောင်အမှားမှား ပိတ်လိုက်မိသည်။

''ဘာနံ့နံ့လို့လဲ အစ်ကို''

ကော်ဖီခွက်ကိုင်ပြီး ထွက်လာသော မြသားသွင်မှာ ရာပြည့် နှာခေါင်းပိတ်ပြီး ဟိုကြည့်ဒီကြည့် ကြည့်နေသည်ကိုမြင်ကာ မေးလာသည်မို့ ရာပြည့် အမှန်အတိုင်းဖြေရမှာ အားနာသွားကာ

''ဩော် ဟို ဟိုလေ အီးပေါက်လိုက်မိလို့ အဟဲ အဲဒါကြောင့် နှာခေါင်းပိတ်လိုက်မိတာ''

ကိုယ်အရှက်ရသွားမှာက အကြောင်းမဟုတ်။ သူ့ကိုအထင်သေး ရာရောက်မသွားဖို့က အဓိကမဟုတ်လား။

မြသားသွင်ထံမှ ရယ်သံခပ်သဲ့သဲ့ ထွက်လာသည်။





''အခန်းက ဖုန်တွေနဲ့ မရှင်းလင်းတာကြာလို့ အောက်သိုးသိုး အနံ့ ထွက်နေတာမဟုတ်လား အစ်ကို''

ကိုယ့်စိတ်ကို ဖတ်တတ်သော မြသားသွင်၏အကဲခတ်တတ်မှု ပညာကို မချီးကျူးဘဲ မနေနိုင်။

''အဟဲ အဲ အဲလိုမျိုးတော့ မဟုတ်ပါဘူး''

''အားမနာပါနဲ့ အစ်ကိုရယ်၊ မြသားလည်း ဒီအိမ်တစ်အိမ်လုံး ကို သန့်ရှင်းရေးလုပ်ချင်နေတာ အစ်ကိုရဲ့၊ သန့်ရှင်းရေးလုပ်တဲ့အဒေါ် ကြီးက မလာဘူးလေ၊ အရှင်းဆုံးပြောရရင် အိမ်သန့်ရှင်းရေးအလုပ်တို့ ချက်ပြုတ်တဲ့အလုပ်တို့ကို မြသား မလုပ်တတ်ဘူး''

''ဒါဆိုရင် ဘယ်သူလုပ်လဲ''

''မြသားရဲ့အမေခေါ်ပေးထားတဲ့ အဒေါ်ကြီးက လာလုပ်ပေး တာလေ၊ ခု သူမလာလို့ အိမ်ကြီးက အဲလိုဖြစ်နေတာ အစ်ကိုရဲ့''

ညည်းညည်းညူညူလေး ပြောနေသော မြသားသွင်ကိုကြည့် ပြီး ကူညီချင်စိတ်တို့ တဖွားဖွားပေါ်လာကာ

''ဒါဆိုရင် နောက်ထပ် အိမ်အကူတစ်ယောက်ကို ရှာပေးရမ လား။ ကိုယ်တို့ရပ်ကွက်ထဲမှာ အိမ်အကူလုပ်တဲ့အိမ်တွေ ရှိတယ်၊ အချိန် ပိုင်းလုပ်တာပေါ့''

''ခေါ်တော့ ခေါ်ချင်ပါတယ် အစ်ကို၊ ဒါပေမဲ့ မေမေက သူစိမ်း တွေကို မြသားစိတ်ကြိုက်ခေါ်တာကို မကြိုက်ဘူး။ သူကိုယ်တိုင် ခေါ်ပေး တဲ့သူကိုမှ စိတ်ချတာ''

www.burmeseclassic.com



"ဩော် ဒါဆိုရင် မြသားအလုပ်တွေ ခုလောလောဆယ် ဘယ်သူလုပ်ပေးမလဲ"

"မြသားဟာသာ လုပ်နေရတယ်လေ၊ ဒီနေ့တော့ မြသားမအား လို့ မနက်ဖြန်တော့ ဒီအိမ်ကို သန့်ရှင်းရေးလုပ်ရတော့မယ်"

"မြသား တစ်ယောက်ထဲ လုပ်မှာလား"

"အင်းပေါ့"

"လုပ်နိုင်ပါ့မလား"

မြသားသွင်ဆိုတဲ့ ကောင်မလေးချောချောလေးရဲ့ ဖြူဖွေးနုဖတ် နေသော လက်ချောင်းသွယ်သွယ်လေးတွေက ဒီအိမ်တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်နိုင်ပါ့မလား။ ပင်ပန်းရှာတော့မှာပေါ့။

"အရင်ကတော့ မြသား တစ်ယောက်ထဲနေတာမို့ မလုပ်လည်း ရတယ်လေ၊ ခု မြသားဆီကို အစ်ကို ရောက်လာပြီဆိုတော့ အစ်ကို မြသားကို အထင်မသေးအောင် ကိုယ့်ဟာကိုယ် နိုင်သလောက်တော့ လုပ်ရမှာပေါ့"

ကိုယ့်ကိုအသိအမှတ်ပြုထားသော အမိပ္ပာယ်မျိုးမို့ ဒီအတိုင်း မသိကျိုးကျွံပြုပြီး နေ၍မရတော့။

"ဒါဆိုရင် ကိုယ်ပါလာပိုင်းကူမယ်လေ"

ရာပြည့်စကားကြောင့် မြသားသွင် မျက်လုံးရွှဲကြီးဖြင့် ဝင့်ကာ ကြည့်ပြီး

"အစ်ကို အားလို့လား"





"မနက်ဖြန် ရုံးပိတ်ရက်လေ၊ ဒါကြောင့် လာလို့ရတယ်"

မြသားသွင် မျက်နှာလေး ပျော်သလိုဖြစ်သွားပြီးမှ ရုတ်ချည်း ပြန်၍ ညှိုးသွားကာ

"ဒါဆိုရင် နောက်နေ့တွေ မလာဘူးပေါ့"

"နောက်နေ့တွေ ရုံးတက်ရတော့မှာလေ မြသားရဲ့"

"မြသားကလေ အစ်ကိုနဲ့မြသား သိခွင့်ရသွားလို့ စိတ်ထဲမှာ ကြိတ်ပြီးပျော်နေတာ၊ နို့မို့ဆို မြသားတစ်ယောက်ထဲ ပျင်းနေတာ"

ကလေးတစ်ယောက်နှယ် ရင်ဖွင့်နေသော မြသားကို ပျော်အောင် နှစ်သိမ့်ပေးချင်သည်မို့

"ရှေ့လျှောက် မပျင်းစေရဘူး သိလား ရုံးဆင်းရင် မြသားဆီကို လာမယ်လေ ပြီးမှပြန်မယ်"

ဒီတော့မှ မြသားမျက်နှာလေး ပြန်၍ ပြုံးရွှင်သွားကာ

"တကယ်လာမှာလား အစ်ကို"

"တကယ်ပေါ့ ကိုယ်က မြသားကို ညာစရာလား"

"အစ်ကို့ချစ်သူက မြသားဆီ အမြဲလာနေလို့ သဘောကျပါ့မလား"

ထိုမေးခွန်းသည် ရာပြည့်မှာ ချစ်သူမရှိဘူး ရှိတယ်ဆိုတာ သိရအောင် မေးလာသည့်မေးခွန်းမျိုးလည်း ဖြစ်နိုင်သည်မို့ ရာပြည့်ဖြေ ချင်လွန်းလို့ ပါးစပ်တွေယားကာ

"ဘယ်ကလာ ကိုယ့်မှာ ခုချိန်ထိ ချစ်သူကိုမရှိသေးဘူး၊ ဒါ

www.burmeseclassic.com



ကြောင့် မြသားဆီလာလို့ ကန့်ကွက်မယ့်သူ ရှိကိုမရှိသေးတာ''

''အစ်ကိုလို ရုပ်ချောတဲ့သူက ဒီအရွယ်ထိ ချစ်သူမရှိသေးဘူးဆိုတာ မယုံနိုင်စရာပဲ''

''တကယ်ပါ မှန်ရာပြော သစ္စာပါဗျာ၊ လုံးဝကို ချစ်သူမရှိသေးတာပါ။ ပြောရမယ်ဆိုရင် ခုအချိန်ကာလတွေကို ချစ်သူရှာဖွေနေတဲ့ကာလလို့တောင် သတ်မှတ်လို့ရတယ်''

မိန်းကလေးဘက်က မြောင်းအရာပေးနေသည်မို့ ရာပြည့်ကလည်း ရေလာဖို့အသင့်ဆိုတာကို ပြလိုက်ခြင်းဖြစ်သည်။

''ဒါဆို မြသားပိုင်းရှာပေးမယ်လေ မြသားတို့ကျောင်းမှာလေ အရမ်းချောတဲ့ စီနီယာမမတွေရော ဂျူနီယာညီမလေးတွေရော အများကြီးရှိတယ်''

''ကိုယ်က အဲလို အောင်သွယ်ပေးမှ တွေ့ပြီး ချစ်သူဘဝရောက်သွားတဲ့ပုံစံမျိုးကို ရင်မခုန်ချင်ဘူး။ မထင်မှတ်ဘဲဆုံပြီး ရင်ခုန်ရတဲ့မိန်းကလေးမျိုးကိုမှ ချစ်သူတော်ချင်တာ''

အရိပ်အမြွက် နည်းနည်းပြောလိုက်သော ရာပြည့်စကားကြောင့် မြသားထံမှ စကားတစ်ခွန်းမှ ထပ်ထွက်မလာတော့ဘဲ ငြိမ်သွားသည်။

ဒီနေ့တော့ ချစ်စကားပြောဖို့ ခြေဆင်းဝင်ပြီးပြီမို့ ဒီထက်ပိုပြီး ထိရောက်သော ချစ်သည်ဟူသည့်စကားကို ပြော၍မဖြစ်သေး။ အရမ်းအပေါ်စားဆန်သွားမည်စိုး၍လေ။

■ ■ ■

## အခန်း (၇)

''ဟင် ရာပြည့် လသော်တာဆီကို ရောက်လာပြီး အိမ်ပေါ်တက်မလာဘူး ဟုတ်လား''

''ဟုတ်တယ် မမသန့်၊ ညီမလည်း သူ့ကိုတိုက်အောက်မှာတက်လာတာတွေ့လိုက်တော့ အကျီချုပ်ခ ပေးလိုက်ဖို့ အိမ်တံခါးဖွင့်ပြီး ထွက်စောင့်နေတာ၊ လုံးဝရောက်မလာဘူး''

လသော်တာ စကားကြောင့် မမသန့် ဇဝေဇဝါဖြစ်နေသည်။ လသော်တာတို့အိမ်အနီးအနားပတ်ဝန်းကျင်တွင် ရာပြည့်၏အသိမိတ်ဆွေတစ်ယောက်မှမရှိတာ လုံးဝသေချာသည်။

သူ ဒီနေ့ အိမ်မှာမရှိတာတော့ သေချာတယ်။ ဘယ်သွားမယ်ဆိုတာကိုသာ သူ ပြောမသွားတာ။ ချစ်သူရည်းစားများ ရသွားလို့လား။ ဒါလည်းမဖြစ်နိုင်။ ခုချိန်ထိ ပေါတောတောနှင့် ကလေးဆန်ဆန်နေနေ

www.burmeseclassic.com



သော မောင်လေးဆီမှာ ကောင်မလေးတွေအကြောင်းပြောသည့် အရိပ်အယောင်မျိုး ပြောသည်ကိုလည်း မကြားခဲ့ဘူး။

ချစ်သူရှိဖို့နေနေသာသာ ချစ်စရာကောင်းပြီး ခေတ်ဆန်ဆန်နေတတ်သော လသော်တာကိုတော့ စိတ်ဝင်စားဟန်တစ်စက်ကလေးမှ မပြခဲ့။

"ဒီကောင်လေး ဘယ်သွားနေမှန်းလည်း မသိပါဘူးကွယ်၊ သူက ရပ်ကွက်ထဲကလူတွေရဲ့အကျိုးကိုလည်း ကိုယ့်ထမင်းကိုယ်စားပြီး လိုက်ကူညီပေးတတ်တဲ့သူဆိုတော့ မှန်းရခက်ပါတယ် လသော်တာရယ်"

"ရာပြည့် ရာပြည့်ရေ ရာပြည့်"

နှစ်ယောက်သား ရာပြည့်အကြောင်း ပြောနေရင်းမှ ရာပြည့်ကို ခေါ်နေသော သန်းစိန်အသံကြောင့် နှစ်ယောက်သားအိမ်ရှေ့ကို ကဲကြည့်လိုက်ကြသည်။

"ဩော် လာ သန်းစိန် ရာပြည့်တော့မရှိဘူး"

မမသန့် ခေါ်လိုက်သည်မို့ သန်းစိန် အိမ်ပေါ်သို့ ကန္တဲ့ကလေး တက်လာသည်။

"ရာပြည့် ဘယ်သွားလဲ မမသန့်"

"မသိပါဘူးဟယ် မိုးလင်းမျက်စိနှစ်လုံးပွင့်ကတည်းက ထွက်သွားလိုက်တာ ခုထိကို ပြန်မလာသေးဘူး။ ဒါနဲ့ သန်းစိန်ကရော ဘာကိစ္စလဲ"

"သူ့ကိုကျေးဇူးလာဆပ်တာ မနက်က သူ့ကြောင့် သန်းစိန်





ရတနာတွင်းတစ်တွင်းကို ပိုင်ဆိုင်ရတော့မှာ"

ထိပေါက်သူထက်ပင် ပျော်နေပုံပေါက်သော သန်းစိန်စကားကြောင့် မမသန့်နှင့်လသော်တာ အသံတိတ်အကြည့်ချင်းဆုံပြီး မသိမသာ ပြုံးလိုက်ကြသည်။

ကိုယ့်မောင်က ဘယ်လိုရတနာတွင်းမျိုးပိုင်အောင် ကူညီခဲ့လို့ပါလိမ့်။

သန်းစိန်လက်ထဲမှ အထုပ်တွေကို ဆက်တီစားပွဲပေါ်တင်လိုက်ပြီး မမသန့်ကို ကွမ်းချိုးတက်နေသော သွားတွေပေါ်အောင် ဖြီးခနဲရယ်ပြပြီး

"ဒါတွေက မမတို့မောင်နှမအတွက် အထူးစပါယ်ရှယ်လက်ဆောင်"

တစ်ခါမှ မပေးဘူးသော လက်ဆောင်တွေကြောင့် မမသန့်မျက်လုံးအဝိုင်းသားနှင့် ကြောင်စိစိ ကြည့်နေပြီး

"နေ နေပါဦး ဒီ ဒီလက်ဆောင်တွေကို လာပေးရလောက်အောင် ငါ့မောင်က ဘာတွေများ အကျိုးဆောင်ပေးခဲ့လို့လဲဟယ်"

ရာပြည့် ဘာလုပ်လုပ် မျက်ခုံးလှုပ်ရသူက မမသန့်ပင်ဖြစ်သည်။

"သန်းစိန်ရဲ့မှီအထပ်တစ်ရာတက်နေတဲ့ အိမ်ကမုဆိုးမလက်ဟောင်းကြီးကိုစွံအောင် သူလုပ်လိုက်တာလေ"

"အမလေး ဘုရားရေ ဖြစ်မှဖြစ်ရလေ"

သန်းစိန်စကားကြောင့် ရင်ဘတ်ဖိကာ အလန့်တကြား ဘုရား

www.burmeseclassic.com



ပင်တမိသည့်အဖြစ်။ ဒီမုဆိုးမ သီတာမြင့်ကို ရာပြည့်က ယူဖို့လား။ စိုးရိမ်စိတ်ကြောင့် လိုရာဆွဲတွေးပြီး ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ မျက်စိပျက်မျက်နှာပျက်ဖြင့် လသော်တာကို ရှက်ရွံ့စွာကြည့်ပြီး

"လသော်တာရေ ကိုယ်ကျိုးတော့ နည်းကုန်ပြီထင်ပါရဲ့ဟယ်၊ ဒီကောင်လေး မှန်းစရာရှားလို့ မုဆိုးမကိုများ မှန်းရလားလို့ ဟမ် လာပါစေ လာတော့မှ ပါးကိုဘယ်ပြန်ညာပြန်ကို ရိုက်ပစ်ဦးမယ်"

ဒေါသတကြီး ကြိမ်းဝါးနေသော မမသန့်ကိုကြည့်ပြီး ရင်ဘတ်ပြန်ဖိရသူက သန်းစိန်ပင်ဖြစ်သည်။

"အယ် မမသန့် ဘာတွေလျှောက်ပြောနေတာလဲ၊ ရာပြည့်က သန်းစိန်အစ်မနဲ့ ယူစရာလားလို့၊ ကိုယ်လိုရာတွေ ဆွဲတွေးပြီး ရုပ်ရှင်အောင် ဒေါသတွေထွက်နေပြန်ပြီ၊ သန်းစိန်အစ်မကိုလေ ရာပြည့်က ယူမယ်ဆိုရင်တောင် သန်းစိန့်ရင်ထဲကရာပြည့်ကို မသိတာနဲ့ သဘော မတူနိုင်ပါဘူးနော်"

ကိုယ့်မောင်ကို မတန်မရာ ကြိတ်ကြံနေသေးသော သိန်းစိန်ကို မျက်စောင်းရွယ်လိုက်ရင်း လသော်တာကို အရှက်ပြေကြည့်လိုက်သည်။

"ဒါဆိုလည်း စကားကိုရှင်းအောင်ပြောလေ သန်းစိန်ရယ်၊ ငါက ငါ့မောင်ကို ဒီရပ်ကွက်ထဲက မိန်းကလေးတွေနဲ့ တစ်ယောက်မှ သဘောတူတာမဟုတ်ဘူးနော်"

"အမလေး သိပါတယ် သိပါတယ်၊ ခုဟာကလည်း ရာပြည့်



အကျိုးဆောင်ပေးလို့ ကျောက်တွင်းသူဌေး ဦးအောင်မြတ်နဲ့ သန်းစိန်ရဲ့ အစ်မ သီတာတို့နှစ်ယောက် အိုကေသွားပြီလို့ လာပြောတာပါ၊ ဒါကြောင့် ကျေးဇူးတင်လွန်းလို့ လက်ဆောင်လာပေးတာပါတော်"

"ဟမ် အဲ အဲလိုလား"

မမသန့် စားပွဲပေါ်တင်ထားသောအထုပ်ထဲမှ ပစ္စည်းတွေကို မသိမသာ ကြည့်လိုက်သည်။ ကိုယ့်မောင်က ဘာတွေဖာတ်ရှုပ်ထားမှန်း သေချာမသိဘဲနဲ့ ဒီပစ္စည်းတွေကို လက်မခံရဲ။

"မမသန့် ရာပြည့်က အောင်သွယ်လည်းလုပ်တာပဲလား"

လသော်တာ အမေးကြောင့် မမသန့် ပျာပျာသလဲခြင်းကာ

"အို မဟုတ်တာ ဒီကောင်လေး ဘာတွေရှုပ်ရှုပ်ယှက်ယှက်လုပ်နေလဲကို မသိတာ၊ လသော်တာရေ ကဲ သန်းစိန် အခု ရာပြည့်လည်း မရှိဘူး၊ နင်လည်းပြန်တော့ ဒီလက်ဆောင်တွေလည်း ပြန်ယူသွား"

မမသန့် အတင်းနှင်ထုတ်နေသဖြင့် သန်းစိန် လသော်တာကို မနာလိုစွာ ကြည့်လိုက်ပြီး

"သူလေးက ဘယ်သူလဲ၊ ရာပြည့်ချစ်သူလားဟင်"

သန်းစိန် စပ်စုသည်။ သူက ရာပြည့်ကို ကြိတ်ကြိုက်နေလေတော့ လသော်တာကို မနာလိုဖြစ်နေသည့်ပုံစံဖြင့် မကြည်ကြည့်သည်။

မမသန့်ရွှဲပြီး

"ဟုတ်တယ်ပေါ့ ဒါ ငါ့စိတ်ကြိုက် ရွေးထားတဲ့ ယောက်မလောင်းလေး"

www.burmeseclassic.com



မမသန့်စကားကြောင့် လသော်တာ မျက်နှာပူ၍သွားသည်။ သန်းစိန် ထိုင်ရာမှ ဆတ်ခနဲ ထကာ

"အမလေး ဖြည်းဖြည်းလည်းပြောပါ မမသန့်ရယ်၊ သွားတွေလည်း ကျွတ်ထွက်ကုန်ပါဦးမယ်၊ ဟွန်း သွားမယ် သွားမယ် ဒီမှာဆက်နေရင် သန်းစိန်ရင်တွေ ပေါက်ကွဲထွက်တော့မယ်"

အခြောက်ပီပီ မရှက်မရွံ့ပြောကာ ကန့်ကလျဟန်ဖြင့် အထုပ်ဆွဲဆင်းသွားသော သန်းစိန်ကိုကြည့်ပြီး လသော်တာ တခစ်ခစ်ဖြင့် ရယ်လိုက်သည်။

ဒီအခြောက်မက ရာပြည့်ကို ကြိုက်နေသတဲ့။

ရပ်ကွက်ထဲက လူတွေအကြောင်းကို စီကာပတ်ကုံး ပြောပြနေသော မမသန့်စကားတွေကို လသော်တာ နားထောင်ရင်း ပြုံးလိုက်မဲ့လိုက်ဖြစ်နေစဉ်မှာပင်

အိမ်ပေါ်သို့ ရာပြည့်တက်လာသည်။ ရာပြည့်ကိုမြင်တော့ လသော်တာ မျက်နှာလေးမှာ ပို၍ ပြုံးယောင်သမ်းသွားပြီး စကားအရှိန်မသေသေးသော မမသန့်ကို မသိမသာလက်ကုတ်လိုက်သည်။

မမသန့် ရာပြည့်ကို မြင်သွားပြီး ပြောလက်စ စကားကို ရပ်ကာ

"ဟဲ့ ကိုယ်တော်ချော ခု ဘယ်ကပြန်လာတာလဲ"

"အပြင်ကလေ"

လသော်တာကို တစ်ချက်ငဲ့ကြည့်ပြီး ခပ်အေးအေးဖြေလိုက်





သည်။

"ရှင် ဒီနေ့ ကျွန်မဆီကို လာသေးလား"

လသော်တာ အမေးကြောင့် ရာပြည့်အကြည့်တွေ လသော်တာဆီ ရောက်လာပြီး

"မလာပါဘူး"

"ဒါပေမဲ့ ကျွန်မတို့ တိုက်အောက်ကနေ လှေကားပေါ်ကို တက်လာတာ ကျွန်မတွေ့လိုက်တယ်"

"ခင်ဗျား လူမှားတာဖြစ်မယ်"

"ဟင့်အင်း ပထမတော့ အဲလိုထင်လိုက်တယ်၊ ခုတော့ အဲလိုမထင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကိုယ်ပေါ်ကအင်္ကျီက သက်သေပြနေလို့ပဲ"

အတိအကျကြီး ပြောလာသောကြောင့် ရာပြည့် ငြင်းရခက်နေသည်။ သို့သော် မငြင်း၍လည်းမရ၊ မြသားသွင်နှင့်သွားတွေ့တာဟုလည်း မလိုအပ်ဘဲနှင့် အသိမပေးချင်။

"ဒါဆိုရင်လည်း အဲဒီအချိန်ကတည်းက ခေါ်လိုက်ပေါ့၊ ကျွန်တော်က အဲဒီနေရာကို ဒုတိယအကြိမ် ထပ်လာစရာကို အကြောင်းမရှိတာ"

ဘုဂလန့်ပြောလိုက်သော ရာပြည့်စကားကြောင့် လသော်တာ မျက်နှာအနည်းငယ် ပျက်သွားပေမယ့် အပြုံးမပျက်။

စတွေ့ကြကတည်းက ကိုယ်ကသာလျှင် သူ့အပေါ် အမှားကြီး

www.burmeseclassic.com



တစ်ခုကျူးလွန်လိုက်မိသည်ဆိုတော့ သူ့ဘက်က ဒီလောက်တော့ စိတ်ဆိုးနေခွင့်ရှိနေတာပဲ။

"ဟဲ့ ရာပြည့် ဒါ ငါ့ညီသည်နော် ယဉ်ယဉ်ကျေးကျေးဆက်ဆံ"

"အယ် ယဉ်ယဉ်ကျေးကျေးမဆက်ဆံလို့ ကျွန်တော်က မမညီသည်ကို ပါးရိုက်နေလို့လား"

မိန်းကလေးတစ်ယောက်လို ကက်ကက်လန်အောင် ရန်ပြန်တွေ့နေသော ရာပြည့်ပုံစံကိုကြည့်ပြီး မမသန့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"အယ် ဒီ ဒီကောင်လေး အခု ဘာတွေပြောနေတာလဲ စောင်းချိတ်ပြောနေတာတော့ မဟုတ်ပါဘူးနော်"

မမသန့်ပုံစံက လသော်တာကို တော်တော်လေး အားနာနေပုံရသည်။

"စောင်းပြောတာ မဟုတ်ဘူး ဒဲ့ပြောတာ"

"ဒီမှာ ရာပြည့် လူတိုင်းမှားတတ်ကြတာပဲ၊ မှန်ရာပြောသစ္စာတို့ဆိုတာ နှင့်လက်သုံးစကားပါ၊ အခု လသော်တာ နှင့်ကို တမင်ပါးရိုက်ချင်လို့မဟုတ်ဘဲ အထင်မှားပြီးရိုက်မိတာပါလို့ သူကိုယ်တိုင်ဝန်ခံပြီးတောင်းပန်တာတောင် နှင်က လူတိုင်းမှားတတ်ကြတာပါပဲလေဆိုပြီးတွေးပေးတယ် ခွင့်လွှတ်တတ်ရမှာပေါ့၊ ဟွန်း ယောကျ်ားတန်မဲ့ အငြိုးလာကြီးပြနေတယ်၊ ကြည့်လို့လည်း မကောင်းပဲနဲ့"





မမသန့်၏မဲ့ကာရွဲ့ကာ ပြောလိုက်သောစကားကြောင့် လသော်တာထံမှ ခိခနဲ ရယ်သံကြားလိုက်ရ၍ ရာပြည့်မျက်ခုံးနှစ်ဖက် ပင့်တက်ကာ

"ဒြော် မှတ်တောင်ထားရဦးမယ်၊ အငြိုးကြီးပါတယ်ဆိုမှ ကြည့်ကောင်းအောင်ကြီး ပြရမှာလား၊ ဟွန်း အမိပ္ပာယ်မရှိ တော်ပြီ တော်ပြီ၊ ပင်ပန်းလာတယ်၊ ထမင်းစားမယ် ထမင်းစားမယ်"

"ရာအိမ်မှူး ဦးမြမောင်ကို သွားတိုင်ပေးရဦးမယ်"

ရွဲ့မေးလိုက်သော အမေးကြောင့် ထမင်းစားခန်းထဲ ခြေဆောင့်ဝင်နေသော ခြေလှမ်းတွေ တုန့်သွားကာ

"အမ် ဘာလုပ်ဖို့သွားတိုင်မှာလဲ"

"နှင်ပဲ ထမင်းစားမယ်ဆို"

"ဟာ မမနော် မကြီးမငယ်နဲ့ လာနောက်နေသေးတယ်၊ တော်ပြီ တော်ပြီ ဒီနေရာကမြန်မြန်သွားမှ စက်ကွင်းကလွတ်မှာ"

ရှက်ကိုးရှက်ကန်း ခြေလှမ်းတွေဖြင့် ခပ်ဆောင့်ဆောင့် ဝင်သွားသော ရာပြည့်နောက်ကျောပြင်ကိုကြည့်ပြီး ရယ်လိုက်ကြသည်။

"ဟီး ဟီး ရပ်ကွက်အကျိုးဆောင်ကြီးလေ လသော်တာရဲ့၊ ဘစ်နေ့ တစ်နေ့ ရုံးသွားလိုက် လက်ဖက်ရည်ဆိုင်ထိုင် လေပန်းလိုက် နံ့ပိတ်ရက်ဆိုရင် လယ်ရာပြန်စားရေး လုပ်နေတာသာကြည့်တော့ ရုံးမှာလည်း ချက်ထိုး၊ ဂိမ်းဆော့နဲ့ လခအလကားယူနေတာ"

မကြားတကြားလေသံဖြင့် ဖောက်သည်ချပြနေသော မမသန့်

www.burmeseclassic.com



စကားတွေကို လသော်တာ နားထောင်ပြီး သဘောတွေကျနေသည်။

လသော်တာက ရာပြည့်လို ရှိုးသားပြီး ဟန်ဆောင်မှုကင်းသော ယောက်ျားမျိုးကိုမှ သဘောကျတတ်တာလေ။

■ ■ ■

## အခန်း (၈)

"ဟော့ကောင် ရာပြည့် ရာပြည့် မင်း ထွက်ခဲ့စမ်း မင်းကို ငါသတ်မယ်"

မနက်စောစောစီးစီး အော်ကြီးဟစ်ကျယ် ကျိန်းမောင်းနေသော အသံကြောင့် အိပ်ရာထက်မှ ငေါက်ခနဲ ထကာ ခုတင်ပေါ်မှ ခုန်ဆင်းပြီး အိပ်ရာအပြင်သို့ အိပ်မှုံစုံမွှား ထွက်လာလိုက်သည်။

ရာပြည့်လိုပင် မမသန့်လည်း မီးဖိုခန်းထဲမှ ဟင်းအိုးမွှေသော ဒုန်းခွက်ကြီးကိုင်ကာ ကပျာကယာ ပြေးထွက်လာသည်။

"ရာပြည့် ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ"

"သိဘူးလေ ကျွန်တော်လည်း ခုမှအိပ်ရာထဲက ထလာတာ"

မောင်နှမ နှစ်ယောက်စလုံး အိမ်အပြင်ဘက် ဝရန်တာသို့ အလောတကြီး ထွက်လာကြသည်။

www.burmeseclassic.com



"ဟင် ဦးအောင်မြတ်ရဲ့သားပါလား"

ဂုက်ကြီးတောင်ဓားကြီးကိုင်ပြီး ကြိမ်းမောင်းနေပုံက မနက်စောစောစီးစီး သွေးပျက်ချင်စရာ။

"ဟဲ့ ဓား ဓားကြီးနဲ့ရာပြည့်ရဲ့၊ နင်နဲ့ဘာဖြစ်ထားကြလို့လဲ၊ အမလေး ရာပြည့်တို့တော့ မွေပြန်ပြီဟယ်"

"ဟာ မမကလည်း ကျွန်တော် ဘာမွှေထားလို့လဲ၊ ဘာမှ မမွှေဘူး"

ဦးအောင်မြတ်သားဆိုတာ ဈေးထဲတွင် ရွှေဆိုင်ဖွင့်ထားပြီး သူ့ဟာသူ အေးအေးနေတတ်သူ။ ဒီလိုလူမျိုးက အိမ်ရှေ့လာပြီး ဓားကြိမ်းကြိမ်းတယ်ဆိုတော့ မမသန္တ သွေးမပျက်ဘဲနေလို့မရ။

"ကိုအောင်ထွဋ် ခင်ဗျား ဘာဖြစ်လာတာလဲ"

ပြဿနာတစ်ခုက မရည်ရွယ်တဲ့ ကိုယ့်ရှေ့ကို ဘုတ်ခနဲ ကျလာမှတော့ ကျော်ခွသွား၍ဖြစ်တာမှမဟုတ်တာ။

"ခင်ဗျားကြောင့် ကျုပ်အဖေ သေပြီဗျ သေပြီ"

"ဘာ"

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ဘယ်လိုမှ မယုံနိုင် တုန်လှုပ်သွားကာ

"ခင်ဗျား ဘာတွေလာပြောနေတာလဲ မနေ့ကပဲ သူနဲ့မသီတာ လက်ထပ်တယ်လေ"

"ဟုတ်တယ် အဲလိုလက်ထပ်ဖြစ်အောင် ခင်ဗျားအောင်သွယ်





ပေးခဲ့တာလေ၊ ခုတော့ ခုတော့ ကျုပ်အဖေ သူ့မင်္ဂလာဦးညမှာ အမောဆို့ပြီး နှလုံးရပ်သွားတယ် အဲဒါ ခင်ဗျားကြောင့် ခင်ဗျားကြောင့်"

"ဘာ နှလုံးရပ်ပြီး သေပြီဟုတ်လား၊ အဲ အဲဒါ ကျုပ်နဲ့ဘာဆိုင်သလဲ သူ့မယားကိုပြောလေ သူတို့ချင်း မတရားလောဘတက်ကြလို့ အမောဆို့တာပဲ"

စိတ်ထဲမှာ ဦးအောင်မြတ်အတွက် စိတ်မကောင်းအလွန်ဖြစ်မိပေမယ့် လတ်တလော ပြဿနာ၏မြားဦးက ကိုယ့်ဆီလှည့်နေပြီး ကိုယ်က တရားခံဖြစ်နေသည်မို့ မနိုင်နိုင်ရာတော့ ပြောရမှာပင်။

ဒီလူကြီး တစ်သက်လုံးစားရမယ့် အစာကို တစ်ညထဲနဲ့ စားပိုင်နိုင်အောင်စားမိလို့ ခုလို ဒုက္ခရောက်ရတာ အသိသာကြီး။ ဟိုမိန်းမသီတာကရော ကိုယ်ယူလိုက်သည့်ယောကျ်ား၏ခံနိုင်ရည် မှီအားကိုကြည့်ပြီးမှ တော်ရုံသင့်ရုံ ချစ်နှလန်ထပေါ့။ ခုတော့ လူကြားလို့မှမကောင်း မင်္ဂလာဦးညမှာ အမောဆို့ပြီးသေရသတဲ့လား။

"ဒီလိုဖြစ်အောင် ခင်ဗျားစခဲ့တာလေ၊ လာပါ ဆင်းခဲ့စမ်းပါ၊ ဟောဒီလက်ထဲက ဓားနဲ့ ခင်ဗျားလည်ပင်းကို တိခနဲ ဖြတ်ပြီး ကျုပ်အဖေကို တမလွန်မှာမိန်းမထပ်ရှာပေးလို့ရအောင် ခင်ဗျားကိုပါ အဖော်သည့်ပေးမှာ လာပါ"

ကိုအောင်ထွဋ်၏ ငိုသံပါကြီးဖြင့်အော်ကြီးဟစ်ကျယ် ပြောနေသံကြောင့် ရာအိမ်မှူးနှင့်လမ်းထဲမှလူတွေ ရောက်လာကြသည်။

"မောင်အောင်ထွဋ် ပြဿနာကို ဒေါသနဲ့မဖြေရှင်းပါနဲ့ကွာ၊

www.burmeseclassic.com



မင်းအဖေသေတာ သူ့ရောဂါနဲ့သူပါ၊ ရာပြည့်က ကိုယ်ထိလက်ရောက် သွားသတ်တာမှမဟုတ်တာ''

ရာအိမ်မှူးနှင့်လမ်းထဲမှ ကာလသားအချို့ ဝိုင်းဆွဲကြသည်။ ရာပြည့်ကတော့ ကိုယ့်ပယောဂ နှမ်းစေ့လောက်ပါသည်ဟု အမှန်ကိုသိပေမယ့် ကိုယ်ထိလက်ရောက်ကျူးလွန်သည့်အပြစ်သားမဟုတ်သည့်အတွက် ဒေါသကို ထုတ်မသုံး။

''ဟေ့ကောင် မင်းဆင်းလာခဲ့ပါ ဘာလဲ သွေးကြောင်တာလား လာစမ်းပါကွ၊ ငါ့အဖေ သူ့ဟာသူ သူ့မြေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေနေတာကို မင်းတို့လိုကောင်တွေရဲ့ ဘေးပယောဂကြောင့် မသေသင့်ဘဲ သေရတာကွ ဟီး''

ပြောရင်းဖြင့် အောင်ထွဋ် ဟီးခနဲ ငိုချလိုက်သည်။

''အဖေ အဖေရေ အဖေ့အပေါင်းအသင်းတွေက အဖေသေတာ သူတို့နဲ့မဆိုင်သလိုလုပ်နေကြပြီ၊ အဖေ့မိန်းမ မုဆိုးမသုံးထပ်ကွမ်းအဲ လေးထပ်ကွမ်းကြီးလည်း အဖေ့မိန်းမတစ်ညလောက်လုပ်လိုက်တာနဲ့ ပိုင်ဆိုင်မှုတွေ တစ်ဝက်ခွဲနေပြီဗျ၊ အဖေ့မှာ ဘာမှမကျန်ဘဲ လန်ကွတ်တီပဲ ကျန်တော့တာကို ဒီမိန်းမကြီးမသိဘူးဗျ''

အောင်ထွဋ် ဟီးချင်းချငိုနေတော့ ဘေးမှဝိုင်းဆွဲထားကြသော ရာအိမ်မှူးနှင့်ကာလသားအချို့လည်း ငိုမလိုမျက်နှာတွေဖြင့် စိတ်မကောင်းဖြစ်နေကြသည်။

''တရားနဲ့ဖြေပါ အောင်ထွဋ်ရာ၊ မင်းအဖေက အသက်ရှစ်ဆယ်





ကျော်မှ သူ့ဆန္ဒတွေပြည့်ပြည့်ဝဝ ခံစားပြီးမှ သေသွားတာမို့ သေရကျိုးနပ်သွားပါတယ်ကွာ''

ရာအိမ်မှူး ဦးမြမောင်လည်း ကြံဖန်ပြီး ဖြေသိမ့်ရတော့သည်။

''မင်းအဖေက ငါတို့နတ်ကတော် သန်းစိန်ကို ကျောက်အောင်ဘဲ့အတွက် လုပ်ငန်းအသစ်လုပ်မှာမို့ နတ်မေးမယ်ဆိုပြီး ငါ့ကိုခေါ်သွားခဲ့လေးပဲ၊ မယုံရင် သန်းစိန်ကိုမေးကြည့် မသိတာနဲ့ ငြိတာ ငါ့ပယောဂမပါဘူး၊ မှန်ရာပြောသစ္စာပါ အောင်ထွဋ်ရာ''

အောင်ထွဋ် ငိုငိုပြီးပြောနေတော့ ရာပြည့်လည်း မငိုရုံတမယ်ပင် သူ့ပယောဂမပါကြောင်း ခိုင်လုံသော အသိသက်သေတွေနှင့် ရှင်းပြရသည်။

''ဘာ ကျောက်အောင်တယ် ဟုတ်လား သူ သူငယ်ပြန်ပြီး လျှောက်ပြောနေတာကို ခင်ဗျားတို့အားလုံးယုံလား ဟမ် သူ ကျောက်အောင်တယ်ဆိုလို့ သူ့မျက်နှာပေါ်က ကျောက်ပေါက်မာတွေပဲရှိတယ်ဗျ ဟီး အဖေ အဖေရာ သေတာတောင် ကိုယ့်အရှက်ကိုယ်ခွဲ ကိုယ့်အထုပ်ကိုဖြည်ပြီး သေရလား၊ အဖေ့သမီးဆို ရှက်လွန်းလို့ တရားစခန်းဝင်သွားပြီဗျ အီး ဟီး အခု အဖေ့မိန်းမလေးထပ်ကွမ်း မုဆိုးမကြီးက ပိုင်ဆိုင်မှုတစ်ဝက်မရရင် ဒီအိမ်ပေါ်က မဆင်းဘူးဆိုပြီး ကျွန်တော့်ခုတင်ပေါ်အတင်းတက်ထိုင်နေပြီဗျ''

တမလွန်ရောက်သွားသော ဦးအောင်မြတ်ကြီးကတော့ သူ့သားပြောနေတာကို ကြားမကြားမသိ။ ရပ်ကွက်ထဲမှ ဝိုင်းဆွဲဝိုင်းကြည့်နေသူ

www.burmeseclassic.com



တွေကတော့ ငိုအားထက် ရယ်အားသန်ရမလိုပင်။

မမသန့်ဆို ရင်တမမနှင့် အောင်ထွဋ်ပြောသမျှကို နားထောင်ရင်း မျက်ရည်လေးက ကလယ်ကလယ်။

ကိုယ့်မောင်က သွားရှုပ်ထားတာကိုး။

■ ■ ■

အိမ်ရှေ့မှာ အောင်ထွဋ် သောင်းကျန်းပြီး သိပ်မကြာလိုက် တရားရိပ်သာမှ ပြန်လာသော အဖေနှင့်အမေ ရောက်လာသည်။

ရာပြည့် အပြစ်ရှိသူတစ်ယောက်လို ငြိမ်နေရသည်။

''ဒါက ဘယ်လိုဖြစ်တာလဲ ရာပြည့်၊ တရားရိပ်သာကနေ တရားတွေပိုက်ပြီး ပြန်လာတဲ့ အဖေနဲ့အမေ အရင်ဆုံး လမ်းထိပ်မှာ ကြားခဲ့ရတာက မင်းရဲ့အကြောင်း''

ရပ်ကွက်သတင်းက အမြဲတမ်း လတ်ဆတ်နေသည့်သဘော တရားမို့ မင်္ဂလာဦးညတွင် ကြင်စဦးဇနီးမောင်နှံ နှစ်ပါးသွားရင်း အမော ဆို့သေဆုံးရသည့် ပယောဂသည် ရာပြည့်ကြောင့်ဟူသော သတင်းက ချက်ချင်းဆိုသလို တစ်ရပ်ကွက်လုံး ပြန့်နှံ့သွားတာ ဆန်းမှမဆန်းတာ။

''ဟာ ဖေဖေကလည်း လူတွေ ထင်ရာမြင်ရာ ပြောနေကြတဲ့ သတင်းက ကျွန်တော်နဲ့ ဘာပတ်သက်စရာရှိလဲ၊ ဦးအောင်မြတ်ကြီးက သူ့ဟာသူ မိန်းမယူပြီးသေတာ ကျွန်တော်သတ်တာမှမဟုတ်တာ''

''ဟုတ် ဟုတ် မဟုတ်ဟုတ် မင်းသာ ဘာမှရှုပ်မထားရင် ဒီလို ဇာတ်ရှုပ်တွေက အဖေတို့အိမ်နဲ့လာပြီး ပတ်သက်စရာအကြောင်း





မရှိဘူး သား''

''ဖေဖေရယ် ကျွန်တော်က ပတ်ဝန်းကျင်နဲ့အလိုက်အထိုက် နေပေးရုံပါ၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာနေတတ် ရမယ်ဆို ဖေဖေပဲ ကျွန်တော့်ကို အဲလို သင်ပြခဲ့မထားပြီးတော့''

မြားဦးက ဖခင်ဘက်ကို ပြန်လှည့်ပေးလိုက်သည်။

''သား မင်းအဖေကို ပြန်ပြီး အပြစ်တင်နေတာလား၊ မေမေ ငြိမ်နားထောင်နေတာ အကောင်းမဟုတ်ဘူးနော်''

တစ်ချိန်လုံး ငြိမ်နားထောင်နေသော မေမေ ရာပြည့်စကားကို များသည်ဟု ယူဆပုံရသည်။ မျက်နှာခပ်တည်တည်ဖြင့် ဝင်၍ဟန့်သည်။

''မထူးပါဘူး မေမေရယ်၊ မေမေ့သား အဲလို ရှုပ်ရှုပ်ယှက်ယှက် တွေမလုပ်တော့အောင် အိမ်ထောင်ပြုပေးလိုက်ပါလား''

မမသန့် ဝင်၍ မြှောက်ပေးသည်။

''ဟာ မမ လျှောက်ပြောမနေနဲ့၊ မိန်းမယူဖို့နေနေသာသာ ချစ်သူတောင် ထားရသေးတာမဟုတ်ဘူး''

''အကြီးမကြီးပြောတာ မှန်တယ်၊ မေမေတို့လည်း ရည်ရွယ် ထားပြီးတဲ့သူရှိတယ်၊ ဒါကြောင့် သားကို အိမ်ထောင်ပြုပေးမယ်''

လူကြီးတွေများ သူတို့ဆန္ဒကို အကောင်အထည်ဖော်ချင်တာ နဲ့ ရာပြည့်အမှားတွေကို ထောက်ပြအကျပ်ကိုင်တာကိုတော့ စိတ်ထဲမှာ သိပ်ဘဝင်မကျ။

မိဘတွေ တရားရိပ်သာက ပြန်လာကာစမို့သာ အသာလေး

www.burmeseclassic.com



ငြိမ်နေလိုက်ရခြင်းဖြစ်သည်။

မမကိုတော့ မကျေနပ်သောအကြည့်ဖြင့် မသိမသာ ကြည့်လိုက်သည်။

သူ့ကျတော့ရော အပျိုကြီးဘဝနဲ့ အဆုံးသတ်မှာလား။

■ ■ ■

## အခန်း (၉)

မိဘတွေက မိန်းမပေးစားမည်ဟု အသိပေးလိုက်သည်နှင့် တကယ်တမ်း အိပ်မပျော်သူက ရာပြည့်ပါ။ ကိုယ်မချစ်သောမိန်းကလေးနှင့်ပေးစားတာ ခံရမည့်အတူတူ မြသားသွင်လို ကိုယ့်စိတ်ထဲနှစ်နှစ်ကာကာ အရေးပေးနေမိသော မိန်းကလေးမျိုးနှင့်ဆိုလျှင်တော့ အိမ်ထောင်ပြုဖို့ စိတ်ဝင်စားပါသည်။

တွေးရင်းဖြင့် မြသားသွင်၏အလှတရားတွေ မျက်လုံးထဲပြန်မြင်ကာ ရင်ထဲမှာ ဖိုးသိုးဖတ်သတ် ဖြစ်လာသည်။

ဝင်းပစ္ပနိုးလှဲ့နေသော အကြည့်စူးစူးတွေနှင့် အကြည့်ခံရတိုင်း ရာပြည့်ရင်မှာ ဂနာမငြိမ် ဖြစ်ခဲ့ရတာ အကြိမ်ကြိမ်ပင်ဖြစ်သည်။ နီထွေးထွေး နှုတ်ခမ်းဖူးဖူးလေးကလည်း နှင်းဆီဖူးငုံလေးလို ဖိကပ်နမ်းရှိုက်ချင်စရာ။

www.burmeseclassic.com



သက်မတွေအခါခါချရင်း ဘေးမှ ဖက်လုံးကို အားရပါးရဖက်ကာ မျက်လုံးကို စုံမှိတ်၍ စိတ်အာရုံတွေကို မြသားသွင်၏အလှတရားတွေကို ပြန်လည်ပုံဖော် ရှုမြင်ခိုင်းလိုက်သည်။

ထိုညသည် ရင်ဘတ်ထဲက ရင်ခုန်သံတွေ လျှံထွက်လွှမ်းမိုးသောညဟု ယိုးစွပ်၍ရသည်။

ထိုစဉ် ဖုန်းမက်ဆေ့ချ်ဝင်လာသည်။ မျက်လုံးတို့ ဖွင့်ကြည့်ကာ

"ကျွတ် ဒီအချိန်ကြီး ဘယ်ကောင် မက်ဆေ့ချ်ပို့နေရတာတုန်း"

ရုံးမှ သူငယ်ချင်းတွေများလားဟူသော အတွေးဖြင့် ဖုန်းမက်ဆေ့ချ်ဘောက်စ်ကို ဖွင့်လိုက်သည်။

"အစ်ကို အိပ်ပြီလား"

တိုတောင်းသော စာတန်းလေးဖြစ်ပေမယ့် ရင်းနှီးနွေးထွေးမှုတွေ ပါဝင်နေသည်မို့ ရာပြည့် ပြုံးလိုက်ပြီး စာပြန်ပို့လိုက်သည်။

"မအိပ်သေးဘူး"

ကိုယ် ရိုက်ထည့်လိုက်သောစာကို ပို့လိုက်သည်နှင့် သူ့ဘက်ကလည်း စာပြန်ပို့သည်။

"မြသားအကြောင်းတွေ စဉ်းစားနေတာမဟုတ်လား"

မြသား ပို့လိုက်သောစာကို ဖတ်ပြီး ရာပြည့် ပြုံးလိုက်သည်။

"မြသားက ကိုယ့်ရင်ဘတ်ထဲကို ထိုးဖောက်မြင်နိုင်တာပဲ ဟုတ်တယ်၊ မြသားအကြောင်း စဉ်းစားပြီး ခုချက်ချင်းတောင် ပြေးလာချင်တာ"





စာအရှည်ကြီးရိုက်ပြီး ပြန်ပို့လိုက်သည်။

"ဒါဆိုရင် လာခဲ့ပါလား၊ မြသားလည်း တစ်ယောက်ထဲ ပျင်းနေတာ၊ အစ်ကိုသာလာရင် မြသား အရမ်းပျော်မှာ"

ရေတောင်မသွားရသေးဘူး မြောင်းကပေးနေပြီမို့ ရာပြည့်ခုတင်ထက်မှထကာ သွားသင့်မသွားသင့် ဝေခွဲမရ ဖြစ်၍နေသည်။ ဒီအချိန်ဟာ ယောကျ်ားနှင့်မိန်းမ လွတ်လပ်စွာ စိတ်ဖောက်ပြန်ခွင့်အကောင်းဆုံးအချိန်။ နောက်ပြီး စိတ်ကွယ်ရာအရပ်မှာ တွေ့ကြမှာ။

ရင်ထဲက ဆန္ဒတွေကို တံတွေးနှင့်အတူ ဂလုခနဲ မျိုချပြီး ခုတင်ထက်မှာ ပြန်ထိုင်လိုက်သည်။

"သွားလို့ မကောင်းဘူးထင်တယ်"

ပါးစပ်ကသာ သွားလို့မကောင်းဘူးဟု တတွတ်တွတ် ပြောနေပေမယ့် ခြေလှမ်းတွေက အိမ်အပြင်ကို လှမ်းချင်နေပြီ။

ဒီအချိန်ကြီးကျမှ အပြင်ထွက်ပြန်ရင်လည်း အဖေတို့အမေတို့အဆူခံရဦးမယ်။ ထိုစဉ် မက်ဆေ့ချ် ထပ်ဝင်လာပြန်သည်။

"အစ်ကို့မိဘတွေ ဆူမှာကြောက်လို့လား၊ မကြောက်ပါနဲ့ အစ်ကိုရယ် မြသားတစ်ယောက်ထဲ ကြောက်လို့ပါ လာခဲ့ပါနော်"

"ဟာ သွားချင်လိုက်တာမှ အူကိုယားနေတာပဲ၊ ကျွတ် ဘယ်လိုလုပ်ရပါ့မလဲ"

ထပ်ဝင်လာသော မက်ဆေ့ချ်က ရာပြည့်စိတ်တွေကို ပိုပြီးမရိုးမရွဖြစ်စေကာ နောက်ဆုံးတော့ စိတ်ကိုလုံးဝပိုင်းဖြတ်လိုက်သည်။

www.burmeseclassic.com



"သွားမယ် သွားကိုသွားမယ် ဒီအချိန် ကားမရှိလည်း စက်ဘီးနဲ့သွားမယ်၊ ဟားဟ ဒီညတော့ မြသားနဲ့အတူ ကြယ်တွေကိုအတူထိုင်ရေတွက်မယ်၊ ပြီးရင် မြသားပေါင်ပေါ်မှာ ခေါင်းအုံးပြီး မေးမယ်"

အတွေးနဲ့တင် စိတ်ကူးလေးတွေက ရိုမန့်ဆန်လာသည်မို့ ထပ်ပြီးတွေဝေမနေတော့ဘဲ အခန်းအပြင်ကို သုတ်ခနဲ ထွက်လာလိုက်သည်။

ခြေလှမ်းတွေကို ဖော့ကာ တောက်ပြား ခြေလှမ်းဖြင့် ညမီးရောင်မှိန်မှိန်အောက်မှာ စက်ဘီးသော့ချိတ်ထားရာသို့ လျှောက်သွားလိုက်သည်။

"အဟမ်း အဟမ်း"

ရုတ်တရက် အဖေ အိပ်ခန်းတံခါးဖွင့်ကာ ချောင်းဟန့်သံနှင့်အတူ ထွက်လာပြီး မီးခလုပ်ကို ဖျောက်ခနဲ ဖွင့်လိုက်သည်။

"ဟာ ဒုက္ခပဲ"

မီးရောင်အောက်မှာ ဘွင်းခနဲ ရှင်းခနဲ မြင်ရမည့် ကိုယ့်ခန္ဓာကိုပုန်းချိန်မရလိုက်။ ဒီတော့ မတ်တပ်အိပ်ပျော်နေသည့် ပုံစံဖမ်းကာမျက်လုံးကိုစုံမှိတ်ပြီး မျက်ကန်းလမ်းလျှောက်စတိုင် ထွင်လိုက်သည်။

အပေါက် အဖေ့အမြင်မှာ ရာပြည့် ညဥ့်သန်းခေါင် အိပ်ရာထဲကနေ ယောင်ပြီး လမ်းလျှောက်နေတယ်ပေါ့။

"ဟင် ဟော့ကောင် ရာပြည့်"

အဖေ့ထံမှ တအံ့တဩ ခေါ်သံကြားပေမယ့် ရာပြည့်မထူးဆက်လျှောက်မြဲလျှောက်နေလိုက်သည်။





"ဟာ ဒီကောင် အပများမှီနေသလားဟ"

"အစ်ကို ဘာဖြစ်လို့လဲ"

အမေပါ အိပ်ခန်းထဲက ထွက်လာပြီး အထိတ်တလန့် မေးသည်။ ခပ်တောင့်တောင့် လျှောက်နေရင်းမှ ဒီအဖေနဲ့ဒီအမေ ဒီအချိန်ထိတောင် မအိပ်သေးဘဲ ဘာလုပ်နေကြတာလဲဟု အဆစ်တွေးလိုက်သေးသည်။

"ဒီမှာ မင်းသား အမှောင်ထဲမှာ တစ်ယောက်ထဲ လမ်းလျှောက်နေတယ်၊ ငါ ခေါ်တာကို ထူးလည်းမထူးဘူး၊ လှည့်လည်းမကြည့်ဘူးကွ"

"ဟော့တော် ဒါ ဘာဖြစ်တာလဲ"

ရာပြည့် အိပ်မောကျနေဟန်ဖြင့် ဟောက်သံပါပေးလိုက်သေးသည်။ ပြီးနောက် မျက်လုံးကို မသိမသာလေးဖွင့်ပြီး အခန်းဘက်သို့ ခပ်တောင့်တောင့် ကိုယ်နေဟန်ဖြင့် ပြန်လှည့်ပြီး လျှောက်လိုက်သည်။

"အံမယ် အံမယ် လက်နှစ်ဖက်ရှေ့ဆန့်ပြီး ခုန်ဆွခုန်ဆွသာသွားရင် မင်းသား တရုတ်ကားထဲက သရဲအတိုင်းပဲ"

"ဩော် တော်ကလည်းရှင် ညကြီးသန်းခေါင် ဘာတွေပြောနေတာတုန်း၊ ကျွန်မသား ဘာဖြစ်နေတာလဲဆိုတာကို သိဖို့ ပိုအရေးကြီးတယ်"

"ဟော ဟော သူ့အခန်းထဲ ပြန်ဝင်သွားပြီ၊ ပြန်ဝင်သွားပြီ"

အဖေနှင့်အမေ အနောက်မှ လိုက်ကြည့်ကြမှန်း ရာပြည့်သိနေသည်မို့ ခုတင်ရှိရာဘက်သို့ လျှောက်သွားပြီး ခုတင်ပေါ်သို့ ခပ်တည်

www.burmeseclassic.com



တည်ဖြင့် ပြန်တက်ပြီး စောင်ပုံထဲ လှဲချလိုက်သည်။

"ဟော့တော် ဟောက်များတောင် ဟောက်လိုက်သေးပါလား"

"မိန်းမ သေချာတယ်၊ မင့်သား ယောင်ပြီး လမ်းထလျှောက်တာကွ"

သူတို့ဟာ သူတို့ထင်မြင်ချက်တွေပေးပြီး ခပ်ကြိတ်ကြိတ် ရယ်နေသော အဖေနှင့်အမေယုံအောင် တော်တော်လေး အိပ်မောကျဟန်ဖြင့် ဟောက်သံကို အရှိန်ထပ်မြှင့်လိုက်သည်။ အဆစ်အနေနှင့် ခန္ဓာကိုယ်ကို ဘယ်ညာလှည့်ပြီး သွားပါ ကြိတ်ပြလိုက်သည်။

သိပ်မကြာလိုက် အဖေနှင့်အမေ ရာပြည့်ကို စောင်သေချာခြုံပေးပြီး အခန်းထဲမှ ပြန်ထွက်သွားကြသည်။

ရာပြည့်မျက်လုံးဖွင့်ကြည့်လိုက်သည်။ ခိုးကြောင်ခိုးဝှက်လုပ်သည့်အလုပ်ကို ရာပြည့် မကျွမ်းကျင်သေး၍ ဒီတစ်ညတော့ ဆန္ဒတွေကို ဂလုခနဲ မျိုချထားမှရတော့မည်။

မြသားရေ ဒီတစ်ညတော့ အထီးကျန်လက်စနဲ့ ဆက်ပြီး အထီးကျန်လိုက်ပါဦး။ နောက်နေ့တွေဆိုရင် မင်းအထီးမကျန်စေရတော့ပါဘူး။

■ ■ ■

"ဟေ့သား မင်းညက လမ်းလျှောက်ရင်းအိပ်ရတာ ဘယ်လိုနေလဲ"

ညကကိစ္စကို အဖေက ပြန်၍ အစဖော်နေသည်မို့ ဘာမှမသိသည့်အမူအရာဖြင့် အဖေ့ကိုပြူးကြည့်လိုက်သည်။





"ဗျာ အဖေ ဘာပြောတာလဲ"

"မင်းညက လမ်းလျှောက်တာလေ"

"ဟာ အဖေကလည်း ကျွန်တော်က ဘယ်ကိုလမ်းလျှောက်ရမှာလဲ၊ ညကတည်းက အိပ်လိုက်တာ ခုမနက်မိုးလင်းတဲ့အထိ တစ်ရေးပဲ"

မင်သေသေဖြင့် အဖေ့ကိုပြန်၍ နှိုးလိုက်သည်။ အမေနှင့်မမသန့် ထမင်းကြော်ပန်းကန်တွေသယ်ပြီး ထမင်းစားဝိုင်းသို့ ဝင်လာသည်။

"နင် ဘယ်ကအကျင့်ကောင်းတွေ တတ်လာပြန်ပြီလဲ ရာပြည့်"

အမြဲတမ်း ဆေးထိုးဖို့ချောင်းနေတာ အစ်မကို ဘာတွေပြောနေတာလဲဟူသောအကြည့်ဖြင့် လှည့်ကြည့်ပြီး

"ကျွန်တော်က ဘယ်လိုအတတ်ကောင်းတွေ တတ်လာတယ်ထင်လို့လဲ"

"နင်ညက အိပ်နေရင်းယောင်ပြီး လမ်းထလျှောက်တယ်လေ၊ အမေပြောပြလို့ ငါသိပြီးပြီ"

"ဟာ မဟုတ်တာ"

ဘူးငြင်းလိုက်သည်။

"ဟုတ်တယ် သားရဲ့၊ ညက မင်းအဖေ အိမ်သာထသွားရင်း ခင်းယောင်ပြီး လမ်းထလျှောက်တာကိုမြင်သွားတာ၊ အမေတောင်မှ ခင်းအဖေအသံကြားလို့ ထွက်ကြည့်ရင်း မြင်လိုက်တာ၊ တစ်သက်နဲ့တစ်ကိုယ် အိပ်ပျော်နေရင်း ယောင်ပြီး လမ်းထလျှောက်တဲ့သူမျိုး မမြင်ဖူးခဲ့ဘူးကွယ်"

www.burmeseclassic.com



"ဟင် ကျွန်တော်က ညတုန်းက ယောင်ပြီး လမ်းလျှောက်တယ် ဟုတ်လား မေမေ"

"ဟုတ်ပါ့ကွယ်"

"ဟာ ကျွန်တော် အဲဒီယောင်တတ်တဲ့အကျင့်ကြီးက ဘယ်လို ဝင်လာသလဲဗျာ"

စိတ်ပျက်လက်ပျက်ညည်းညူပြီး မမ ကမ်းပေးသော ထမင်း ကြော်ကို ပလုပ်ပလောင်း စားလိုက်သည်။

ဒီပုံအတိုင်းဆို ဖေဖေ မေမေနှင့်မမကို ယောင်ပြီးလမ်းလျှောက် တတ်သောအကျင့်နှင့် ကိုင်ပေါက်လို့ရပြီ။

"မေမေ ကျွန်တော့်မှာ အဲဒီအကျင့်ရှိတာကို ဘယ်သူ့ကိုမှ မပြောပါနဲ့နော်၊ ကျွန်တော် ရှက်လို့ပါဗျာ"

"ဪ သားရယ် ကိုယ့်သားရဲ့အားနည်းချက်ကို မိဘတွေက လူတကာ လျှောက်ပြောစရာလားလို့"

"ဒီအကျင့်ကြီးက မိန်းမယူပြီးတဲ့အထိ ပါသွားရင်တော့ မ ကောင်းဘူးနော် သား"

သားသမီး၏ရေ့ရေးအတွက် ကြိုမြင်ပြီး စိတ်ပူနေသော ဖေဖေ့ စကားကြောင့် ရာပြည့် ဝါးလက်စထမင်းကြော်ကို ကမန်းကတန်း မျိုချ လျက်

"သားကို မိန်းမအရင်ပေးစားမယ့်အတူတူ မမကို အရင် ယောက်ျားပေးစားလိုက်ပါ၊ နောက်ကားကျော်တက်လို့ မကောင်းပါဘူး





ဗျာ"

"ဟဲ့ နင် ငါ့ကိုပြန်ပြီး ဆေးမထိုးနဲ့နော်၊ ငါယောက်ျားယူလိုက် ရင် ဖေဖေနဲ့မေမေကိုရော နင့်ကိုရော ဘယ်သူထမင်းဟင်း ချက်ကျွေး မလဲ"

မျက်စောင်းထိုးကာ ပြောလာသော မမကို ပြုံးဖြီးဖြီးနှင့်ကြည့် ရင်း

"မမယောက်ျားကို ချက်ကျွေးနိုင်းပေါ့လို့၊ ယောက္ခမရှိသေ အသက်ရှည်တဲ့၊ အဲ စကားပုံ မကြားဖူးဘူးလား"

"အံမယ် အံမယ် တွေ့လား မေမေ သူချက်ကျွေးမှာပေါ့ဆိုတဲ့ စကားကိုမပြောဘူး၊ ဟွန်း နင်သာ မိန်းမယူပြီး နင့်မိန်းမကို ဒီအိမ်ရဲ့ ဝေယျာဝစ္စတွေလုပ်နိုင်းရမှာဟဲ့ နားလည်လား"

"ဟား ဟ ကျွန်တော်က သူဌေးသမီးကိုယူမယ့်ဇာတာမို့ ကျွန်တော်ယူမယ့်မိန်းမက အိမ်အလုပ်တွေကို တစ်ခုမှလုပ်တတ်မှာမဟုတ် ဘူး၊ ဒါကြောင့် အိမ်အကူဆယ်ယောက်လောက်တော့ ငှားပေးနိုင်တယ်"

မောင်နှမနှစ်ယောက် အခြေအတင်ပြောနေကြခြင်းကို ဖေဖေ နှင့်မေမေ အေးချမ်းသောအပြုံးကိုယ်စီဖြင့် နားထောင်နေကြရင်း

"ကဲပါ သားရယ် အစ်မကို မခံချင်အောင် စနေတယ်၊ စိတ်ချ မေမေတို့က မင်းမမကို အရင်ဆုံး အိမ်ထောင်ချပေးမှာပါ၊ လူကြီးချင်း သည်း ဟိုးအရင်ကတည်းက ပြောထားဆိုထားပြီးသားမို့ လူငယ်ချင်းတွေ့ ကြဆိုကြဖို့ပဲရှိတော့တယ်"

www.burmeseclassic.com



“ဝါး တ တကယ်လား မေမေ”

ပလုပ်ပလောင်းအသံကြီးဖြင့် ဝမ်းသာပြနေသော ရာပြည့်ကို ကြည့်ပြီး ခင်သန့်စင် ရှက်ကိုးရှက်ကန်း ပြုံးသည်။ ဖခင်ဖြစ်သူက ရာပြည့်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ကာ

“ဩော် ဩော် အစ်မကိုလင်ပေးစားမှာမို့ ပျော်တဲ့မောင် ဒီ တစ်ယောက်ပဲ တွေ့ဖူးသေးတယ်၊ အမေကြီးရေ မင်းသား သူ့အစ်မ လင်ရတော့မှာမို့ ထတောင်ကတော့မယ်ထင်တယ်”

ဖခင်စကားကြောင့် ရာပြည့် တဟားဟား ရယ်ရင်း

“ကသင့်ရင် ကရမှာပဲ ဖေဖေရေ၊ ဒီတစ်သက် လင်မရတော့ ဘူးလို့ ထင်ထားတဲ့ ကျွန်တော့်အစ်မကို သားသမီးတွေ စပျစ်သီးတစ်ခိုင် စာလောက်မွေးမယ့်အရေး ဘယ်မပျော်ပဲရှိမလဲ”

“အမလေး ဘုရားရေ သားသမီးမွေးတာတောင် စပျစ်သီး တစ်ခိုင်စာလောက်မွေးရမယ် ဟုတ်လား၊ နင်မို့မညှာမတာဟယ်၊ နင် မိန်းမယူတော့မှ နင့်မိန်းမကိုလေ တစ်ပြိုင်နက်ထဲ ထန်းသီးနှစ်ခိုင်စာ လောက် မွေးခိုင်း သိလား”

“မွေးခိုင်းမှာ စိတ်ချ၊ ကျွန်တော့်မိန်းမသာ အဲလိုမွေးရင် ကျွန်တော်က ဘောလုံးအသင်းထောင်စားဦးမှာ၊ မယုံမရှိနဲ့၊ ဒီခေတ် ဘောလုံးသမားတွေက စားသာတယ်ဗျ၊ နိုင်ငံတော်က မြှောက်စားထား လို့ ကားယူမလား တိုက်ယူမလား လိုချင်တာ အကုန်ရမှာ”

အားမကျမခံ သူနိုင်ကိုယ်နိုင် ပြောနေကြသော သားနှင့်သမီး





ကိုကြည့်ပြီး ဖေဖေနှင့်မေမေ ပီတိအပြုံးကိုယ်စီနှင့်

“ကဲပါ ရာပြည့်ရယ် ဖြည်းဖြည်းစားပြီး ဖြည်းဖြည်းပြောပါ၊ တော်ကြာ နင်ပြီးသေသွားလို့ ဘောလုံးအသင်းထောင်မယ့် ငါ့မြေးလေး တွေကို မချီလိုက်ရဘဲနေပါဦးမယ်ကွာ”

ဖေဖေပြောလည်းပြော ရယ်လည်းရယ်၊ တကယ်လည်း ဖေဖေ နှင့်မေမေ မြေးရှူးနေကြတာ ရာပြည့်မသိဘဲနေမလား။

စိတ်ချ ဖေဖေ မြသားကိုလက်ထပ်ပြီး ချစ်စရာကောင်းတဲ့ မြေးလေးတွေ အများကြီး မွေးပေးမှာပါ။

■ ■ ■

ရုံးမသွားခင် မြသားဆီ အရင်ဝင်ရမှာမို့ ခြေလှမ်းတွေက အိမ်က ထွက်ကတည်းက တက်ကြွနေသည်။

ညကမသွားဖြစ်လို့ မြသားများစိတ်ကောက်နေမလားဟု ကြံဖန် ပြီးတွေးပူနေမိသေးသည်။

“ဟဲ့ ရာပြည့် နေပါဦး နေပါဦး”

သန်းစိန်နှင့်မသိတာ ရာပြည့်ကို အမိလိုက်လာသည်။

“ဘာလဲဟ ငါရုံးနောက်ကျမယ်”

“အေးပါ နေပါဦး ပြောစရာရှိလို့”

“ဘာပြောမှာလဲ ဦးအောင်မြတ်သေတာ ငါနဲ့ဘာမှမဆိုင်ဘူးနော် သန်းစိန်၊ နင်လည်း အဲဒါပြောမယ်ဆိုရင် ငါ့လက်သီးက နင့်ပါးပေါ်ရောက် ။”

www.burmeseclassic.com



သူ့အစ်မ လေးထပ်ကွမ်းမှုဆိုးမဖြစ်ရတာ ကိုယ့်ကြောင့်ဟု စွပ်စွဲလာမည်စိုး၍ ကြိုပြီးဟောက်စားလုပ်လိုက်သည်။ မသီတာက

“ဩော် နင်ကလည်း အစ်မတို့က အဲလောက်မသေးသိမ်ပါဘူး ဟယ်၊ ဒါပေမဲ့ သူ့သားနဲ့သမီးတွေက သိပ်ပြီးလူပါးဝတယ်၊ သူ့အဖေ သေရတာ ငါ့ကြောင့်ဆိုပြီးတော့ ငါ့ကိုအိမ်ပေါ်ကနှင်ချတယ်လေ၊ ငါ့မှာ သူ့အဖေကြောင့်လေးထပ်ကွမ်းမှုဆိုးမလည်း ဖြစ်ရသေးတယ်”

“နှင်ချရင် ဆင်းလိုက်ပေါ့ဟ ရှင်းရှင်းလေး”

“အို ဆင်းစရာလားလို့ အဘိုးကြီးနဲ့ငါ့အစ်မက ရပ်ကွက်ရုံးမှာ တရားဝင်လက်မှတ်ထိုးထားတဲ့ လင်မယားတွေ၊ ဒီတော့ အဲဒီအိမ်ကြီးပေါ်က ဆင်းစရာလား၊ နောက်ပြီးကျောက်တွင်းက ကျောက်အောင်ထားတဲ့ အကျိုးအမြတ်တွေ အားလုံးကို ဒင်းတို့က လက်ဝါးကြီးအုပ်ထားပြီး ဘာကျောက်တွင်းမှမရှိဘူး၊ ဘာကျောက်မှလည်း မအောင်ဘူးဆိုပြီး ဖြောင်လိမ်ဖြောင်စားလုပ်ကြတယ်ဟယ် နင်ပဲစဉ်းစားကြည့်”

“ကျွန်တော်က ဘာကိုစဉ်းစားပေးရမှာလဲ”

“ငါ့ရဲ့ရပိုင်ခွင့်တွေကို ခွဲပေးဖို့လေ၊ တကယ်လို့ ခွဲမပေးရင်လည်း နေ၊ ကိစ္စမရှိဘူး၊ ငါ့ကို အဲဒီအိမ်မှာပဲ ဆက်နေနိုင်းလေ၊ အောင်ထွဋ်က လူပျိုကြီးမဟုတ်လား၊ သူ့အဖေအစား သူ့ကိုငါ ဆက်ပြီးပြုစုမှာပေါ့”

မသီတာတို့ လောဘတက်ပုံများ အဖေကိုလင်မတော်ရတော့ သားကိုဆက်ပြီး ရှိုင်ချင်သည့်သဘော။

“အဲဒါနဲ့ ကျွန်တော်နဲ့ဘာဆိုင်လဲ အောင်ထွဋ်က ကျွန်တော့်အိမ်





ရှေ့တားကြိမ်း လာကြိမ်းသွားတယ်၊ ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးပဲ နေပါရစေဗျာ၊ ဟဲ့ သန်းစိန် နင့်အစ်မ လေးထပ်ကွမ်းမှုဆိုးမဖြစ်တာ တောင် လင်ယူသားမွေးကိစ္စ စိတ်မကုန်သေးဘူးဟာ ကြည့်လည်းထိန်း ပါဦး”

ရာပြည့်တို့က ပြောလိုက်လျှင် ဒွဲပင်။

“ဟဲ့ သွေးနဲ့ကိုယ်သားနဲ့ကိုယ်လေ၊ လင်တွေယူပြီး သားမွေးတဲ့ အဆင့်မရောက်မချင်း ယူပစေ ယူပစေ၊ ငါကတော့ အားပေးတယ် လေးထပ်ကွမ်းမက ဆယ်ထပ်ကွမ်းမှုဆိုးမဖြစ်တော့ရော ဘာအရေးတုန်း ဟယ်၊ ဒါကြောင့် နင်က ရပ်ကွက်လူကြီးကိုပြောပေး၊ ငါ့အစ်မကို သူတို့ အိမ်မှာ ဆက်မထားရင် ပိုင်ဆိုင်မှုထဲက တစ်ဝက်ကို ရပ်ကွက်ရုံးကနေ တောင်းမယ်လို့အဲဒီကိစ္စကို ရပ်ကွက်ရုံးမှာရှင်းမယ်ဆိုတဲ့အကြောင်းကို ကြိုပြောပြထားပေး၊ ငါတို့နိုင်ရင် ဥက္ကဋ္ဌကို ကျေးဇူးဆပ်မယ်လို့”

“အဲဒီမှာ လဲသေလိုက်၊ ငါ့ကို နင်တို့ရဲ့ခိုင်းဖက်များမှတ်နေလား ဟမ်၊ ကိုယ့်လောဘနဲ့ကိုယ် ပြောစရာရှိရင် ကိုယ့်ဟာကိုယ် သွားပြောပေါ့”

“ဟယ် ကောင်စုတ် နင်အဲလိုကြေးလား၊ ဒီရပ်ကွက်ထဲမှာ ငါက နင့်ကိုပဲအားကိုးတာဟဲ့”

သန်းစိန် ဘယ်လောက်ပြောပြော နားကျင်တာတွေမရှိ၊ ရာပြည့် ဘယ်လိုပုံစံနှင့် ဆဲဆိုကြိမ်းမောင်းနေပါစေ မျက်နှာတစ်ချက်မညို။

“ဒီမှာ နင် အားကိုးရလောက်အောင် ငါ့မှာ ကာစရာအိုးလည်း မရှိဘူးနော်၊ နင့်အစ်မ လင်ထပ်လိုချင်သေးတယ်ဆိုရင် ငါထပ်ပြီး ညှန်

www.burmeseclassic.com



ပေးမယ့်သူရှိတယ်''

စိတ်ထဲအချဉ်ပေါက်လာသည်မို့ ပေါက်ကရပြောဖို့ တာရှာလိုက်သည်။ ဒါကို အဟုတ်ထင်ပြီး မသီတာမျက်နှာ မျှော်လင့်ချက်တွေဖြင့် ပြန်ပြီး တောက်ပလာသည်။

''ဟယ် အစ်မနဲ့လိုက်ဖက်မယ့် အိမ်ထောင်ဖက်တွေ့ထားတယ် ဟုတ်လား''

''ဟုတ်တယ် ရပ်ကွက်ထဲမှာ အိမ်ခြေရာမရှိ လျှောက်သွားနေတဲ့ အရူးချက်ကြီးလေ မသီတာကိုဆိုရင် သူက လုံးဝငြင်းမှာမဟုတ်ဘူး။ သန်းစိန်လည်း တစ်ပွဲတစ်လမ်း ဝင်ဆွဲလို့ရတယ်''

''ဟယ် သေနာကျ ငါ့အစ်မကိုများ အရူးနဲ့ပေးစားရလား''

ရာပြည့် ပြောချင်ရာကို ပြောခဲ့ရပြီမို့ သုတ်ခြေတင်လစ်ထွက်ခဲ့လိုက်သည်။

သန်းစိန်နှင့်မသီတာတို့ မောင်နှမနှစ်ယောက် မကြားတကြား ကျိန်ဆဲရင်း ကျန်ခဲ့ကြသည်။

ဒီနေ့ပဲ ဦးအောင်မြတ် ရက်လည်သည် ဒီနေ့ပဲ လင်တစ်ယောက် ထပ်ယူဖို့ မျှော်လင့်နေသေးသည်။

တော်တော်လည်း ခံနိုင်ရည်ရှိတဲ့ မိန်းမ။

■ ■ ■

## အခန်း (၁၀)

''ဟင် သော့ကြီးခတ်ထားပါလား''

လှေကားပေါ်တက်လာရသည့် အမောတွေ ပို၍ မောရသွားရသည်။

''အင်းလေ ငါက ကြိုမှဖုန်းဆက်မထားမိတာကိုး၊ သူလည်း ကျောင်းသွားမှာပေါ့''

ခတ်ထားသော သော့ခလောက်ကို သေချာစေရန် ကိုင်ကြည့်လိုက်ပြီးတစ်ယောက်ထဲ ရေရွတ်လိုက်သည်၊ ဒီမနက် တွေ့ခွင့်ရလျှင်တော့ ညနေတော့ တွေ့ခွင့်ရကောင်းပါရဲ့။

မျှော်လင့်ချက်မဲ့စွာဖြင့် ပြန်လှည့်ထွက်ပြီး လသော်တာတို့နေသည့် အလွှာကို မဆီမဆိုင်မော့ကြည့်လိုက်သည်။ ဘယ်အခန်းမှန်းမသိပေမယ့် ငါးလွှာမှာနေတာ သေချာသည်မို့ အကြာကြီးရပ်နေ၍မကောင်း။

www.burmeseclassic.com



မျက်နှာချင်းဆိုင်တွေ့လျှင် ပြုံးရအခက် မဲ့ရအခက်နှင့် ရင်မဆိုင်ချင်တာတော့ အမှန်ပါ။

ခုချိန်မှာ မြသားကို တွေ့ချင်သလောက် နောက်ထပ်မတွေ့ချင်ဆုံးလူက လသော်တာပင် ဖြစ်သည်။ ထို့ကြောင့် လှေကားမှ ခပ်သွက်သွက်ပြန်ဆင်းခဲ့လိုက်သည်။

''အစ်ကို''

နောက်မှ ခပ်နွမ်းနွမ်းခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

''ဟင် မြသား''

''မြသားနဲ့ မတွေ့ဘဲ ပြန်တော့မလို့လား''

''အင်း အဲ မ မဟုတ်ဘူးလေ၊ သော့ခတ်ထားလို့ ပြန်ဆင်းလာတာ မြသား ကျောင်းသွားတယ်ထင်လို့''

အပေါ်ထပ်ကို ခပ်သွက်သွက်ပြန်တက်ပြီး မြသားသွင်နှင့် အနီးဆုံးလှေကားထစ်မှာ ရပ်လိုက်သည်။

''ညက ဘာလို့မလာတာလဲ''

မြသားသွင်၏အမေးကို ဖြေဖို့ နိုင်လုံသည့်အကြောင်းအရာကို အိမ်မှာကတည်းက စဉ်းစားလာပြီးသားမို့

''ညက ကိုယ်ထွက်လာပြီးမှ ဖေဖေက လုံးဝအပြင်ထွက်ခွင့်မပြုဘူးလေ၊ ဒါကြောင့် ကိုယ်မလာဖြစ်တာ နားလည်ပေးပါ''

''ရပါတယ် ညက မလာပေမယ့် ခုရောက်လာပြီပဲ၊ လာလေ အိမ်ထဲဝင်ကြမယ်''





ခဏလာသည်ကို အကြာကြီးအချိန်ပေးမည့်အထင်နှင့် အိမ်ထဲခေါ်နေသော မြသားကို ငြင်းရမှာ အားနာနေသည်။ လက်မှနာရီကိုကြည့်လိုက်သည်။ ရုံးနောက်ကျတော့မည့်အခြေအနေမို့

''ကိုယ် ရုံးသွားရဦးမယ်၊ ညနေ ရုံးဆင်းမှပဲ ဝင်ခဲ့မယ်လေ''

ကြည်လင်နေသော မျက်နှာလေး ပြန်၍ညှိုးသွားသည်။

''တကယ်လာမှာလား''

''တကယ်ပေါ့''

''အင်းလေ အဲဒီညနေကိုပဲ မြသား မျှော်နေတော့မယ်''

''စိတ်ချပါ-မြသားရယ်၊-ကိုယ်တကယ် လာမှာပါ၊ ညနေ မြသားဘာစားချင်လဲ ကိုယ်ဘာဝယ်ခဲ့ရမလဲ''

ရင်းနှီးမှုတွေနှင့် ခွေးမြီးကာ ငယ်ပေါင်းကြီးဖော်တွေလို စိတ်ထဲမှာ ခံစားမိသည်။

ဖြစ်နိုင်မည်ဆိုလျှင် ရုံးသို့မဖြစ်မနေ သွားရမည့်ခြေလှမ်းတွေကို နောက်ပြန်လှည့်ပြီး မြသားနားမှာပဲ စုပါဂရူးလို ခွာမရအောင် တွယ်ကပ်နေချင်ခဲ့တာပါ။

မြသားရဲ့အထီးကျန်မှုတွေကို ပြေပျောက်စေမယ်ဆိုရင် ရာသက်ပန် မခွဲအတူနေချင်သည်။

■ ■ ■

''ကိုရာပြည့်''

ငွေစာရင်းဌာနမှ အပျိုကြီး မြမြလှိုင် ခေါ်သံကြောင့် ရုံးခန်းထဲ

www.burmeseclassic.com



ဝင်မည့်ဆဲဆဲ ခြေလှမ်းတွေ တုံ့ကာ နောက်ကိုလှည့်ကြည့်လိုက်သည်။

"ဘာပြောမလို့လဲ မြမြ"

"ဟိုလေ မေးစရာရှိလို့"

ဒေါ်မြမြလှိုင်မျက်နှာက မချိမချဉ်နှင့်မို့ ရာပြည့် ထူးဆန်းစွာ ကြည့်ရင်း မျက်မှောင်ကျုံ့လိုက်သည်။ ဒီအပျိုကြီး ခုမှ သတိထားကြည့်မိတယ်။ ဟိုးအရင်ကဆိုလျှင် ရိုးတုံးတုံးကြီးနှင့် လှချင်ပချင်ပုံမပေါ်။ ခုတော့ ထိုသို့မဟုတ်။ မျက်နှာမှာမိတ်ကပ် နှုတ်ခမ်းနီနှင့် ဆံပင်ကလည်း သူ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးနှင့် မလိုက်ဖက်အောင်ကို ဖြောင့်ထားသည်။

ယောက်ျားတွေ စွဲမက်စရာမကောင်းသော ရုပ်ရည်ပိုင်ဆိုင်ထားပေမယ့် မြမြလှိုင်သည် ရိုးသားသောသူဖြစ်သည်။ ရိုင်းပင်းကူညီသော စိတ်ရှိသူမို့ ရာပြည့်အပါအဝင် တစ်ရုံးလုံးက ခင်ကြပါသည်။

"ရာပြည့်ကို ခုတစ်လော ပိတောက်မြိုင်လမ်းထဲမှာတွေ့တွေ့နေသလိုပဲ ဘာလာလုပ်တာလဲ အသိရှိလို့လား"

"ဩော် ဟုတ်တယ်လေ၊ မမဆီမှာ အင်္ကျီချုပ်နေတဲ့ မမရဲ့ သူငယ်ချင်းက အဲဒီနားမှာနေတာ၊ မမ အထည်ပေးခိုင်းရင် ကျွန်တော် လာပေးရတယ်လေ"

ရှည်ရှည်ဝေးဝေးတွေ ရှင်းပြမနေတော့ဘဲ ပြီးစလွယ်ပင် ဖြေလိုက်သည်။

"မြမြက အဲဒီနားမှာ နေတာလား"

"အင်းလေ ငါက အဲဒီရှေ့ကတိုက် ခြောက်လွှာမှာနေတာ





အဲဒီတိုက်လှေကားပေါ်တက်သွားတာ မနက်ကတောင် မြင်လိုက်သေးတယ်၊ ဘယ်အလွှာကို သွားတာလဲ"

တိတိကျကျ မေးနေသော မြမြလှိုင်ကို စပ်စုလိုက်တာဟု စိတ်ထဲမှ ဝေဖန်ရင်း

"လေးလွှာ အဲ ဟုတ်ပါဘူး ငါးလွှာကိုတာလေ"

"ဩော် ဟိုဆရာဝန်မလေး လသော်တာဆီ လာတာလား"

"ဟမ် ဘယ်လို လသော်တာက ဆရာဝန်မ ဟုတ်လား"

"အင်းလေ ဟုတ်တယ် မသိဘူးလား"

သာမန်မိန်းကလေးတစ်ယောက်အဆင့်လောက်ပဲ တွေးထားသော လသော်တာက ဆရာဝန်ဟု သိလိုက်ရတော့ စိတ်ထဲမှာ ဘာရယ်မဟုတ် အထင်ကြီးစိတ်တော့ နည်းနည်းဝင်သွားမိသည်။

"ကျွန်တော် စိတ်မဝင်စားလို့ သူ ဘာလုပ်သလဲဆိုတာတောင် မမေးမိပါဘူး။ မြမြ မေးမှာ ဒီအကြောင်းလား"

ဦးစီးမှူးဆီ လချုပ်စာရင်းတွေ တင်ရမှာမို့ မြမြလှိုင်နှင့်စကားစဖြတ်ချင်နေသည်။

"မဟုတ်ဘူး နောက်တစ်ခု မေးစရာရှိသေးတယ်"

"အင်း မေးလေ"

"ဟိုလေ ရုံးအုပ် ကိုဘထူးမှာ ချစ်သူရှိလား မရှိလား သိချင်လို့"

ရာပြည့် ပြုံးလိုက်သည်။

www.burmeseclassic.com



"အဲဒါ ကာယကံရှင်ကို သွားမေးပေါ့၊ ကျွန်တော် ဘယ်သိပါ့မလဲ"

"အို သူ့အကြောင်း တိတ်တိတ်စုံစမ်းပါတယ်ဆိုမှ နင့်ကို မေးလည်း သိရမှာပဲဟာ"

"မရှိဘူး ဘာလဲ ကိုတာထူးက မြမြကို ဖယားကပ်နေလို့လား"

"ဟာ နင်ကလည်း ဘာတွေမေးနေတာလဲဟယ်၊ ငါ ငါသွားတော့မယ်ဟာ၊ ငါသိချင်တာကို ဖြေပေးလို့ နင့်ကို ကျေးဇူးတင်တယ်"

ဆိုပူးခါပြီး ထွက်သွားသော မြမြ၏ပုံစံကိုကြည့်ပြီး ရာပြည့် တစ်ယောက်ထဲ သဘောကျ၍ ကျန်ခဲ့သည်။

အပျိုကြီးတွေရင်ထဲ အချစ်ဝင်သွားပြီဆိုလျှင် အပျိုလေးတွေလို အိုက်တင်ခံမနေတော့။ ရှက်တာတွေ ကြောက်တာတွေ အသာထား အပျိုကြီးဘဝက ကျွတ်ဖို့အရေးအတွက် အဲဒီအချစ်နောက်ကို ကြိုက်မရှက်ငိုက်မရှက် ကောက်ကောက်ပါအောင် ပြေးလိုက်တော့တာပါပဲ။

ကိုတာထူးကလည်း လူပျိုကြီးဆိုတော့ မြမြကို သက်တူရွယ်တူနှံ့ ချစ်မိသွားတာနေမှာ။ တစ်ရုံးတည်းသားချင်းမို့ ညားသွားတော့လည်း လက်ဆောင်တစ်ခုပဲ ပေးရမည်။ အပြင်လူတွေနဲ့ ညားသွား၍ မင်္ဂလာဆောင်နှစ်ခုဆိုလျှင် လက်ဆောင်နှစ်ခုသွားရမည်။

ရာပြည့်အဖို့တော့ အကုန်အကျသက်သာပါသည်၊ ကိုယ့်အတွေးကို ပြန်သဘောကျရင်း မိမိအလုပ်စားပွဲဆီသို့ လျှောက်လာလိုက်သည်။

"ဟာ ဝါးကြောပဲ"





ဒံပေါက်ထည့်သော ဖော့ဘူးနှင့် ကော်ဖီအေးဘူးကို စားပွဲပေါ်မှ အခန့်သားတွေ့လိုက်ရ၍ ရာပြည့် သဘောတွေ့သွားသည်။

"ဒီနေ့ ဘယ်သူ့မွေးနေ့လဲဟေ့"

ရောက်နှင့်နေပြီးသော ရုံးသူရုံးသားများကို ဝေ့ပြီး မေးလိုက်သည်။ အားလုံးက ပြုံင်တူခေါင်းခါသူကခေါင်းခါ လက်ခါပြသူကခါပြနှင့် အသံတိတ် ပြန်ဖြေကြသည်။

"ဒါဆို သူ့ဝါးကြောက ဘယ်သူဒကာလဲ"

"ဌာနမှူးက ခင်ဗျားအတွက် သီးသန့်"

ရုံးစာရေးလေး သီဟက ရယ်ဖြဲဖြဲနှင့် မရိုးသားစွာ ဖြေသည်။

"ဟမ် ဘာဖြစ်လို့လဲ၊ ငါက ဘာကြောင့် သီးသန့်ဖြစ်သွားရတာလဲ"

"အဲဒါတော့ ဌာနမှူးလာမှ မေးကြည့်လိုက်၊ ကျွန်တော်တို့က မစားရတော့လည်း အနံ့လေးရှူရုံပေါ့ဗျာ"

"ဟုတ်ပဟယ် ဌာနမှူးကြီးက အဲလိုတော့ မျက်နှာမလိုက်သင့်ပါဘူး တကယ်ပဲ"

"အေးလေ ယောက်ျားအချင်းချင်းကို"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် ဌာနမှူး ရောက်လာသည်။

"ရာပြည့်ရေ မင်းအတွက် စားပွဲပေါ်မှာ မနက်စာ အဆင်သင့်ပဲကွ"

www.burmeseclassic.com



"ဘာအတွက်လဲ ဌာနမှူး"

"မမေးနဲ့ စားစရာရှိတာစား။ သဒ္ဒါလို့ကျွေးရင် သေသေးတောင် စားပေးရတယ်"

ဌာနမှူး စကားကြောင့် ရာပြည့် အူကြောင်ကြောင်ဖြင့် ရယ်လိုက်သည်။

"ဌာနမှူး မျက်မှန်က ပါဝါဘယ်လောက်လဲဟင်"

မစိုးမြကျော်၏အမေးကြောင့် ဌာနမှူး သူ့မျက်မှန်ကိုချွတ်ရင်း

"ဘာဖြစ်လို့ မေးတာလဲ၊ ပါဝါက ၄၅၀ လေ"

"ဒါဆိုရင် ဌာနမှူးရဲ့မျက်မှန်ပါဝါကိုနောက်ထပ် ၄၅၀ ထပ်တိုးလိုက်တော့"

"အမ် အခုလည်း ကြည့်လို့ရနေသားပဲ၊ ဘာဖြစ်လို့ ၄၅၀ ထက်ဝက်ကြီးများတောင် တိုးခိုင်းရတာတုန်း"

ဌာနမှူး ပြန်မေးလိုက်သောအမေးကြောင့် တခြားသူတွေပါ ငိုင်းရယ်ကြသည်။ မစိုးမြကျော်မှာ ရဲနေအောင်ဆိုးထားသော နှုတ်ခမ်းကို ပို၍ရွဲ့လိုက်ပြီး

"ဟွန်း ဌာနမှူး မျက်စိထဲမှာ ရာပြည့်ကိုပဲ မြင်တာလေ၊ ဒီအခန်းထဲက ရုံးအဖွဲ့တွေကို တစ်ယောက်မှမမြင်တာ၊ ဒါကြောင့် ပါဝါထပ်တိုးလို့ ပြောတာပေါ့"

*ဒီတော့မှ ဌာနမှူး ရှက်ကိုးရှက်ကန်းဖြင့်ရယ်ရင်း*

"ဩော် ဟော် ဒါလား အဟဲ ကျွေးမှာပေါ့။ အားလုံးကိုကျွေး





မှာ၊ ရုံးအောက်က ဒေါ်ညာသူ လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်ကို လက်ဖက်ရည်တစ်ခွက် ပလာတာတစ်ချပ်စီ စားထားကြ၊ ငါရုံးဆင်းတော့မှ ရှင်းလိုက်မယ်"

လက်ဖက်ရည်တစ်ခွက် ပလာတာတစ်ချပ်စီ ကျွေးသော ဌာနမှူး၏ရက်ရောသော စေတနာကိုအောင့်သက်သက်နှင့် လက်ခံလိုက်ကြရသည်။

"အင်းလေ သဒ္ဒါလို့ကျွေး သေသေးတောင် စားရသေးတာပဲလေ"

မစိုးမြကျော် မျက်နှာကြီးရှုံ့မဲ့ကာပြောပြီး သူ့စားပွဲသူပြန်ထိုင်လိုက်သည်။

ရာပြည့် ဖော့ဘူးထဲမှာရှိသော အစားအစာဟာ ဘာလဲဆိုတာ သိချင်၍ မသိမသာ ဟကြည့်လိုက်သည်။ ဟမ်ဘာဂါနှင့်ပီဇာတွေ ဖြစ်သည်။

ဌာနမှူးက ရာပြည့်အကြိုက်တွေကိုပါ သိနေတာပဲ။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဌာနမှူး၏စေတနာကို အသိအမှတ်မပြု၍မရတော့။

■ ■ ■

နေ့ခင်းထမင်းစားချိန်ရောက်တော့ ရာပြည့် ရုံးအောက်က ကင်န်တင်းကိုထွက်လာခဲ့သည်။ ဌာနမှူးနှင့်လှေကားမှာ သွားဆုံသည်။

"ဟမ်ဘာဂါ ကောင်းလား ရာပြည့်"

"ဗျာ"

www.burmeseclassic.com



"ဩော် ဟမ်ဘာဂါ စားကောင်းလားလို့ မေးတာ"

စားပြီးပြီဟု ညာချင်ပေမယ့် ရာပြည့် ညာရမှာ မလုံမလဲ ဖြစ်နေ၍ အမှန်အတိုင်း ဖြေလိုက်သည်။

"မစားရသေးဘူး"

ဒွာနမှူးမျက်နှာ အလိုမကျရိပ်တွေ ပေါ်သွားကာ

"ဟင် ဘာဖြစ်လို့ မစားသေးတာလဲ"

"အိမ်ရောက်မှ စားမလို့"

"ဒီမှာ စားတော့ ဘာဖြစ်လို့လဲ"

ဂရုတစိုက်မေးနေသော ဒွာနမှူးကိုကြည့်ပြီး ရာပြည့်တကယ်ပင် နားမလည်နိုင်တော့။

"ဒီမှာ စားရင် မျိုမကျလို့ မကျွေးလို့လည်း မကောင်းဘူးမဟုတ်လား"

အရေးတယူရှိလှသော ဒွာနမှူးမျက်နှာပေါ်မှာ ကျေနပ်ရိပ်တွေ ထင်ဟပ်သွားသည်။

"ညနေ အိမ်လိုက်ခဲ့ပါလား"

တစ်ခါမှ အိမ်အလည်မခေါ်စဖူး ခေါ်နေသည်မို့ ထပ်မံအံ့သြရပြန်သည်။

"ဗျာ ဘာလုပ်ဖို့လဲ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ အိမ်လည်ခေါ်ချင်ရုံသက်သက်ပါပဲ၊ အိမ်မှာက ငါတစ်ယောက်ထဲလေ နောက်ပြီးမင်းကို





ပြောစရာလည်းရှိလို့"

"ဒီနေ့တော့ လိုက်လို့မရဘူး၊ မနက်ဖြန်မှ လိုက်မယ်လေ"

ဒွာနမှူး မျက်မှောင်ကျုံ့သွားသည်။

"အရေးကြီးလို့လား"

"ဟုတ်ကဲ့ အရေးကြီးတယ်"

မြသားနှင့်တွေ့ဖို့က ရာပြည့်ဘဝမှာ အရေးအကြီးဆုံးကိစ္စတစ်ခု ပဲမို့ ယတိပြတ် ငြင်းလိုက်သည်။

"အင်းလေ ဒါဆိုရင် မနက်ဖြန်တော့ လိုက်ခဲ့၊ ငါတို့အတူတူ သောက်ရင်း စကားတွေအများကြီး ပြောကြမယ်၊ ဘယ်လိုလဲ လိုက်လည် မယ်မဟုတ်လား"

"အဟဲ သောက်မယ့်အစီအစဉ်ရှိတော့ ညအိပ်ရတော့မှာပေါ့"

ရာပြည့်တို့က ဒါမျိုးဆို နောက်မတွန့်တတ်သူ။ ဒီတော့ ဖေဖေ နှင့်မေမေကို မနက်ဖြန်အတွက် အကြောင်းတစ်မျိုးမျိုးတော့ ပြရတော့မှာ ပေါ့။

"အေး ဒါဆိုရင်မင်းကတိ တည်ပစေနော်"

"ဟုတ်ကဲ့ ဒါမျိုးဆို ဒွာနမှူး ကတိပျက်ရင်တောင် ကျွန်တော် က မပျက်သေးဘူး၊ ကဲ ကျွန်တော် ထမင်းသွားစားလိုက်ဦးမယ်"

ဒွာနမှူးကို နှုတ်ဆက်ပြီး လှေကားမှ ဆက်ဆင်းလာခဲ့လိုက် သည်။

"ဟာ ရာပြည့် မင်းကိုတွေ့တာနဲ့ အတော်ပဲကွာ၊ ငါ အကူ

www.burmeseclassic.com



အညီတောင်းမလို့''

''ဟာ ဒီနေ့တော့ နေ့လယ်စာ မစားရတော့ဘူးထင်တယ်''

စိတ်ပျက်လက်ပျက်ပြောလိုက်သော ရာပြည့်စကားကြောင့် ကိုဘထူး အားတုံ့အားနာလေး ပြုံးကာ

''မကြာပါဘူးကွာ၊ မင်းကို ပေးခိုင်းစရာလေးရှိလို့''

''ဘာလဲ ဘယ်သူ့ကိုအကြွေးဆပ်စရာရှိလို့လဲ''

''ဟာ့ာ မဟုတ်ပါဘူး၊ ငါ့ချစ်သူ မြကို စာလေးပေးခိုင်းချင်လို့''

ချစ်သူဆီကို စာပေးသည့်ခေတ် ကုန်သွားကာမှ ကိုဘထူး ကြောင့် တစ်ခေတ်ပြန်ထလာဦးမည်ထင်သည်။

''ဘယ်သူ့ကိုလဲ''

''မြကိုလေ''

''ဝါး ခင်ဗျားတို့က တကယ်ကို စိတ်ချင်းဆက်နေတာပဲ၊ ဒါပေမဲ့ ဖုန်းဆက်လည်း ရတာပဲဗျာ''

''ဖုန်းဆက်ပြောတာ ရင်ခုန်စရာမကောင်းဘူးကွ၊ နောက်ပြီး ငါ့ဖုန်းက ပျက်လို့ ဆိုင်ပို့ထားတယ်''

''သြော် ဖြစ်မှဖြစ်ရလေ၊ သနားစရာကောင်းလိုက်တာ၊ ဒါ ကြောင့် ကျွန်တော့်ကို မနက်က လာမေးတာကိုး''

''ဟမ် မြက ဘာမေးလို့လဲ''

''ခင်ဗျားမှာချစ်သူရှိလားတဲ့၊ အဟက် ခင်ဗျားတို့က လျှို့တယ် ဗျာ၊ ခင်ဗျားတို့နှစ်ယောက်ချစ်သူတွေဖြစ်နေတာ တစ်ရုံးလုံးမသိကြဘူး၊





ဒါနဲ့တောင် ကျုပ်ဆီမှာ ခင်ဗျားအကြောင်း လာစုံစမ်းသေးတယ် ဟား ဟား ဟား''

ရာပြည့် ရယ်သံကြောင့် ကိုဘထူးရှက်သွားကာ ဟိုဒီငေ့ကြည့်ပြီး အိတ်ကပ်ထဲမှ စာအုပ်ကိုထုတ်ကာ ရာပြည့်ကိုပေးသည်။

''မင်းကလည်း တိုးတိုးရယ်ပါကွာ၊ ငါက ရှက်တတ်တယ်ကွ၊ ခုတောင် မြနားကိုကပ်ရင် လူတွေတစ်မျိုးထင်မှာစိုးလို့ မကပ်တာ''

''ဒါဆိုရင် ရုံးဆင်းရင် တူတူပြန်တော့မှ ပေးပေါ့ဗျ''

ကိုဘထူး ခေါင်းကိုစုံကုတ်ကာ

''ကျွတ် မင်းကလည်းကွာ ရုံးဆင်းရင် သူ့မောင်က လာကြို တာလေ၊ သူ့နား ဘယ်လိုကပ်မလဲ၊ နောက်ပြီး ငါ့ကိုဗေဒင်ဟောထား တယ်''

''သြော် ယောကျ်ားကြီးတန်မဲ့ ဗေဒင်လည်း ဝါသနာပါလိုက် တာပဲလား၊ မှတ်ကြီးတောင် ကျောင်းထားရဦးမယ် ထင်တယ်''

''မပါလို့မရဘူးလေကွာ၊ အိမ်ထောင်ပြုတယ်ဆိုတာ တစ်ဘဝ လုံးနဲ့ဆိုင်တယ်၊ ခုတောင် ဗေဒင်ဆရာက ဗုဒ္ဓဟူးသားကို ကြားခံလုပ်ပြီး ဘဝတစ်ခုထူထောင်ရမယ်ဆိုလို့ ငါ သူ့ကိုနိုးပြေးမယ့်စာကို မင်း ပေးခိုင်း တာပေါ့''

''သြော် မှတ်တောင်ထားရဦးမယ်၊ ခုတော့ ခင်ဗျားက ကျုပ်ကို ကြားခံနိုင်းပြီပေါ့ ဟုတ်လား''

''ဟဲ ဟဲ အဲ့ကျေးဇူးမမေ့ပါဘူးကွာ၊ ငါ သားဦးလေးမွေးရင်

www.burmeseclassic.com



မင်းရဲ့နာမည်ပါအောင်မှည့်ပေးပါ့မယ်''

''တကယ်လား သားလေးမွေးရင် ကိုယ့်နာမည်ပေးပါ သိချင်းလို့မျိုးလား''

''အေး အေး ဟုတ်တယ်''

ရာပြည့် ပျော်သွားသည်။ ကိုယ့်ကိုအလေးအနက်ခင်မင်သည့်သဘောဟု စိတ်ထဲမှာ ရိုးရှင်းစွာ မှတ်ယူလိုက်သည်။

''ဒါဆိုရင် ပေး ပေး ကျွန်တော် ခုချက်ချင်း သွားပေးပေးမယ်၊ ခင်ဗျားသာ သားလေးမွေးရင် ကျွန်တော့်နာမည်ပါအောင်မှည့်ပေး သိလား ဟီး ဟီး''

ဘုမသိကိုးမသိ ပျော်သွားသော ရာပြည့် စာအိတ်ယူကာ ရုံးလှေကားထစ်တွေအတိုင်း ပေါ့ပါးသွက်လက်စွာ ဆင်းလာခဲ့သည်။

■ ■ ■

''ဟာ အတော်ပဲ ထမင်းစားပြီးရင် မြမြဆီလာတော့မလို့''

မြမြနှင့် သူ့အဖော် ရုံးစာရေးမနှစ်ယောက် ထမင်းစားနေသည်ကို အဆင်သင့်တွေ့လိုက်ရ၍ အလုပ်မပိုတော့။

''ဟင် ဘာကိစ္စလဲ''

''ခင်ဗျား မနက်က တိတ်တိတ်လေးလာစုံစမ်းတဲ့သူက ခင်ဗျားကို စာပေးခိုင်းလိုက်တယ် ရော့''

''ဟယ် သူက စာပေးခိုင်းတယ် ဟုတ်လား''

''ဟုတ်တယ် ကဲ ကျွန်တော်လည်း ထမင်းစားဦးမယ်''





ရာပြည့် လှမ်းပေးသော စာကို မြမြ အပျော်မျက်နှာဖြင့် လှမ်းယူရင်း

''ဒီမှာတစ်ခါတည်း စားလိုက်ပါလား၊ ငါတို့မှာ ဟင်းတွေအများကြီးပါတယ်''

''ဟာ နေပါစေ၊ ခုမကျွေးပါနဲ့ ခင်ဗျားတို့ ယူပြီး သားဦးလေးမွေးရင်သာ ကျွန်တော့်နာမည်လေးပါအောင်မှည့် အဲဟက် ဟက်''

''ဟင် ဘယ်လို ဟော့တော် တစ်မျိုးကြီးပါလား ခိ ခိ ခိ''

မြမြနှင့် ထမင်းအတူစားနေသော အဖော်နှစ်ဦး သဘောကျလှောင်ပြောင်ရယ်မောကြသည်။ ရာပြည့် ရှက်ရှက်နှင့် လှည့်ထွက်ခဲ့လိုက်သည်။

ငါဘာတွေလျှောက်ပြောမိပါလိမ့်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၁)

လှေကားထစ်ပေါ် လှမ်းတက်နေသော ခြေလှမ်းတွေသည် မြသားကို တွေ့ရတော့မည်ဟူသော အပျော်စိတ်တို့ကြောင့် တက်ကြွသွက်လက်၍နေသည်။

အခန်းရှေ့ရောက်သည်နှင့် အဆင်သင့်ဖွင့်ထားသော တံခါးကြောင့် လူခေါ်ဘဲလ်ပင် မတီးလိုက်ရ။

လသော်တာနှင့် တန်းတိုးမည်စိုး၍ စေ့ထားသော တံခါးချပ်ကို တွန်းဖွင့်ပြီး မြသားအိမ်ထဲသို့ ကပျာကယာ ဝင်လိုက်သည်။

“ရောက်လာပြီလား”

“ရုံးဆင်းဆင်းချင်း တန်းပြီးဝင်လာတာ မြသားရဲ့ ရော့ ဒါ မြသားစားဖို့ ဟမ်ဘာဂါနဲ့ပီဇာ”

ဌာနမှူး ဝယ်ကျွေးထားသော ဟမ်ဘာဂါနှင့်ပီဇာဟုတော့ ပြောမနေတော့။





“မြသား ဗိုက်တွေအရမ်းဆာနေတာနဲ့ အတော်ပဲ ပေး ပေး စားမယ်”

စောစောက အေးစက်စက်နိုင်သော မြသား၏အမူအရာတွေ ချက်ချင်းတက်ကြွသွားကာ ရာပြည့်လက်ထဲမှ ပီဇာဘူးကို ဟန်မဆောင်ဘဲ ယူစားလိုက်သည်။

စားတာမှ ပလုပ်ပလောင်း။ ဟန်ဆောင်ခြင်းမရှိဘဲ အားရပါးရ စားနေသော မြသား၏ဆာလောင်မွတ်သိပ်မှုတွေကို ကြည့်ပြီး ရာပြည့် စိတ်ထဲ စိတ်မကောင်းသလိုတောင် ဖြစ်သွားသည်။

ဒီကလေးမ ဒီနေ့တစ်နေ့လုံး ဘာမှစားမထား၍ ခုလို အငမ်းမရ စားနေတာလားဟု ကရုဏာသက်စွာတွေးပြီး ရေခဲသေတ္တာထဲမှ ရေဘူး သွားယူကာ

“ရော့ ဒါလေးနဲ့မျှောချ။ ပါးစပ်ထဲမှာ တအားပြည့်နေရင် နင်တတ်တယ်”

ရေဘူး လှမ်းပေးရင်းပြောလိုက်သော ရာပြည့်ကို ပလုပ်ပလောင်းဝါးနေရင်းမှ ရပ်ကာ မော့ကြည့်လိုက်သည်။

“မြသားဆီလာရင် ခုလို အစားအသောက်မျိုး အမြဲဝယ်လာပေးနိုင်မလားဟင်”

ပလုပ်ပလောင်း လေသံဖြင့်ပြောပြီး ရေဘူးထဲမှ ရေကို မော့သောက်လိုက်သည်။

“မြသား စားချင်ရင် ဝယ်လာခဲ့မယ်လေ”

www.burmeseclassic.com



"ရှင် အလကားဝယ်မလာရပါဘူး၊ မြသား တန်ရာတန်ကြေး ထက် ပိုပြီးပေးပါ့မယ်"

သူစိမ်းဆန်သည့်စကားကြောင့် ရာပြည့် မကျေမနပ်ဟန်ဖြင့် ခပ်ပြုံးပြုံးစွေကြည့်လိုက်ပြီး

"အံမယ် ကျောက်တွင်းသူဌေးသမီးမို့ ချမ်းသာတယ်ပေါ့ ဟုတ်လား။ ဒါဆိုရင်လည်း ကိုယ့်ကို မင်းရဲ့သက်တော်စောင့်အဖြစ် တစ်ခါတည်း ဝယ်လိုက်ပါလား"

ဘာရယ်မဟုတ် ပြောလိုက်သောစကားကြောင့် မြသား မျက်ဝန်းအဝိုင်းသားဖြင့်

"အဲလို ဝယ်လို့ရလား၊ ဒါဆိုရင် ဝယ်မယ်လေ"

ရာပြည့် တဟားဟား အော်ရယ်သည်။

"ဟေ့ ဘာရယ်တာလဲ၊ ဒီက တကယ်ပြောနေတာ၊ ရှင်က ရောင်းမယ်ဆိုရင်လေ မြသားက တကယ်ဝယ်မှာ"

"ဘယ်လောက်နဲ့လဲ"

ရာပြည့် တမင်ရွဲ့မေးလိုက်သည်။

"ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"အဟက် ကြမ်းခင်းဈေးကို ကိုယ်ကစဖွင့်ရမယ်ပေါ့"

သူ့ကိုယ်သူ လေလံပစ်သည့် ကုန်ပစ္စည်းတစ်ခုလို သဘောထား ကာ ရွှတ်နောက်နောက် ပြောလိုက်သည်။ မြသား စိတ်ဝင်တစား နာ ထောင်နေပြီး





"ပြော ပြောလေ"

"အင်း သိန်းတစ်ထောင်လောက်ဆိုရင်တော့ မဆိုးပါဘူး အဟက် ဟက်"

မြသား စဉ်းစားဟန်ပြုပြီး တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"ရော့ ဒါ ခဏကိုင်ပေးထား"

လက်ထဲမှ ဟမ်ဘာဂါနှင့်ရေဘူးကို ရာပြည့်လက်ထဲ ထည့်ပေးပြီး အတွင်းခန်းထဲ ဝင်သွားသည်။ မြသား ဝင်သွားသည်ကို ငေးကြောင်ကြည့်နေစဉ် မြသား၏လက်ထဲမှ တစ်စုံတစ်ခုကိုင်ပြီး ပြန်ထွက်လာသည်။

"ဒီဟာနဲ့ ရှင့်ကိုဝယ်မယ်လေ"

"အဲဒါ ဘာလဲ"

ကတ္တီပါဘူး အပြာရောင်လေး ကမ်းပေးလာသည်မို့ ရာပြည့် လှမ်းယူလိုက်သည်။ မက်မောစိတ်နှင့်တော့မဟုတ်။ ဘူးထဲမှာ ဘာရှိသလဲ ဟူသော သိချင်စိတ်သက်သက်။

"ဟင်"

ဘူးကိုဖွင့်ကြည့်လိုက်သည်နှင့် မျက်လုံးအစုံ ပြူးကျယ်သွား သည်။

"ဒါ ဒါ ပ ပတ္တမြားလား"

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဘူးသော အရည်အသွေး ပြည့်သော ပတ္တမြားတစ်လုံးဖြစ်သည်မို့ စကားလုံးတွေတောင် အဆီအငေါ် တည့်တော့။

www.burmeseclassic.com



"အင်းလေ ဟုတ်တယ် မြသား အသက်နှစ်ဆယ်ပြည့်တုန်းက ဖေဖေ လက်ဆောင်ပေးထားတာ၊ အရင်တုန်းကတော့ မက်မောတယ် တန်ဖိုးထားတယ်၊ ခုတော့ အဲဒါကို လှူပစ်ချင်တာ၊ ဒါပေမဲ့ ရှင့်ကို အပိုင်ရမယ်ဆိုရင်တော့ ရှင့်ကို အဲဒါနဲ့ ဝယ်ရမယ်လေ"

"ဒါ ဒါ သိန်းထောင်နဲ့ချီပြီး တန်တယ်လေ၊ ကိုယ် ကိုယ်က နောက်ပြောတာကို မြသား တကယ်ထင်သွားတာပဲ"

စိတ်ထဲမှာ အံ့သြထူးဆန်းလိုက်တာမှ ပြောဖွယ်ရာမရှိတော့။ မြသားက ကိုယ့်ကို အဲလောက်တန်ဖိုးထားသတဲ့လား။ ရင်ထဲမှာ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းပင်မသိတော့။

မြသားအနားကို တိုးကပ်လာသည်။ အကြည့်တွေက ရှုန်းစိုနူးညံ့နေသည်။ ရင်ခုန်စွဲမက်ဖွယ်ကောင်းသော အလှတရားတွေက ရင်တွေ တဒိန်းဒိန်းခုန်အောင် မြူဆွယ်နေသည်။ မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်နေနေရသည်မို့ စိတ်တွေယောက်ယက်ခတ်ကာ ဆောက်တည်ရာမရဖြစ်ပြီး မြသား၏ပါးပြင်အနှံ့ကို နေရာလွတ်မရှိအောင် နမ်းရှိုက်လိုက်သည်။ လှုပ်ရှားမှုတွေက မော်တာတပ်လိုက်သလို မြန်လိုက်သည့် ဖြစ်ခြင်း။

မိန်းမတစ်ယောက်၏ပါးကို အဲလောက်ထိ ရက်ရက်ရောရော နမ်းခွင့်ကြုံရလိမ့်မည်ဟု အိပ်မက်နိမိတ်လေးတောင် မမြင်ခဲ့ဖူးပါ။

ခုတော့ မြုန်းစားကြီး နမ်းလိုက်ရတာ တမုန်းပဲ။ ရင်ထဲမှာ ရှိလာကိုစတာစီးနေရသလို ငြိမ့်ငြိမ့်လေး။





အလကားရေသွားဖြစ်စားဆိုသလို နမ်းလိုက်မိသည့်အနမ်းတွေက တကာယ်ကို ရက်ရက်ရောရော။ မြသားထံမှ ဟင့်အင်းကွယ်ဆိုသည့် ငြင်းဆိုသံသဲ့သဲ့လေးတောင် ထွက်ပေါ်မလာ။

အဲလောက်ထိ အနမ်းတွေ ဝေ်မွတ်တောင့်တနေရသလား မြသားရယ်။

အဲလိုမှန်း သိရင်လေ။

■ ■ ■

www.burmeseclassic.com

# အခန်း (၁၂)

"မင်း ဘာလို့ နောက်ကျနေတာလဲ သား"

မြသားနှင့်အတူနေပြီး မပြန်ချင်ပြန်ချင် မခွဲချင်ခွဲချင်နှင့် ခွဲခဲ့ရသည်။ အိမ်ပြန်ရောက်တော့ ညဆယ်နာရီတောင် ရှိနှင့်နေပြီ။

ဖေဖေနှင့်မေမေ အိမ်ဧည့်ခန်းထဲမှာ ထိုင်စောင့်နေကြဟန်တူသည်။ စိုးရိမ်နေကြပုံလည်း ပေါက်နေကြသည်။

"ဟုတ်တယ် မေမေ၊ အိုဗာတိုင် ဆင်းနေရလို့ပါ"

အချစ်အတွက်နဲ့ ရဲရဲဝံ့ဝံ့ လိမ်လိုက်ပါသည်။

"ဒါဆိုရင်လည်း ဖုန်းဆက်လေကွာ၊ မိဘ ဘယ်လောက်စိတ်ပူနေလဲ မင်းသိလား"

ဖေဖေ့လေသံက ဒေါသအနည်းငယ် ထွက်နေဟန်။

"ဖုန်းက ဘတ်ထရီကုန်သွားလို့ပါ၊ အားသွင်းကြိုးလည်း ပါမသွားတော့ မဆက်မိဘူး"





ဆင်ခြေကို ကြံဖန်ပြီးပေးသည်။ ဒါဆို ရုံးဖုန်းနဲ့လှမ်းဆက်ပေါ့ဟု မပြောသော ဖေဖေ့ကို ကျေးဇူးတင်မိသည်။

"ထမင်းရော စားပြီးပြီလား"

မေမေ မေးမှပင် ထမင်းမစားရသေးမှန်း ကိုယ့်ကိုကိုယ် သတိထားမိသွားသည်။ ဗိုက်ထဲမှ တဂွီဂွီမြည်လာသည်။

"မစားရသေးဘူး မေမေ၊ လက်ဖက်ရည်ပဲ သောက်ထားတာ"

"ကဲ ကဲ ဒါဆိုရင် သွားစား"

"ဟုတ်ကဲ့"

ကျောပိုးအိတ်ကို အခန်းထဲဝင်ထားပြီး ထမင်းစားခန်းထဲသို့ ခြေကုန်သုတ်ပြီး ဝင်ခဲ့လိုက်သည်။

မြသားနှင့်ချစ်နလန်ထနေတုန်းက ဒီဗိုက်ဆာရကောင်းမှန်း မသိ။

ကြည်နူးနေလိုက်ပုံများ ထမင်းမေ့ဟင်းမေ့။

ကိုယ့်တစ်ယောက်ထဲ သဘောကျစွာပြုံးရင်း စားပွဲမှာအဆင်သင့်ရှုးခပ်ထားသော ထမင်းအုပ်ဆောင်းကို လှပ်၍ အငမ်းမရစားလိုက်သည်။

မေမေ ထမင်းစားခန်းထဲ ဝင်လာသည်။

"ဟင်းရည်ရော ပူသေးရဲ့လား၊ ပြန်နွှေးပေးရမလား"

ရာပြည့်ကို အမြဲဂရုစိုက်ပေးသော မေမေ့ကို ထမင်းဝါးနေရင်းမှ

"ရပါတယ် မေမေ၊ ဒီအတိုင်းပဲ စားတော့မယ်"

www.burmeseclassic.com



မေမေ ရာပြည့်ဘေးနားရှိ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

''သားကို မေမေ ပြောစရာရှိလို့''

ပဲဟင်းရည်ကို ခပ်သောက်ရင်း မေမေ့ကို ငဲ့ကြည့်ပြီး

''ဘာပြောမလို့လဲ မေမေ''

''သားကို မိန်းမပေးစားမလားလို့''

ဆိုင်းမဆင့်ဗုံမဆင့် ပြောချလိုက်သော မေမေ့စကားကြောင့် ရာပြည့် ထမင်းပင် သီးသွားရသည့်အဖြစ်။

''အဟွတ် အဟွတ် အဟွတ်''

''ဟဲ့ သား အဲလောက် ဝမ်းသာစရာမလိုပါဘူးကွယ်၊ ထမင်းတွေတောင် သီးကုန်ပြီကွယ်''

ရာပြည့် ကျောကုန်းကို ခပ်ဖွဖွထုပေးရင်း မေမေ ရယ်ကာမောကာ ပြောသည်။ ရာပြည့် ရေဖန်ခွက်ထဲမှရေကို ကမန်းကတမ်း မော့ချလိုက်ပြီး ထမင်းအနင်ပျောက်တော့မှ

''ဘာ ဘာရယ် မေမေ၊ သားကို မိန်းမပေးစားမလို့ ဟုတ်လား''

''အင်း''

''ဟာ မေမေကလည်း မမကို အရင်ပေးစားလေဗျာ''

''သူနဲ့သဘောတူထားတဲ့ သတို့သားလောင်းက နိုင်ငံခြားမှာနေတာ၊ ခုထိမှပြန်မလာသေးတာ၊ ကြာဦးမှာမို့ မင်းကိုအရင်ဆုံး စီစဉ်ရတာ၊ မေမေတို့ မြေးချီချင်ပြီ၊ ဒါကြောင့် မင်းမိန်းမယူပြီး မေမေတို့ကို မြေးလေးတွေမွေးပေး''





လောဘကြီးလွန်းသော တောင်းဆိုမှုကြီးက ကျောချမ်းချင်စရာ။

''မေမေရာ တစ်ခါမှမမြင်ဖူး မတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အတွက် ကျွန်တော့်စိတ်တွေ အဆင်သင့်မဖြစ်သေးဘူး''

''မငြင်းနဲ့တော့ သား၊ မေမေတို့လူကြီးချင်း ပြောပြီးပြီ၊ စကားတွေလည်း ကျွံထားပြီးကြပြီ၊ နောက်ပြီး အဲဒီမိန်းကလေးက ဂုဏ်သရေရှိတဲ့အမျိုးကောင်းသမီး သားလည်းသိနေတာပဲ''

''သားလည်းသိပြီးသား ဟုတ်လား''

''အင်း ဟုတ်တယ် လသော်တာလေ''

ပါးစပ်ထဲမှ ထမင်းလုပ် ဘုတ်ခနဲ ပြုတ်ကျလောက်အောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ငြင်းဆန်မည်ဆိုလျှင်တောင် ငြင်းဆန်စရာတစ်ကွက်မှမရှိအောင် ပြစ်မျိုးမဲ့မထင် မိန်းကလေးမျိုး။

''ကဲ ဘယ်လိုလဲ သား၊ သဘောတွေ့သွားပြီမဟုတ်လား''

ရယ်ပြီးမေးလိုက်သော မေမေ့အမေးကို ငေးကြောင်ကြည့်ရင်း ခပ်လေးလေး ခေါင်းခါလိုက်သည်။

ငြင်းရမှာ အားနာပါတယ် လသော်တာ။ ဒါပေမဲ့ ငါ့ရင်ထဲမှာ မြသားသွင်က အရင်ရှိနှင့်နေပြီ။ သူနဲ့ငါ မဖျော်လင့်ဘဲ အရင်းနှီးဆုံးသူတွေ အဆင့်ကို ရောက်သွားကြပြီ။

''ကျွန် ကျွန်တော် လသော်တာကို လက်ထပ်လို့ မဖြစ်ဘူး

www.burmeseclassic.com



မေမေ''

မေမေ၏အမေးတုံးစပြုနေသော ဖင်ယော်တောင်မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

''ဘယ်လို လသော်တာလိုမိန်းကလေးမျိုးကို သားက ငြင်းတယ် ဟုတ်လား၊ ဘုရား ဘုရား မင်း လူရော အဲ ယောက်ျားတစ်ယောက်ရော ဟုတ်ရဲ့လား''

အားမလိုအားမရဖြင့် မေးလာသော မိခင်ဖြစ်သူကို မျက်လုံး ပေကလပ် ပေကလပ်ကြည့်ရင်း

''မေမေက လသော်တာနဲ့ ဘယ်တုန်းက အဖွဲ့ကျသွားတာလဲ၊ သူက မမဆီမှာ အကျီချုပ်နေတဲ့သူပဲ၊ ခုမှတွေ့ဖူးတဲ့သူကို မေမေမို့ ချွေးမတော်ချင်တယ်''

''မဟုတ်တူး သား၊ သူတို့မိသားစုနဲ့ မေမေတို့နဲ့က ဟိုးငယ်ငယ် ကတည်းက ဆွေမျိုးအရင်းတွေလို ခင်မင်ကြတာ၊ သားနဲ့လသော်တာ လေးနှစ်သားလောက်မှာ သူတို့မိသားစု လှိုင်လင်ကိုပြောင်းသွားကြတယ်၊ အဲဒီကတည်းက အဆက်အသွယ်ပြတ်သွားကြတာ၊ ခုမှပဲ ပြန်ဆုံကြတော့ တာပါပဲ၊ ဘာပဲဖြစ်ဖြစ် လူကြီးချင်း ပြောဆိုပြီးကြပြီဆိုတော့ မှုမနေပါနဲ့ တော့ သားရယ်၊ ဖေဖေနဲ့မေမေက အဲဒီကိစ္စပြောချင်လို့ စောင့်နေတာ''

''ကျွန်တော်ကလည်း ဘာပဲဖြစ်ဖြစ် လသော်တာကို လက်ခံလို့ မဖြစ်နိုင်ဘူးထင်တယ် မေမေ''

ထမင်းပင်ဆက်စားချင်စိတ် မရှိတော့။





''သားရယ် လသော်တာက ငြင်းစရာမရှိတဲ့ မိန်းကလေးပါ၊ ဒီလို ဆရာဝန်မလေးကို သားမို့ငြင်းရက်တယ်ကွယ်၊ ဘာလဲ မင်းမှာ ချစ်သူရှိနေလို့လား သား''

ပွင့်ပွင့်လင်းလင်း မေးလာသော မေမေ့အမေးကြောင့် ငိုချင် လျက် လက်တို့ဆိုသလို ဖြစ်ကာ ပြောချင်လွန်းအား ကြီး၍ လျှာခလုတ် တိုက်မတတ်။

''ရှိ ရှိတယ် မေမေ ရှိတယ်''

''အလို ဘုရားရေ တကယ်ကြီးလား''

ရင်ဘတ်ဖိကာမေးသော မေမေ့ကို ပြုံးပြုံးကြီးခေါင်းညိတ်လိုက် ပြီး

''တကယ်ကြီးပါ မေမေ''

''ဘယ်သူလဲ ဘယ်ကလဲ မိကောင်းဖခင် သားသမီးမှ ဟုတ်ရဲ့ သား၊ မိန်းမရော ပီသရဲ့လား အဲ နောက် နောက်ပြီး အပျိုရောစစ်ရဲ့ လား သားရယ်''

မေးခွန်းပေါင်းများစွာကို အလောတကြီး မေးလာသော မေမေ့ ကြောင့် ရာပြည့်ခေါင်းကုတ်လိုက်ပြီး

''သိချင်တာတွေက များလိုက်တာ မေမေရာ၊ ကဲ သားပြောပြ မယ် သေချာနားထောင် သူ့နာမည်က မြသားသွင်၊ သူတို့က မိုးကုတ်မှာ နေကြတယ်၊ ရန်ကုန်မှာကျောင်းလာတက်တာ၊ သူ့မိဘတွေက ကျောက် တွင်းသူဌေးတွေဆိုတော့ လူကြီးလူကောင်းတွေပါ၊ မိန်းမကတော့ ပီသမှာ

www.burmeseclassic.com



ပါ၊ ဟဲ ဟဲ သူ့အိမ်ကိုသွားတာများ ဖုန်တစ်စက်မရှိဘူး သန့်ရှင်းတောက် ပြောင်နေတာပဲ''

ဖုန်တလုံးလုံးနှင့် ရှုပ်ပွနေသော မြင်ကွင်းကို ပြောင်လိမ်ပြောင် စားလုပ်လိုက်သည်။ မိန်းမပီသဘူးပြောလျှင် မေမေ အမှတ်လျော့ခံ မှာစိုး၍ဖြစ်သည်။

''ဒါဆို နောက်တစ်ချက်ကရော''

''ဟာ မေမေကလည်း သူက ကျောင်းသူပဲရှိသေးတာ ရည် စားလည်း သားကလွဲပြီး တစ်ခါမှထားဖူးပုံမပေါ်ဘူး၊ အပျိုတော့ စစ်မှာ မေမေရ၊ ဒီထက်သေချာချင်ရင် မေမေ သွားလှန်ကြည့်မှပဲ ရတော့မယ်''

''ဟယ် ဒီကောင်လေး ပေါက်ကရပြောပြီ အမေ လှန်ကြည့်ရ သင့်တော်မလား သားရဲ့''

''ဟမ် ဒါဆို သားလှန်ကြည့်ရမှာလား''

''အေး ဒါပေါ့ အယ် ဟဲ့ ဟဲ့ ဘာတွေပြောနေတာလဲ၊ ငေ ငါနဲ့ယ် ငါပါ စကားတွေမှားကုန်ပြီ၊ ဒီကိစ္စက အဲလိုလုပ်လို့ရပါ့မလား''

''မေမေပဲ အပျိုစစ်မစစ် သိချင်တယ်ဆို၊ ပြော သူ အပျိုစ မစစ် ဘယ်နေရာကိုကြည့်ပေးရမလဲ သား ကြံ့ရင်ကြည့်လိုက်မယ်လေ''

ဘုမသိကိုးမသိ ပြောနေသော သား၏ရိုးတုံးပုံကိုကြည့်ပြီး မိ ဖြစ်သူ အားရပါးရ ရယ်တော့သည်။ ရယ်တာမှ တံတွေးစက်တွေ ရာပြ ထမင်းပန်းကန်ထဲ ဝင်မတတ်။

■ ■ ■



''ဟင် တကယ်ပြောတာလား မေမေ''

''ဟုတ်တယ် ညက ညည်းမောင်ကိုယ်တိုင်ပြောတာ၊ သူ့မိဘ တွေက ကျောက်တွင်းသူဌေးတွေဆိုလားပဲ''

''ဒါဆို လသော်တာနဲ့ လက်ထပ်ပေးဖို့ပြောထားဆိုထားတာ တွေ ဘယ်လိုလုပ်မလဲ''

''ခဏတော့ အချိန်ဆွဲထားရမှာပေါ့ သမီးရယ်၊ အမှန်အတိုင်း သွားပြောလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီကောင်လေးက လုပ်လိုက်ရင် အလွဲလုပ်တတ်တဲ့ကောင်၊ ရည်းစားရှိတယ်ဆိုတိုင်း အတည်မှတ်လို့ရတာ ဟုတ်ဘူး၊ မေမေကတော့ လသော်တာလေးကိုပဲ ခံတွင်းတွေ့ အဲလေ သဘောကျတယ်''

သားအမိနှစ်ယောက် ရာပြည့်ကြောင့် ခေါင်းချင်းဆိုင်နေကြ သည်။ လသော်တာလို အရည်အချင်းလည်းရှိ ရုပ်ရည်လည်းပြောစရာ မရှိ အကျင့်သိက္ခာပိုင်းဆိုလျှင် လုံးဝကို ပြစ်မျိုးမဲ့မထင်။ ဒီလိုယောင်းမ မိန်းနှင့် လွဲရမည့်အဖြစ်ကိုတော့ အရောက်မခံနိုင်။

''ဒါဆို ဘယ်လိုလုပ်ကြမလဲ မေမေ''

''အခြေအနေစောင့်ကြည့်ပြီး ခွဲသင့်တာ ခွဲရမှာပေါ့''

''ဒါဆိုရင် အဲဒီကောင်မလေး ဘယ်မှာနေသလဲဆိုတာမေးပြီး သမီးတို့သွားပြီး အကဲခတ်ကြည့်ကြတာပေါ့၊ အခြေအနေမဟန်ဘူးထင် ရင် တစ်ခါတည်းခွဲပစ်ခဲ့၊ တို့သားမှာ သဘောတူထားတဲ့မိန်းကလေးရှိ သားလို့ ပြောခဲ့လိုက်တော့''

www.burmeseclassic.com



"အေး အဲလိုပဲ လုပ်ရတော့မှာပဲ"

"ဒါဆို ဒီနေ့ကစပြီး မေမေ့သားကို စောင့်ကြည့်ရမယ်၊ ဒီကိစ္စကို လသော်တာကိုတော့ လုံးဝ အသိမပေးနဲ့ဦးနော်၊ မေမေ ဒီလိုချွေးမမျိုးက ထမင်းထုပ်သိုးသွားမယ်၊ ရှာတွေ့မှာမဟုတ်ဘူး"

"အေးပါ အေးပါ"

■ ■ ■

## အခန်း (၁၃)

"ရာပြည့် ရာပြည့် အောင်မလေး မင်းဘယ်လိုလုပ်လိုက်တာလဲကွာ၊ ငါ့ဘဝမှာ အမြတ်တနိုး တန်ဖိုးထားရတဲ့ ငါ့ချစ်သူလေးကို မင်းကြောင့် ဆုံးရှုံးလိုက်ရပြီကွ"

အိမ်ပေါ်ကို ပုဆိုးမနိုင်ပဝါမနိုင်ဖြင့် ငိုကြီးချက်မဖြင့် တက်လာသော ကိုတာထူးကြောင့် ညှော်ခန်းထဲတွင် ဖေဖေနှင့်အတူ ထိုင်ပြီး သတင်းစာဖတ်နေသော ရာပြည့် လန့်သွားသည်။

"သား၊ အဲဒါ ဘယ်သူလဲ"

"သားတို့ရုံးကပါ ဖေဖေ"

"ဘာဖြစ်လို့လဲ သူ့ချစ်သူ ဆုံးသွားပြီထင်တယ်၊ ငိုလာလိုက်တာ ကြည့်ပါဦး"

"အင်း ဖြစ်နိုင်တယ် ဖေဖေ၊ မြမြက ဝတော့ သွေးတိုးရှိတယ် ခုတ်တရက် ဦးနှောက်သွေးကြောပြတ်သွားတာပဲ ဖြစ်မယ်"

www.burmeseclassic.com



သားအဖနှစ်ယောက် ထင်ကြေးဖြင့် တီးတိုးပြောနေကြစဉ် ကိုဘထူး ရာပြည့်ဘေးမှ ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကိုဘထူး ဘာဖြစ်လာတာလဲဗျာ၊ ဒီနေ့ ရုံးပိတ်ရက်ကြီးမှာ ခင်ဗျား ငိုလာတာ နိမိတ်မရှိလိုက်တာ"

"ဟုတ်တယ် နိမိတ်မရှိဘူး၊ ငါ့ဘဝကြီးရှေ့လျှောက် နိမိတ်မရှိတော့ဘူး မင်းကြောင့် အဲဒါ မင်းကြောင့်ပေါ့ ရာပြည့်ရယ်၊ ငါ မြန်နဲ့ဒီ တစ်သက်ဝေးပြီ"

မျက်ရည်နှင့်အတူ ရောနေသော နှပ်ရည်တွေကို ပုဆိုးစဖြင့် ဆွဲသုတ်ပြီး ရာပြည့်ကို အပြစ်တင်လာသော စကားကြောင့် ဖခင်ဖြစ်သူပါ မျက်မှန်ကြီးပင့်ပြီး ကိုယ်ကိုရှေ့ကို ကိုင်းလာပြီး

"ငါ့တူ မင်းငိုသံပါကြီးနဲ့ ပလုံးပထွေးပြောနေတာထက်စာရင် စိတ်ကို ငြိမ်အောင်ထိန်းပြီး တစ်လုံးချင်း ရှင်းပြပါလားကွာ"

"ရှင်းမယ် ရှင်းပြပါ့မယ် ရှင်းချင်လွန်းလို့ မနက်စောစော ဟိုဟာမကြီး အိပ်ရာထဲကနေ အတင်းကိုလစ်ထွက်လာရတာပါ ဦးလေးရယ်"

"အေး ပြော ပြော ဦးလေး နားထောင်မယ်၊ ဦးလေးရဲ့သား ဘာတွေ တလွဲလုပ်လာပြန်ပြီလဲဆိုတာ"

သားဖြစ်သူ၏အလွဲတွေကို ဖခင်ဖြစ်သူ ရင်တမမနှင့် နားထောင်ရန် တံတွေးတစ်ချက်ကို ဂလုခနဲ မျိုချလိုက်သည်။

"ဒီမှာ ရာပြည့် ငါ မနေ့က မင်းကိုပေးခိုင်းတဲ့စာကို မင်း





ဘယ်သူ့သွားပေးလဲ"

"ဟာ ခင်ဗျားရဲ့ မြမြကို သွားပေးတာလေ"

"လွဲပြီ အဲဒီမှာ အကြီးကြီးလွဲပြီ၊ တစ်ဘဝလုံးစာလွဲပြီ၊ ပြန်ဆက်လို့မရအောင်ကိုလွဲပြီ"

လွဲပေါင်းများစွာတွေကို တတွတ်တွတ်ရွတ်နေသော ကိုဘထူးကို ပြူးကြောင်ကြည့်ရင်း

"ဘာလွဲတာလဲ ခင်ဗျားပဲ မြကို ပေးပေးပါဆိုလို့ ကျွန်တော် သွားပေးတာလေ"

"ငါပေးခိုင်းတာ အဲဒီ ဝက်မ မြမြကို ပေးခိုင်းတာမဟုတ်ဘူး၊ ငါပေးခိုင်းတာ မင်းတို့ section ထဲက စိုးမြကျော်ကို ပေးခိုင်းတာလေ"

"ဗျာ"

ရာပြည့် မျက်လုံးပြူးကာ ခေါင်းမွှေးထောင်မတတ်။

"ဒါဆို ခင်ဗျားက ဘာလို့ မြလို့ပြောလဲ"

"ငါက ငါ့ချစ်သူကို ချစ်စနီးနဲ့ မြလို့ ခေါ်တာပေါ့"

"အဲဒီမှာခင်ဗျားစပြီး လွဲတာလေ၊ စိုးမြကျော်ကို ပေးပေးပါဆိုရင် ကျွန်တော်က စိုးမြကျော်ကို ပေးပေးမှာပေါ့၊ မြလို့ ပြောတော့ အဲဒီ မြမြကိုပဲ ပြေးမြင်မိတာလေ၊ အဲဒီမြမြကလည်း ခင်ဗျားအကြောင်း ကျွန်တော့်ဆီမှာ တိတ်တိတ်ကလေး စုံစမ်းတာလေ၊ ဒီတော့ ခင်ဗျားတို့ကို တွဲနေပြီထင်တာပေါ့"

"အောင်မလေး ထင်စရာလား၊ အခု မင်းထင်လိုက်လို့ ငါ့ဘဝ

www.burmeseclassic.com



သွားပြီကွ''

''သြော် ဒါများ ရာပြည့် လူမှားပြီး ပေးလိုက်တဲ့စာပါလို့ ပြောပြီး ပြန်တောင်းပန်လိုက်ပေါ့ ရှင်းရှင်းလေးကို ရှုပ်နေတယ်''

''အဲလို ပြန်တောင်းလို့ရရင် ငါ မင်းဆီကို ခုလို ဝမ်းနည်းပက်လက်နဲ့ အပြေးအလွှား ရောက်လာမလား ရာပြည့်ရယ်''

''ဟမ် ဒါ ဒါဆို ဘာဖြစ်လို့လဲ၊ ဘာဖြစ်သွားလို့လဲ စိုး စိုးမြကျော်သိပြီး ခင်ဗျားကိုဖြတ်သွားလို့လား၊ ဒါဆိုရင်တော့ ကျွန်တော့်အမှားပါဆိုပြီး သွားတောင်းပန်လိုက်မယ်လေ''

ပြေရာပြေကြောင်း ပိုင်းစဉ်းစားပေးလိုက်သော်လည်း ကိုဘထူး မျက်ရည်တွေက တိတ်မသွား။

''အဲဒီစာကို မှားပေးတယ်လို့ပြောပြီး တောင်းပန်လို့လည်း မရ တော့ဘူး၊ ငါ့ဘဝက ချောင်ပိတ်မိတဲ့ခွေးတစ်ကောင်လိုပဲ တဂိန်ဂိန်နဲ့ အော်ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး၊ အဲဒီနေ့က မင်းကိုပေးခိုင်းတဲ့စာက ဘာစာလို့ထင်လဲ''

''ရည်းစားစာလေ''

''အေး ရည်းစားစာဆိုပေမယ့် မြကိုခိုးပြေးဖို့ ချိန်းထားတဲ့စာကွ သိရဲ့လား''

''ဟေ''

''ဗျာ''

သားအဖနှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်ပြီး ဘာပြန်ပြောရမှန်းမသိတော့။

''အဲဒီညက ငါက စိုးမြကျော်ဆီ စာရောက်ပြီအထင်နဲ့ ချိန်းထားတဲ့နေရာကို သွားခိုးတော့ မြမြက အဝတ်သေတ္တာသုံးလုံးနဲ့ ထိုင်စောင့်နေတယ်၊ ငါ သူ့ကိုမြင်တော့ အရမ်းအံ့ဩသွားပြီး စိုးမြကျော်နဲ့ အဖော်လိုက်လာပေးတယ်ထင်ပြီး မြရောလို့ မေးလိုက်တယ်''

ကိုဘထူး ထိုညက အဖြစ်အပျက် ပြန်ပြောရင်း

''မြ မြရော မြ''

''ဟယ် ကိုဘထူး ဟောဒီမှာ ရှင့်ရှေ့မှာလေ မြ၊ ရှင်ချိန်းထားတဲ့နေရာကိုလေ မြက ကြိုရောက်နေတာ နှစ်နာရီလောက်တောင်ရှိနေပြီ ဟောဒီမှာကြည့် သေတ္တာသုံးလုံး၊ တစ်လုံးက မြအဝတ်အစားတွေ တစ်လုံးက အိုးခွက်ပန်းကန်နဲ့ စားစရာတွေ၊ ဆန်ဆီငရုတ်ကြက်သွန်က အစ ပါတယ်၊ ဒီတစ်လုံးကတော့ စောင်ခြင်ထောင်ခေါင်းအုံး ရှင်နဲ့ကျွန်မ နှစ်ယောက်စာ အိမ်ကနေ အပြီးသယ်လာတယ်၊ ဟောဒီအိတ်ထဲမှာ ငွေဆယ်သိန်း၊ ရှင့်ဆီကစာရတဲ့ ဒီနေ့ပဲ ရုံးမှာစုမဲဆယ်သိန်းထုတ်တဲ့နေ့မို့လို့ ဆယ်သိန်းစလုံး ယူလာတယ်''

ကိုဘထူး ခေါင်းနပန်း ကြီးသွား၏။

''ဟာ လွဲ လွဲကုန်ပြီ၊ ဒီ ဒီမှာ မအဝှာ ကျုပ်ခိုးမှာ ခင်ဗျားကို ဟုတ်ဘူး၊ ဟာ ဟိုကောင် ရာပြည့်လူမှားပြီးပေးလိုက်တာပဲ၊ ဆောဆာရီးဗျာ ကျွန်တော်တောင်းပန်တယ်၊ ကျွန်တော် ခိုးပြေးဖို့ပေးခိုင်းတဲ့စာက ခင်ဗျားအတွက် မဟုတ်ဘူး''

www.burmeseclassic.com



"ဘာ"

မြမြ၏ဘာဟူသော အသံက ဝါးလုံးကွဲမတတ်။

"ဖြည်း ဖြည်းဖြည်းအော်ပါဗျာ ညကြီးအချိန်မတော် လူတွေ တစ်မျိုးထင်ကုန်ပါ့မယ်"

"အော်မှာပဲ ကျွန်မက အိမ်ကိုစာရေးခဲ့ပြီးပြီ၊ ရုံးက ကိုဘထူ ဆိုတဲ့ ရှင်နဲ့နိုးရာလိုက်သွားပါပြီလို့ ရှင်က ကျွန်မကို ခုလိုခေါ်သွားမယ် ဆိုရင်တော့ ကျွန်မ ဟောဒီကားလမ်းမှာ ဝစ်လစ်စလစ်နဲ့ ကားတိုက်ခံ လိုက်မယ်၊ ဒါမှ ရှင်က ကျွန်မကို မတော်မတရားကျင့်ပြီး ကားလမ်းပေါ် ပစ်ထားပါတယ်လို့ မိဘတွေကထင်ပြီး ရှင့်ကို ထောင်ထဲသွင်းမှာ"

"အောင်မလေးဗျာ အကြံကြီးလိုက်တာ"

"ကြီးမှာပဲ ရှင် ကျွန်မကို လက်ထပ်လိုက်လို့ ဘာများနစ်န မှာမို့လဲ၊ ရှင် တစ်ပြားတစ်ချပ်မှမကုန်ဘဲ မိန်းမယူရမယ့်အခွင့်အရေး ရှင်ကနာသေးလား၊ အဟင့် အဟစ် ကျွန်မဘဝတော့ သွားပါပြီ ယောကျ်ားမရတဲ့အပြင် လမ်းဘေးမှာ ဝစ်လစ်စလစ်နဲ့ သေရမယ့်အဖြစ်"

ပြောရင်းဖြင့် မြမြ အော်ကြီးဟစ်ကျယ် ငိုပါတော့သည်။

ကိုဘထူး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့။ မြကလေးနှ ဒီတစ်ညက အတူတူရင်ခုန်ကြမယ်ဟူသည့် အတွေးတွေ ခုတော့ မြမြ ကိုယ်လုံးဖိုင့်ဖိုင့်ကြီးအောက်တွင် ပိပြားရတော့မည့်အခြေအနေ။

နောက်တစ်နေ့ဆိုလျှင် ဘထူးက မြမြလှိုင်ကို ခိုးပြေးသွားသည် ဆိုတဲ့သတင်းက တစ်ရုံးလုံးကို ပျံ့နှံ့တော့မည်။ စိုးမြကျော်နှင့်လည်





ဆုံစရာအကြောင်းမရှိတော့။

"ကဲ ဘယ်လိုလုပ်မှာလဲ၊ ဒီအတိုင်း ကျောက်ရုပ်ကြီးလို ဘာ စကားမှမပြောဘဲနဲ့ ရပ်နေတော့မှာလား၊ ကျွန်မက မိန်းကလေးနော် ကိုဘထူး ရှင့်ကြောင့် ကျွန်မ တစ်ရက်ကနေ နှစ်ရက်ဖြစ်ရတော့မယ်၊ ကိုယ်ချစ်တဲ့သူနဲ့မပေါင်းရမှတော့ ဒီဘဝ အပျိုကြီးဆက်လုပ်နေတော့ရော ဘာထူးတော့မှာလဲ"

နှလုံးသားက စိုးမြကျော်ကို မပစ်ရက်နိုင်ပေမယ့် မြမြကို လက်ထပ်လိုက်လည်း လူပျိုကြီးဘဝက ကျွတ်တာပါပဲမို့ နောက်ဆုံး စိတ်ကို ဒုံးဒုံးချကာ

"ကဲ ကဲပါ ငါ့နှလုံးသားခံစားချက်ကို ဘေးချိတ်၊ ခုလောလော ဆယ် မင်းရဲ့အရှက်တရားကို ငါကယ်မှဖြစ်တော့မှာမို့ ခိုးရတော့မှာပေါ့"

နောက်ဆုံးတော့ ကိုဘထူး ခိုးပြေးချင်တာက စိုးမြကျော် တကယ်တမ်း မဖြစ်မနေ ခိုးပြေးလိုက်ရတာက မြမြလှိုင် ဖြစ်နေသည်။

ရာပြည့် နားထောင်နေရင်းမှ သက်ပြင်းတွေ အကြိမ်ကြိမ်ချ လိုက်သည်။ ကိုယ့်အလွဲတွေက ဘယ်တော့များမှ နိဂုံးချုပ်မှာလဲ၊ ဦးအောင် မြတ်နှင့်မသီတာမြင့်တုန်းကလည်း ကိုယ့်ပယောဂမကင်း၊ ခုကိုဘထူးနှင့် စိုးမြကျော် လွဲခဲ့ရသည်ကလည်း ကိုယ့်ပယောဂမကင်း။

အတူတူ လူပျိုကြီး ကိုဘထူးနှင့်မလည်ရှုပ် ရာပြည့်တို့ နှစ် ယောက်ပေါင်းမိမှတော့ အလွဲကပိုပြီး ကြီးပြီမို့ ဘာမှပြန်ပြင်၍မရတော့။

ကိုဘထူးကတော့ တရှုံ့ရှုံ့နှင့်ငိုနေဆဲ။ ရာပြည့် ဖခင်မှာ သက်မ

www.burmeseclassic.com



ကို ဟင်းခန် ချပြီး ဘယ်အချိန်ထိ လွဲနေဦးမည်မသိသော သားဖြစ်သူကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်။

■ ■ ■

## အခန်း (၁၄)

ဒီနေ့တစ်နေ့လုံး ကိုဘထူးကိစ္စ စိတ်မကောင်းဖြစ်ပြီး အိမ်ထဲက အိမ်ပြင်မထွက်။ ညသန်းခေါင်ကျော် လူခြေတိတ်ချိန်မှ ခြံထဲမှာ အဆင်သင့်ထောင်ထားသော စက်ဘီးနှင့် မြသားဆီသို့ ထွက်လာခဲ့လိုက်သည်။

ရာပြည့်အိမ်ကထွက်လာတာ ဘယ်သူမှမသိ။ သိ၍လည်းမဖြစ်။ အကယ်၍ သိသွားလည်း ယောင်ပြီး ထွက်သွားတယ်ပေါ့။

အကြောင်းပြချက်တစ်ခုအဖြစ် လက်ဆုပ်လက်ကိုင်ပြုထားသော အကျင့်ကို ဒီလိုနေရာမှာ အသုံးချရမှာပင်။

တစ်လမ်းလုံး ကားအသွားအလာရှင်းပြီး လူခြေတိတ်ဆိတ်နေသော လမ်းမကြီးမှာ ရာပြည့်စက်ဘီးကို ဒုန်းဆိုင်းပြီးနင်းလိုက်သည်။

မြသားတို့တိုက်ရှေ့ရောက်သည်နှင့် မြသားတို့အခန်းကိုမော့ကြည့်လိုက်သည်။ မြသားအခန်းမှ မီးရောင်ပြပြ လင်းနေသည်။

www.burmeseclassic.com



စက်ဘီးကို လမ်းမပေါ်ရပ်မနေဘဲ သံပန်းတံခါးကိုဆွဲဖွင့်ပြီး တိုက်လှေကားခြေရင်း မီးတာပုံးတွေထားသည့်နေရာတွင် ထောင်ထားခဲ့လိုက်သည်။

လာမည်ဆိုတာ ကြိုဖုန်းဆက်ထား၍ မြသား မအိပ်ဘဲ စောင့်နေတော့မှာ သေချာသည်။ ဒီညလည်း မြသားကို ရင်ခွင်ထဲထည့်သိပ်ပြီး အချစ်တွေမျှဝေခံစားကြမှာမို့ ရင်တွေပိုးစိုးပက်စက် ခုန်နေသည်။

လူမြင်ကွင်းမှာ ချစ်ပြရတာထက် လူမသိသူမသိအချိန်မှာ ချစ်ကြရတာ ပို၍ ပျော်စရာကောင်းသည်။

လှေကားထစ်တွေအတိုင်း အပြေးတစ်ပိုင်းဖြင့် တက်လာလိုက်သည်။

■ ■ ■

ဆေးကျမ်းဖတ်နေရင်းမှ မျက်ရိုးတွေကိုက်လာသည်မို့ စာဖတ်ခြင်းကို ခဏရပ်ကာ အိမ်ရှေ့ဝရန်တာသို့ ထွက်ရပ်နေသူ လသော်တာမှာ စက်ဘီးနင်းလာသော ရာပြည့်ကို ဓာတ်မီးတိုင်အလင်းရောက်အောက်မှာ တွေ့လိုက်ရသည်။

"ဟင် ရာပြည့်ပါလား။ ဒီအချိန်ကြီး ဘယ်ကိုလာတာပါလိမ့်"

စက်ဘီးကို တိုက်အောက်ခြေဝင်းတံခါးထဲသွင်းကာ မြင်ကွင်းထဲမှ ပျောက်သွားသော ရာပြည့်ကို ငုံ့ကြည့်ပြီး လသော်တာ ဖဝေဖဝါ ဖြစ်၍နေသည်။

"ဒီအချိန်ကြီး သူ ဘာတွေလုပ်နေတာပါလိမ့်"





ဝရန်တာမှ ဆက်ရပ်မနေတော့ဘဲ အိမ်ထဲပြန်ဝင်ကာ အိမ်တံခါးသော့ခ်ကိုဖွင့်ပြီး အိမ်အပြင်ကိုထွက်ကြည့်လိုက်သည်။

လှေကားပေါ် ခပ်သွက်သွက်နင်းတက်လာသော ခြေသံက တိတ်ဆိတ်သောညမှာ ကျယ်လွန်းနေသည်။

"ဘုရားရေ ငါ့ဆီများလာတာလား"

မဖြစ်နိုင်ပါဟု ကိုယ့်အတွေးကို ပြန်၍ငြင်းဆိုလိုက်သည်။ ဟိုးအရင်နေ့တုန်းကလည်း လသော်တာဆီလာသည့်အထင်နှင့် အိမ်တံခါးဝမှာ ရပ်စောင့်နေဖူးသည်။ ရာပြည့် ရောက်မလာ။

အကြောင်းအရင်းကို သိချင်စိတ်က ရင်ထဲမှာ ကြီးထွားလာသည်။ ထို့ကြောင့် ရပ်ကြည့်မနေတော့ဘဲ လှေကားအတိုင်း ဆင်းလာခဲ့လိုက်သည်။ လှေကားထောင့်ချိုးအကွယ်တွင် သံပန်းတံခါးဆွဲဖွင့်သံ ပိတ်သံတို့ ကြားလိုက်ရ၍ ရှေ့ဆက်မဆင်းတော့ဘဲ ကိုယ်ကို ကွယ်ရပ်ပြီး အသာချောင်းကြည့်လိုက်သည်။

"ဟင် ဟိုအိမ်ထဲ ဝင်သွားတာလား ဘုရားရေ"

လသော်တာ မျက်လုံးအဝိုင်းသားဖြင့် တစ်ကိုယ်ထဲ ဘုရားတလိုက်မိသည့်အဖြစ်။ လှေကားမှာ ဆက်ရပ်မနေတော့ဘဲ အမြန်ပြန်၍ ပြေးတက်ခဲ့လိုက်တော့သည်။

အိမ်ထဲရောက်သည်နှင့် တံခါးကို အမြန်ဆွဲပိတ်ပြီး နံရံမှာ ခဏမှီရပ်လိုက်သည်။ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတွေက ရင်ဘတ်အစုံကို နိမ့်ချည်မြင့်ချည်နှင့်။ လူက စိတ်လှုပ်ရှားနေဆဲ။

www.burmeseclassic.com



အဲဒီအခန်းနှင့်ရာပြည့် ဘာပတ်သက်မှုရှိသလဲ။ ရာပြည့်များ မမသန့်တို့မသိအောင် ဝှယ်ထားတာလား။

ညကြီးအချိန်မတော် ဒီအခန်းကိုရော လာစရာ ဘာအကြောင်း ရှိမှာမို့လဲ။

■ ■ ■

"ကိုယ်တို့ လက်ထပ်ကြရအောင် မြသားရယ်"

ရာပြည့် ရင်ခွင်မှာမှီတွယ်နေသော မြသားသွင် မော့ကြည့်သည်။

"ဘယ်လို လက်ထပ်မယ် ဟုတ်လား"

"အင်းလေ ခုလို ညဘက်တွေမှာ မြသားနဲ့အတူတူ လာနေမှတော့ မြသားဟာ ကိုယ်တမြတ်တနိုး တန်ဖိုးထားတဲ့မိန်းကလေးမို့ပေါ့၊ ဒီလိုကြီး အမြဲတစေနေတာဟာ ကိုယ့်အတွက် ဘာမှမဖြစ်ပေမယ့် မြသား အတွက်တော့ ဂုဏ်သိက္ခာမဲ့ရာကျတယ်"

"ဟင့်အင်း မြသားကတော့ ရှင်နဲ့ချစ်နေရရင်လေ တန်ဖိုးနည်း တာတွေ ဂုဏ်သိက္ခာမဲ့တာတွေ မတွေးဘူး"

"ဪ အဲလိုလည်း ဘယ်ဟုတ်မလဲ မြသားရယ်၊ ပတ်ဝန်း ကျင်ဆိုကာလည်း ရှိသေးတယ်လေ"

လူကြီးဆန်စွာပြောနေသော ရာပြည့်စကားကြောင့် မြသားသွင် မျက်နှာညှိုးသွားကာ ရာပြည့်ရင်ခွင်မှ ခွာလိုက်ပြီး

"ပတ်ဝန်းကျင် ဟုတ်လား အင်းနော် အဲဒီပတ်ဝန်းကျင်ကို





မြသား မေ့ထားခဲ့တာကြာပြီ၊ ဟင့်အင်း မဟုတ်ဘူး မြသားက မေ့ထား ခဲ့တာမဟုတ်ဘူး၊ သူတို့က မြသားကို မေ့သွားကြတာ၊ ခုတော့လေ မြသားနဲ့ပတ်ဝန်းကျင်ဆိုတာ တစ်ကမ္ဘာစီခြားနေသလိုပါပဲ"

မြသား ဘာတွေပြောနေတာလဲ။ ဘယ်လောက်ပဲ အထီးကျန် နေပါစေ ပတ်ဝန်းကျင်နဲ့ကမ္ဘာခြားနေတယ်ဆိုတဲ့စကားလုံးကြီးကတော့ အဓိပ္ပာယ်သိပ်မရှိ။

"ပတ်ဝန်းကျင်နဲ့မြသားက ဘာလို့ကမ္ဘာခြားရမှာလဲကွာ၊ အခု မြသားနေနေတာ ပတ်ဝန်းကျင်တွေနဲ့လေ"

ရာပြည့်စကားကြောင့် မြသား ခြောက်ကပ်စွာ ပြုံးလိုက်သည်။

"မြသားလေ ကိုယ့်ကိုကိုယ် မှောင်မိုက်တဲ့နေရာတစ်ခုကို ရောက်နေသလိုပဲ၊ မြသားအနားမှာ ဘယ်သူမှမရှိကြဘူး၊ တစ်ခါတလေ မြသား အရမ်းကြောက်တယ် သိလား"

ပြောရင်းဖြင့် မြသား၏လက်အစုံက ရာပြည့်ခါးကို တင်းကြပ်စွာ ဖက်တွယ်လာသည်။

"မြသားရယ် အားငယ်တဲ့စိတ်တွေ အထီးကျန်တဲ့စိတ်တွေကို ဖယ်ထုတ်လိုက်ပါ၊ အခုမြသားအနားမှာ ကိုယ်တစ်ယောက်လုံး ရှိနေပြီ လေ၊ ဘာမှအားမငယ်နဲ့တော့ ကိုယ် မြသားကို လက်ထပ်မယ်၊ ခုလို နေကြတာ ကြာရင်မြသားအတွက်မကောင်းဘူး"

အညှာလွယ်တာဟု မယိုးစွပ်ရက်သော မြသား၏အချစ်တွေကို ရယူပိုင်ဆိုင်ပြီးကာမှ လက်ထပ်မယူဘဲ ရှောင်လွှဲသွားတတ်သည့်

www.burmeseclassic.com



ယောက်ျားထဲမှာ ရာပြည့်လုံးဝမပါ။

"ကိုယ့်ကို လက်ထပ်မယ်မဟုတ်လားဟင် မြသား"

ပါးချင်းအပ်ပြီး မေးလိုက်သော အမေးကြောင့် မြသား ခေါင်းညိတ်ဖြေရင်း

"မြသားအနားမှာ တစ်သက်လုံးရှိပေးမယ်ဆိုရင်ပဲ ကျေနပ်ပါပြီ၊ မြသားကို ဘယ်တော့မှ ခွဲမသွားဘူးလို့ ကတိပေးနော်"

"ဟာ သိပ်ကတိပေးတာပေါ့ မြသားက ရှင့်ကိုအလိုမရှိတော့ဘူး သွားတော့လို့ နှင်ထုတ်ရင်တောင် ကိုယ်က မြသားအနားကနေ လုံးဝကို မခွာဘူး"

"တကယ်နော် ဒါဆို မြသား ဘယ်ဘဝပဲရောက်ရောက် မပြောင်းလဲတဲ့အချစ်နဲ့ ချစ်မယ်လို့ ကတိထပ်ပေး"

"ပေးတယ် လုံးဝကို ကတိပေးတယ်"

ကတိတွေကို ငွေနှင့်မဝယ်ရတိုင်း အထပ်ထပ်ပေးနေသော ရာပြည့်တစ်ယောက်အနာဂတ်တွင် အချစ်တွေနှင့်အတိပြီးနေပြီဟု တထစ်ချ မျှော်လင့်နေသည့်ပုံပင်။

ရာပြည့်ဆိုတဲ့ လူစားမျိုးကလည်း မစားရချင်နေပါစေ အချစ်တွေနှင့်ရှင်သန်ရလျှင် ကျေနပ်နေသူ။

■ ■ ■

"မင်း ကတိဖျက်တယ် ရာပြည့်"

"ဗျာ ဘာကိုလဲ ဥာနမှူး"





"မင်းပြောတော့ ငါ့အိမ်လိုက်မယ်ဆို၊ ဘာလို့ မလာတာလဲ"

"ရုံးပိတ်ရက်ကြီးဖြစ်နေတော့ ကျွန်တော် ဘယ်လိုလာမလဲ ဥာနမှူးရာ အဟဲ ဒီနေ့တော့ လိုက်ခဲ့မယ်လေဗျာ"

စိတ်ဆိုးဟန်ပြနေသော ဥာနမှူးကို ရာပြည့်မျက်နှာချိုသွေးလိုက်သည်။

"တကယ်နော်"

"တကယ်ပေါ့လို့"

အပေးအယူတည့်နေသော ရာပြည့်နှင့်ဥာနမှူးနားသို့ စိုးမြကျော် လျှောက်လာသည်။ မျက်နှာသိပ်မကောင်းသလို မျက်လုံးတွေလည်း အစ်မို့နေ၍ ဘာကြောင့်ဆိုတာကို ရာပြည့် သိလိုက်ပါသည်။

အသည်းနှစ်ခြမ်း ဖြန်းဖြန်းကွဲရမည့်အဖြစ်ကို မျက်လုံးလေး အစ်မို့ရုံလောက်နှင့် စာဖွဲ့နေ၍မဖြစ်။ ခုလိုဖြစ်ရခြင်းက ကိုယ့်ပယောဂမှ မကင်းတာ။

"ဟဲ့ စိုးမြကျော် နင် သွေးတိုးနေတာလား။ မျက်နှာကြီးယောင်ကိုင်းနေတာပဲ"

အထူအပါး နားမလည်သော ဥာနမှူး အမေးကြောင့် စိုးမြကျော် မလုံမလဲဖြစ်ကာ

"မဟုတ်ပါဘူး ဥာနမှူးရယ်"

"ဒါဆို ဘာလို့ မျက်နှာကြီး အစ်မို့နေရတာလဲ၊ မဟုတ်မှလွဲရော ငိုထားတာလား"

www.burmeseclassic.com



ခုလိုမေးကာမှ ပိုဆိုးရန်ကောဟူသောအကြည့်ဖြင့်ကြည့်ကာ ဌာနမှူးကို လက်တို့လိုက်ပြီး

"ကဲ ဌာနမှူး သူ့ဟာသူ ဘာကြောင့်ငိုငို အားရအောင် ငိုပါစေဗျာ၊ ကိုယ်နဲ့မဆိုင်သလိုနေပြီး ဘာမှသွားမမေးနေပါနဲ့ သူ့ခမျာ သောကမီးပိုင်းနေပြီး အူနှုကိုကျွဲခတ်နေရတဲ့ကြားထဲမှာ ဌာနမှူးက အဲလို ဒွဲသွားမေးတော့ သူ ပိုခံစားရမှာပေါ့"

"ရာပြည့်"

စိုးမြကျော် မျက်လုံးပြူးကြီးဖြင့် ကျုံးအော်သည်။

"ဟမ်"

"နင် နင့်ကြောင့် ငါ ခုလိုငိုနေရတာကို သိသိကြီးနဲ့ ဌာနမှူးကို ဒီလိုစကားတွေ ပြောနေသေးလား၊ နင့်ကြောင့်သာမဟုတ်ရင် ခုလောက်ဆို ငါ့ချစ်သူနဲ့ငါ အပျိုဘဝကလွန်မြောက်ပြီး အိမ်ထောင်သည်ဘဝကို ပျော်ပျော်ကြီး ရောက်နေလောက်ပြီ သိလားဟဲ့၊ ဒါကြောင့် နင် ငါ့ကို အရှက်မခွဲနဲ့"

ကိုယ်က အရိပ်အမြွက်လောက်ပဲ ပြောသေးတာ သူပြောလိုက်တာကမှ ရေဗလားထဲကရေတွေ မြောင်းထဲသွန်ချလိုက်သလိုကို အရှက်တွေက ဗွမ်းခနဲ ကွဲတာပင်။ ဒါတောင် သူက ပြန်ပြောသေးတယ် ငါ့ကို အရှက်မခွဲနဲ့တဲ့။

"ဟင် ဟုတ်လား ဘာတွေဖြစ်ကြလို့လဲ၊ ပြောစမ်းပါဦး စနေတနင်္ဂနွေရုံးပိတ်ရက်လေးနှစ်ရက်မှာ ဘယ်လောက်တောင် အပြောင်းအလဲတွေ ဖြစ်သွားကြလို့လဲ"

"အို တော်ပြီ တော်ပြီ မပြောချင်ဘူး။ ဒီထက်ပိုပြောရင် ဟောဒီ ရင်ဘတ်ထဲက သွေးစိမ်းရှင်ရှင်တွေ ပန်းထွက်လာလိမ့်မယ်"

ရာပြည့်ကို ရန်သူလိုကြည့်ကာ အနာမှခါ၍ ထွက်သွားသော စိုးမြကျော်ကို ကျေနပ်အောင် ဘယ်လိုတောင်းပန်ရပါ့မလဲ။ ခုလိုဖြစ်ရတာ မလည်တဲ့နှင့် ရှုပ်တတ်သော ကိုယ့်ကြောင့်လား။ စကားကို လေးလုံးကွဲအောင် ဂဃနဏ မပြောလိုက်သော ကိုဘထူးကြောင့်လား။ ဒါမှမဟုတ် ရည်းစားထားတာ လူအင်မတန်သိမှာကြောက်သော စိုးမြကျော်၏လျှို့ဝှက်ထားနေတတ်သောအကျင့်ကြောင့်လား။

ဘာပဲဖြစ်ဖြစ် မြမြလှိုင်ကတော့ အပျိုကြီးမှတ်တမ်းဘဝက လွတ်ပြီကျွတ်ပြီမို့ ခုလောက်ဆို သာသာယာယာ ရှိနေလောက်ပြီ။

စိုးမြကျော်အတွက် ရာပြည့်ဟာ ရန်သူကြီးတစ်ယောက်ဖြစ်သွားပေမယ့် မြမြလှိုင်အတွက်တော့ ရာပြည့်က ဖူးစာရေးနတ်သားလေးပေါ့။

ကိုဘထူးကြီး ကံကောင်းပါစေ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

''ဝါး ဌာနမှူးအိမ်က အကြီးကြီးပဲ၊ ဒါနဲ့များ တစ်ယောက်ထဲ နေသလားဗျာ၊ အိမ်ထောင်လေးဘာလေး ပြုပြီး ဇနီးမယား သမီးသား တွေနဲ့ သာသာယာယာလေး နေလိုက်ပေါ့''

အိမ်ထောင်ပရိဘောဂအစုံအလင်နှင့် သန့်ရှင်းသပ်ရပ်သော ဌာနမှူး၏အိမ်ညှော်ခန်းကိုကြည့်ကာ ရာပြည့် အကြံထပ်ပေးမိပြန်သည်။ ပြီးမှ ကိုယ့်အလွဲတွေကို ပြန်သတိရပြီး ပါးစပ်ဘရိတ်ကို အမြန်အုပ်လိုက် ရသည်။

ကိုယ့်အလွဲတွေကြောင့် ဘဝတွေနှင့် ရင်းသွားရသည့်သက်ဆိုင် သူတွေကို စိတ်ထဲမှ တောင်းပန်လိုက်ပြီး ဘာအကြံမှ ထပ်မပေးဖို့ နှုတ်ကို အာစေးထည့်ထားလိုက်သည်။

''မင်းလာနေပါလား''





''ဗျာ''

''ငါတစ်ယောက်ထဲမို့ မင်း ငါနဲ့အတူ လာနေပါလားလို့''

''ဟာ မဟုတ်တာ ကျွန်တော့်မိတ္တွေက သဘောတူမှာမဟုတ် ဘူး''

ဟိုးငယ်စဉ်ကတည်းက ကိုယ့်အိမ်မဟုတ်လျှင် ဘယ်မှာမှ ကြာ ကြာမနေချင်တာ ရာပြည့်၏အကျင့်။ သူစိမ်းနှင့်အတူနေရမည်ဆိုလျှင် ပို၍ဆိုးသေးသည်။

''ရာပြည့်ရာ မင်းက ကလေးမှမဟုတ်တော့တာ၊ မင်းမိဘတွေ က အဲလောက်ထိ လိုက်ချုပ်ချယ်နေတုန်းပဲလား။ မင်းအိမ်ထောင်ပြုသွား ရင် ဘယ့်နှယ်လုပ်မလဲ''

ဌာနမှူး၏စကားနာထိုးမှုကြောင့် ရာပြည့် ခပ်ကြဲကြဲရယ်ရင်း

''ဟာ အဝေးကြီးလိုသေးတဲ့ဟာကို ဘာတွေလာပြောနေတာ လဲ''

''ဒါဆို မင်းက မိန်းမမယူဘူးပေါ့''

ပြီးစလွယ်ပင် ခေါင်းညိတ်ပြလိုက်သည်။ မြသားနှင့် ငြိနေပြီ ဆိုတာကို ပြောမပြချင်သေး။ ပြောပြလျှင် တစ်ရုံးလုံး ဟိုးလေးတကျော် ကျော် ဖြစ်သွားမည်။ ဒါ့အပြင် ဟိုလူကနောက် ဒီလူကစနှင့် အနေခက် ရမည့်သူက ကိုယ်။

''အိမ်ထောင်မပြုဘူးဆိုတော့ မင်းက မိန်းကလေးတွေကို စိတ် မဝင်စားတာလား''

www.burmeseclassic.com



"အင်း"

"ဟာ ဒါဆို အဖော်ရပြီ၊ ငါလည်း မိန်းမတွေကို စိတ်မဝင်စားတတ်ဘူး၊ မိန်းမတွေက တကယ်ဆို စိတ်ဝင်စားစရာမကောင်းပါဘူးကွာ၊ အမြဲတမ်း အလိုရမ္မက်ကြီးတယ်၊ အိမ်ထောင်ပြုပြီဆိုတာနဲ့ ယောကျ်ားတွေက သူတို့ခြေဖဝါးအောက် အလိုလိုကို ပြားပြားဝပ်ရတာပဲ၊ ငွေရှာနိုင်ရင်တစ်မျိုး ငွေမရှာနိုင်ရင်တစ်မျိုးနဲ့ အင်မတန်ငွေမက်တဲ့ အတန်းအစားထဲမှာ မိန်းမတွေက ထိပ်ဆုံးကပဲ"

မိန်းမမကောင်းကြောင်း ပုံကြီးချဲ့ပြောနေသော ဌာနမှူးစကားက မှန်သလိုလိုရှိပေမယ့် မြသားကိုချစ်မိသွားသည့် စိတ်ကြောင့်လားမသိ စိတ်ထဲမှာ အပြည့်အဝတော့ မထောက်ခံမိ။

မြသားငွေမမက်တာ ကိုယ်အသိဆုံး။ ဒီလောက်တန်ဖိုးကြီးမားသည့် ပတ္တမြားကြီးကိုတောင် ရက်ရက်ရောရော ပေးသေးတာပဲ။ ဌာနမှူးပြောသည့် မိန်းမအမျိုးအစားထဲမှာ မြသားလိုမိန်းကလေးမျိုး မပါဝင်ပါ။

"တို့နှစ်ယောက်စိတ်တူကိုယ်တူမို့ ဒီထက်ပိုပြီး ရင်းရင်းနှီးနှီးနေကြပြီး ပိုတွဲကြရအောင် ရာပြည့်၊ ငါ့ကို မင်းရဲ့အရင်းနှီးဆုံးဆက်ဆံသူတစ်ယောက်လို သဘောထားလိုက်တော့"

"ဟုတ် ဟုတ်ကဲ့ပါ ဌာနမှူး"

ကိုယ့်အထက်အရာရှိမို့ စိတ်ထဲ ပါပါ မပါပါ ခေါင်းညိတ်လိုက်တာအမှားမရှိ။

"နင် ထမင်းဆာပြီလား"





"မဆာသေးပါဘူး ဌာနမှူးပြောတော့ အစီအစဉ်ရှိတယ်ဆို"

အရက်သောက်ချင်လို့ လိုက်လာပါသည်ဆိုမှ ထမင်းဆာပြီလားအရင်မေးသော ဌာနမှူးကြောင့် စိတ်ထဲက ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ထမင်းစားချင်ရုံနဲ့ ဒီအထိလိုက်လာမလား။

"ငါ သိပါတယ်ကွာ၊ အားလုံး စီစဉ်ပြီးပြီ၊ ထမင်းစားရင်းနဲ့ သောက်ကြတာပေါ့၊ စိတ်ကြိုက်သောက် လူမှန်းမသိ မူးသွားအောင်သောက် ပြီးရင် မင်းရယ်ငါရယ် တူတူအိပ်ကြမယ်"

"အမူးလွန်သွားရင်တော့ ကျွန်တော် မပြန်ဘူး။ စိတ်သာချ ဌာနမှူးနဲ့အတူတူ အိပ်မယ်"

အတူတူအိပ်မယ်ဟု ပြောလိုက်သော ရာပြည့်စကားကြောင့် ဌာနမှူး ပျော်ရွှင်သွားသည်။

"တကယ် တူတူအိပ်မှာနော်"

"ဟာ တကယ်ပေါ့ တူတူမအိပ်ရအောင် ဌာနမှူးအိမ်မှာ စောင်ခြင်ထောင်အပိုရှိလို့လား"

"အယ် မရှိဘူး မရှိပါဘူး၊ တို့တွေ တူတူအိပ်ကြတာပေါ့၊ အရင်ညတွေကဆို ငါလေ ဖက်လုံးကိုပဲ အဖော်ပြုအိပ်ရတာ"

ဌာနမှူး စကားကြောင့် ရာပြည့် တဟားဟား အော်ရယ်ကာ

"ကျွန်တော့်ကိုတော့ ဖက်လုံးလိုသဘောမထားနဲ့နော် အသက်ရှူကြပ်တယ်"

"ထားစရာလားလို့ မင်းက ငါ့အတွက်တော့ ဖက်လုံး ဘယ်

www.burmeseclassic.com



တော့မှ မဖြစ်စေရဘူး''

နှစ်ယောက်သား လက်အောက်ငယ်သားနှင့် အထက်လူကြီး ဆိုသည့် ရာထူးတွေဖယ်ပြီး လွတ်လွတ်လပ်လပ် သောက်စားကြသည်။

ထိုညက ဉာနမှူးရော ရာပြည့်ရော လူမှန်းပင်မသိအောင်ကို တော်တော်လေး မူးနေကြသည်။

■ ■ ■

မနက်မိုးလင်းတော့ တဆစ်ဆစ် ကိုက်ခဲနေသော ခေါင်းကိုက် ဝေဒနာနှင့်အတူ ရာပြည့် တညည်းညည်းတညူညူ နိုးလာသည်။

''အား ကျွတ် ကျွတ်''

နားထင်ကို လက်နှင့်ဖိပြီး လှဲအိပ်နေရာမှ ထမည်အပြု ကိုယ်ပေါ်မှာ လေးလံသော အထိအတွေ့ကြောင့် ငုံ့ကြည့်လိုက်သည်။

''ဟင် ဉာနမှူး''

ရာပြည့်အား သိမ်းကျုံးဖက်ပြီး ခွအိပ်နေသော ဉာနမှူး။ ဒါ တင်မကသေး သူရောကိုယ်ရော ခန္ဓာကိုယ်ဗလာကျင်းတွေချည်းပဲမို့ ယောကျ်ားအချင်းချင်းဆိုပေမယ့် ရှက်စိတ်တော့ ဝင်မိသည်။

''ဒါ ဘယ်လိုဖြစ်ကုန်တာတုန်း''

လေးလံသော ဉာနမှူး ခန္ဓာကိုယ်ကြီးကို ဘေးဘက်သို့ အတင်း တွန်းထုတ်လိုက်သည်။

''အင် ဟင်း နိုးပြီလား ရာပြည့်''

ဉာနမှူး နိုးလာသည်။





''ကျွန်တော်တို့ ဘာကြောင့် ဒီလိုပုံစံ ဖြစ်နေကြတာလဲ ဉာနမှူး ရာ''

''မင်းနဲ့ငါ ညက အတတ်စမ်းကြည့်ကြတယ်လေကွာ၊ ပြီးတော့ မောပြီး အိပ်ပျော်သွားကြလို့ အဝတ်အစားတွေတောင် ပြန်မဝတ်ဖြစ်ကြ ဘဲ အိပ်ပျော်သွားတာ ဝါး''

ပါးစပ်ကြီးပြဲပြီး သမ်းဝေလိုက်သော ဉာနမှူးကို မျက်ကလူးဆန် ပြာဖြင့် ကြည့်ပြီး

''ဘယ်လို ကျွန်တော်တို့ ဘာကိုအတတ်စမ်းတာလဲ ရှင်းအောင် ပြောပါ ဉာနမှူးရာ''

ခုတင်ဘောင်ပေါ်တွင် တင်ထားသော ဘောင်းဘီနှင့်အင်္ကျီကို ကပျာကယာ လှမ်းယူပြီး ခပ်မြန်မြန်ဝတ်လိုက်သည်။

''မင်း ဘာမှမမှတ်မိဘူးလား''

''အာ ကျွန်တော် ဒီလောက်လူမှန်းမသိအောင်မူးနေတာ ဘာ ကိုမှတ်မိရမှာလဲဗျာ''

''အဟဲ ဟဲ ရေလည် မိုက်တယ်ကွာ၊ ခံရခက်ပေမယ့်ငါက အဲလိုမျိုးကို သဘောပိုကျတယ်ကွ''

ဒုက္ခပါပဲ ဒီလူ ဘာတွေပြောနေပါလိမ့်။ သူပြောနေတာကို ရာပြည့် လုံးဝနားမလည်။ ရာပြည့်က အရှက်ကြီးစွာ အင်္ကျီဘောင်းဘီ တွေ ကောက်စွပ်နေသလောက် ဉာနမှူးကတော့ သိပ်မဆန်းသည့်အထာ မျိုးနှင့် တည်တည်ငြိမ်ငြိမ်ပင်။

www.burmeseclassic.com



"ဍာနမှူး ဘာတွေပြောနေတာလဲ၊ ကျွန်တော့်ကို ရှင်းအောင်ပြောပါ"

"တကယ်တော့ ညက ငါနဲ့မင်း လင်မယားလုပ်တမ်း ကစားမိကြတယ်ထင်တယ်၊ ဟုတ်တယ် ငါက မိန်းမ မင်းကယောကျ်ားလုပ်တယ်"

ကြားလိုက်ရသောစကားက ခေါင်းမှဆံပင်မွေးတွေကို မိုးကြိုးထိမှန်သလို ခေါင်းမွေးများ ထောင်ထသွားသည်။

"ဟာဗျာ မဖြစ်နိုင်တာ"

ရှက်စိတ်ရော ဒေါသရော ရင်ထဲကို ဒုန်းစိုင်းပြီး ပြေးဝင်လာသည်မို့ ဍာနမှူးကို ခပ်စူးစူးစိုက်ကြည့်လိုက်သည်။

"ဖြစ်နိုင်လို့ပဲ ဖြစ်ပြီးသွားပြီလေ ရာပြည့်ရာ"

"ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ဒါနဲ့များ ကျုပ်ကိုမူးအောင်တိုက်ပြီး ဒီလိုအခြေအနေဖြစ်အောင် ဝွင်ဖန်လိုက်စရာလား"

ရာပြည့်အသံသည် ဒေါသကြောင့် ကျယ်လောင်ဟိန်းထွက်နေသည်။

"ငါကယောကျ်ားပေမယ့် မိန်းမတွေကိုစိတ်မဝင်စားဘူး။ ငါစိတ်ဝင်စားတာ မင်းတို့လို ခန္ဓာကိုယ်တောင့်တောင့်ဖြောင့်ဖြောင့် ယောကျ်ားလေးတွေကိုပဲ ငါက စိတ်ဝင်စားတာ"





"ခင်ဗျားဗျာ ကျုပ်ကို ဘယ်လိုလူစားများမှတ်နေလဲ၊ ကျုပ်ယောကျ်ားစစ်စစ်ဗျ"

"မင်းပြောတော့ မိန်းမကိုစိတ်မဝင်စားဘူးဆို၊ ဒီတော့ ငါတို့နှစ်ယောက်က ဘဝတူတွေမဟုတ်ဘူးလား"

မျက်နှာပြောင်တိုက်လွန်းမက တိုက်လာသော ဍာနမှူးကိုကြည့်ပြီး ရွံရှာစက်ဆုပ်လာသည်မို့ ဘာမှထပ်ပြီး ပြောမနေတော့ဘဲ အိပ်ခန်းထဲမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

"ယောကျ်ားရေ ဒါက ဘယ်လဲ"

ခပ်ညုညု လှမ်းပြောသော ဍာနမှူး၏အမေးနှင့် ရယ်သံက ရာပြည့်နောက်ကျောကို ကပ်ပါလာသည်။ အော်ဂလီဆန်လိုက်သည့်ဖြစ်ခြင်း။ ဝဋ်ဆိုတာ လောလောလတ်လတ် လည်တတ်သည်ဆိုတာ အခုရာပြည့်လက်တွေ့။

ကိုယ်မသိလိုက်သည့်အမှားတွေကြောင့် တခြားသူတွေထိခိုက်နစ်နာသွားကြရသည်။ ထိုအမှားတွေကပင် ယခု ရာပြည့်ကို ပြန်၍မှားယွင်းစေပြန်သည်။

ဒီလိုအခြေအနေမျိုးတွေ ဖြစ်ခဲ့မည်ဆိုလျှင် ဍာနမှူးအိမ်ကို ရာပြည့် လိုက်လည်မိမည်မဟုတ်။

ခုတော့ ရာပြည့်ဘဝက နှစ်ဖက်ချွန်ဖြစ်မှန်းမသိ ဖြစ်ရပြီ။

■ ■ ■

"သား မင်းညက ဘာလို့ အိမ်ပြန်မလာတာလဲ"

www.burmeseclassic.com



စိတ်ညစ်လာရတဲ့ကြားထဲ မေမေက အိမ်ဝကနေဆည်းပြီး လှမ်းမေးနေ၍ ဘယ်လိုပြန်ဖြေရမှန်းပင်မသိတော့။ မဖြေ၍လည်းမဖြစ်။

"ညက ဌာနမှူးအိမ်မှာ သွားအိပ်တာပါ မေမေ"

"ဟင် ဌာနမှူးအိမ်မှာ ဘာကိစ္စနဲ့ သွားအိပ်ရတာလဲ၊ အဲဒီ ဌာနမှူးက ယောကျ်ားလား မိန်းမလား"

"ယောကျ်ား"

ဖြေလိုက်ပုံက အားမရှိ။ အဲဒီယောကျ်ားမို့ အခု သားဘဝ ဟိုမရောက်ဒီမရောက် ဖြစ်ရတာဟု အော်ဟစ်ငိုယိုပြီး ပြောလိုက်ချင်တာပါ။

"ယောကျ်ားဆိုပေမယ့် နောက်ဆိုရင်တော့ အမေခွင့်ပြုမှာ မဟုတ်ဘူးနော်၊ တစ်ယောက်ထဲနေ တစ်စိတ်ထဲထားရာကနေ နှစ်ယောက် ပေါင်းမိသွားပြီး နှစ်စိတ်ဖြစ်သွားရင် မဟုတ်တာတွေ လုပ်မိသွားကြရော"

မမသန့် ဘုရားပန်းအိုးလဲဖို့ ထွက်လာရင်းက နားစွန်နားဖျား ကြားကာ

"နင်တို့အရက်သောက်ပြီး မဟုတ်ကဟုတ်ကတွေ ခေါ်တာတော့ မဟုတ်ပါဘူးနော်"

မမသန့်စကားက ရာပြည့်အရှိုက်ကို ထိမှန်သွားသလို အင့်ခနဲ မဖြစ်ရုံတမယ် ကွက်တိ နည်းနည်းကိုမှန်သည်။

"ဟာ မမ ပေါက်ကရတွေလျှောက်မပြောနဲ့၊ မေမေ သူပြော တာမဟုတ်ဘူးနော်၊ ကျွန်တော်တို့ ညက ဘယ်သူ့ကိုမှ မခေါ်ဘူး





ခေါ်စရာလည်းပိုက်ဆံမရှိဘူး၊ မှန်တာပြောသစ္စာပါ မေမေရာ"

"ဩော် ဒါဆို ခေါ်စရာပိုက်ဆံရှိရင်တော့ ခေါ်ဦးမယ်ပေါ့ ဟုတ်လား"

မေမေ့သံသယတွေ ပိုကြီးအောင် မမသန့် ဝင်ပင့်ပေးနေ၍ ရာပြည့် ဘုကြည့်ကြည့်လိုက်ပြီး

"မမနော် ဆေးထိုးမနေနဲ့၊ ကျွန်တော်က အဲဒီလို မကောင်းတဲ့ မိန်းကလေးတွေနဲ့ ပိုက်ဆံမဖြုန်းဘူး၊ ဟွန်း မမယူမယ့်ယောကျ်ားသာ အဲလိုယောကျ်ားမျိုး မဖြစ်စေနဲ့"

ရာပြည့် ထိုသို့ပြောလိုက်တော့ မမသန့် ဆွေ့ဆွေ့ခုန်သွားပြန်သည်။

"မေမေ ကြည့်စမ်းပါဦး၊ ဒါ သူ ပြောရမယ့်စကားလားလို့ ကြည့်စမ်းပါဦး"

"သား မင်းအစ်မကို ဘယ်လိုပြောလိုက်တာလဲ"

မထင်မှတ်ပဲ မောင်နှမနှစ်ယောက် အခြေအတင်ပွဲလေးဖြစ်သွား၍ မေမေ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဝင်၍ရှင်းရပြန်သည်။

"မယူရသေးတဲ့ သူ့ယောကျ်ားကို အဲလိုစွပ်စွဲတာ မကြိုက်ရင် မေမေ့ဖင်ကနေ တစ်ဖင်ထဲဆင်းထားတဲ့ ကိုယ့်မောင်ကို အဲလိုပြောစရာ လားလို့"

ဌာနမှူးပေါ်မှာ မကျေနပ်ခဲ့တာတွေကို ဒေါသတွေအဖြစ် မမ သန့်ပေါ် ပုံချလိုက်သည်။

www.burmeseclassic.com



"ဒါဆိုရင် နင် ညဘက်တာလို့ အိမ်ပြန်မလာလဲ၊ အဲလို အပြော မခံချင်ရင် မိဘစိတ်ပူအောင် မလုပ်နဲ့ပေါ့"

"ကဲ ကဲ တော်ကြပါတော့ကွယ် သားငယ်ကလည်း မဟုတ်တူး ဆိုရင်ပြီးရောပေါ့၊ အစ်မအပေါ် အဲလိုစကားတွေ နောက်မပြောနဲ့"

"သမီးကြီးကလည်း လူတစ်ဖက်သားရဲ့သိက္ခာကို ထိနိုက်အောင် မပြောနဲ့၊ ဒါ သူစိမ်းလည်းမဟုတ်ဘူး အဲ သူပြောသလို တစ်ဖင်ထဲဆင်းထားတဲ့ မောင်နှမအရင်းအချာကြီးတွေပါကွယ်၊ တော်ကြာ မင်းတို့အဖေ ဘုန်းကြီးကျောင်းဆွမ်းချိုင့်ပို့ရာကနေ ပြန်လာရင် နှစ်ယောက်စလုံး အဆူခံထိမယ် တော်ကြတော့"

ဒီတော့မှ ရာပြည့် ဘာမှဆက်မပြောတော့ဘဲ အခန်းထဲတန်းဝင်လာခဲ့လိုက်သည်။ မမကို ပြန်ခံပြောလိုက်ရ၍ စိတ်ထဲမကောင်း။

တကယ်တော့ ရာပြည့် ဒေါသတွေက မမအပေါ်မှာ ရှိနေတာ မဟုတ်။ ဌာနမှူးအပေါ်မှာ ရှိနေတာပါ။

ကိုယ့်အထက်အရာရှိဖြစ်နေ၍သာ လက်သီးနှင့်မထိုးခဲ့တာပါ။ တခြားလူသာဆိုလျှင် သွားတွေနောက်စေ့ကနေ ကျွံထွက်သွားအောင် စိတ်ရှိလက်ရှိ ထိုးခဲ့သည်။

ရင်ထဲမှာ တနုံ့နုံ့နှင့် ခံရခက်လွန်းသဖြင့် ဒီနေ့ရုံးကိုပင်မသွားတော့။

■ ■ ■

## အခန်း (၁၆)

ဒီနေ့ည မြသားဆီကို ခပ်စောစောထွက်လာခဲ့လိုက်သည်။ ရာပြည့် မြသားသွင်ဆီ လူခြေတိတ်ချိန်မှလာတိုင်း အပေါ်ထပ် လှေကားထောင့်ချိုးအကွယ်ကနေ ချောင်းကြည့်တတ်သော လသော်တာမှာလည်း ဘာဝန်တစ်ခုလို ဖြစ်နေသည်။

အခန်းတံခါးကို တွန်းဖွင့်ဝင်ပြီး အထဲရောက်သည်နှင့် အဆင်သင့်စောင့်ကြိုနေသော မြသား၏ကိုယ်လေးကို တစ်ရှိုက်မက်မက် ထွေးပွေ့လိုက်သည်။

"ရှင့်အမေတွေ ဒီနေ့ အစောကြီးအိပ်ရာဝင်ကြတယ် ထင်တယ်"

"ဘာဖြစ်လို့ မေးတာလဲ မြသားရဲ့"

"ရှင် အစောကြီး ရောက်လာလို့လေ"

"ကိုယ်က ဖြစ်နိုင်ရင် ဒီနေ့တစ်နေ့လုံး တစ်ညလုံး နေချင်တာ

www.burmeseclassic.com



ဗျ၊ မြသားက နေ့ခင်းဘက်တွေ မလာနဲ့ပြောလို့ ခုလို ညဘက်မှ လာရတာ''

ချစ်သူပြောစကားကို တစ်သွေမတိမ်း နာခံတတ်သော ရာပြည့်ကိုကြည့်ပြီး မြသား သနားသွားသည်။

''ကြည့်ပါဦး မျက်နှာတွေ ချောင်ကျသွားသလိုပဲနော်၊ အဲဒါ မြသားကြောင့် နောက်နေ့တွေ နေ့တိုင်းမလာပါနဲ့တော့ အိမ်မှာ အိပ်ရေးဝအောင်အိပ်ပါ''

ကြာလျှင် ရာပြည့် ကျန်းမာရေးထိခိုက်လာမည်ကိုတော့ မြသား အဖြစ်မခံနိုင်။

''မြသားမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ဟောဒီလို မလွတ်တမ်းဖက်ထားခွင့်ရတဲ့ အခွင့်အရေးကို ကိုယ် လုံးဝလက်မလွှတ်နိုင်ဘူး မအိပ်ရရင်ဓနေပါစေ၊ ကိုယ်မအိပ်ဘူး၊ မြသားနဲ့ တွေ့နေရတဲ့တန်ဖိုးရှိတဲ့ အချိန်လေးတွေကိုတော့ ကိုယ် ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူးကွာ''

ချစ်တတ်လွန်းသော ရာပြည့်ကိုကြည့်ပြီး မြသားမျက်နှာပေါ်မှာ ခံစားမှုတွေပါသော အရိပ်တချို့ ဖြတ်သန်းသွားသည်။

ဒီလောက်စစ်မှန်သော ချစ်ခြင်းတရားတွေကို ဘာဖြစ်လို့ ခုမှ ပိုင်ဆိုင်ခွင့်ရခဲ့တာလဲ။ ကံကြမ္မာက အရမ်းနောက်ကျပြီးမှ အချစ်နဲ့ထိတွေ့ခွင့်ပေးခဲ့ရလား။ ဒါ မတရားဘူး။

တကယ်ဆို ဟိုးအရင်ကတည်းက ဒီလိုအခွင့်အရေးမျိုးကို ပေးသင့်တာမဟုတ်ဘူးလား။





''ရှင့်မိဘတွေက ခုလို ညဘက်ထွက်ထွက်လာပြီး မြသားနဲ့ တွေ့ကြတာကို သိသွားရင် ရှင် ဒီကိုလာနိုင်ပါတော့မလားဟင်''

စိုးရိမ်လွန်းကဲစွာမေးလိုက်သော မြသား၏နှုတ်ခမ်းကို ဖိကပ်နမ်းရှိုက်လိုက်ပြီး

''ဟင့်အင်း အဲဒီအချိန်ကျရင် ပေါ်တင်ပဲ လာတော့မှာပေါ့၊ ခုလိုမျိုး ခိုးလာစရာအကြောင်းမှမရှိတော့တာ၊ ဖြစ်နိုင်ရင် ကိုယ်က မြသားကို ခုချက်ချင်းတောင် လက်ထပ်ချင်တာ''

''မိဘတွေ သဘောမတူရင် ဘယ်လိုလုပ်မလဲ''

''သဘောမတူလို့ မရတော့ဘူး မြသားနဲ့ကျွန်တော်က ညားပြီးသွားပြီလို့ ပေါ်တင်ဖွင့်ပြောလိုက်မှာပေါ့၊ မြသားကသာ မြသားရဲ့မိဘတွေကို ကြိုပြီးဖွင့်ပြောထားတော့လေ၊ ခုလို ခိုးကြောင်ခိုးဝှက်တွေ့ကြရတာထက်စာရင် လူကြီးမိဘတွေကို ဖွင့်ပြောပြီး တရားဝင်ချစ်ရတာပြီး လိပ်ပြာသန့်တာပေါ့''

ရာပြည့်ဘက်က တက်ကြွနေသလောက် မြသားဘက်က နှုတ်ဆိတ်ငြိမ်သက်နေသည်။

''ဒါနဲ့ မြသား ဒီနေ့ ကျောင်းရောသွားရဲ့လား၊ နောက်နေ့ကျရင် ကိုယ် မြသားကျောင်းကိုလာခဲ့မယ်လေ မြသား၊ သူငယ်ချင်းတွေနဲ့ ကိုယ့်ကိုမိတ်ဆက်ပေး''

''မြသားမှာ သူငယ်ချင်းတွေ တစ်ယောက်မှ မရှိတော့ဘူး၊ မြသားကျောင်းလည်း မတက်တော့ဘူး''

www.burmeseclassic.com



"ဟင်"

ရာပြည့် မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ မြသားကို တအံ့တသြ ကြည့်သည်။

"ဘာဖြစ်လို့ ကျောင်းမတက်တော့တာလဲ မြသား"

"ကျောင်းထုတ်ခံရတာလေ၊ ဒါကြောင့် မြသား ကျောင်းက သွားလို့မရတော့သလို သူငယ်ချင်းတွေနဲ့လည်း ဝေးကုန်ကြတာ၊ အ မြသားနားမှာ ရှိနေပေးတာဆိုလို့ ရာပြည့်တစ်ယောက်ထဲ ရှိတော့တာပါ"

ဘာကြောင့်လဲဟု ရာပြည့် မမေးရက်တော့။ ရာပြည့်အဖို့တော မြသားဟာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ရင်ထဲမှာ ချစ်မိတဲ့ အချစ်တွေ လျော့ သွားမှာမဟုတ်။ ဒါကြောင့် ရှေ့ဆက်မမေးတော့တဲ့ မြသားကိုယ်လေးက သာ တင်းကြပ်စွာပွေ့ဖက်ထားလိုက်သည်။

မြသား ဘာကြောင့် ခုလို တစ်ယောက်ထဲ အထီးကျန်နေသလဲ ဆိုသည့်အကြောင်းအရာကို ချစ်သူနှစ်ဦးကြားက လျှို့ဝှက်ချက်လို့ မှတ်ယူထားလိုက်တော့မည်။

■ ■ ■

"သမီး သမီးရေ ခင်သန့်စင် ထစမ်း ထစမ်း"

အိပ်မောကျနေသော ခင်သန့်စင်မှာ မိခင်ဖြစ်သူ လှုပ်နှိုးနေ သဖြင့် လေးလံသော မျက်ခွံတွေမဖွင့်ချင် ဖွင့်ချင်နှင့် ပွင့်လာပြီး

"အင်း ဘာလဲ မေမေ"

"ညည်းမောင် ညည်းမောင် သူ့အိပ်ရာထဲမှာ မရှိဘူး"





"အိမ်သာထဲဝင်နေလို့နေမှာပေါ့ မေမေရာ"

ပြီးစလွယ် ဖြေပြီး တစ်ဖက်သို့လှည့်အိပ်သွားသည်။

"ဩော် ဒီကလေးမ ထစမ်းပါ၊ အိမ်သာထဲတင်မကဘူး တစ်အိမ်လုံး နှံ့အောင် ရှာပြီးပြီ၊ ဘယ်မှာမှမရှိဘူး"

ဒီတော့မှ ခင်သန့်စင် မျက်လုံးတို့ ပွင့်လာပြီး လက်ဖြင့်ပွတ် သပ်ကာ

"သူ့ခုတင်ပေါ်မှာဖြစ်ဖြစ် စာရေးစားပွဲပေါ်မှာဖြစ်ဖြစ် စာခေါက် ကလေးဘာလေးမတွေ့ဘူးလား"

"ဘာစာခေါက်လဲ"

"မိန်းမနောက် ခိုးရာလိုက်သွားပါပြီလို့ ရေးခဲ့တဲ့ စာလေ မေမေ ရဲ့"

"ဩော် ဒီကလေးမ မဖြစ်နိုင်တာကစပြောပြီ၊ ခိုးချင်ခိုး သူက ခိုးပြေးသွားရမှာလေ၊ မိန်းကလေးက သူ့ကိုလာခိုးမလားဟဲ့"

သမီးဖြစ်သူကို အတင်းဆွဲထူကာ စိတ်ပူနေသော ဒေါ်ခင်ပြည့် ဝင်းမှာ ရာပြည့် မိန်းမခိုးသွားသည်ဟု မထင်။

"ဒါဆို မေမေ့သားက ညကြီးအချိန်မတော် ဘယ်သွားမလဲ၊ သူ့ဗီရိုထဲရော အဝတ်အစားတွေ လျော့မလျော့ ကြည့်ပြီးပြီလား"

"မကြည့်ရသေးဘူး။ ကြည့်စရာမလိုပါဘူးအေ ညည်းမောင် ယောင်ပြီးထထွက်သွားတာနေမှာ၊ ညည်းအဖေလည်း ဓာတ်မီးတစ်လက် နဲ့ အိမ်အပြင်ဘက် လိုက်ရှာနေတယ်"

www.burmeseclassic.com



"ဟင် ဒါ ဒါဆို အိပ်နေရင်းနဲ့ ယောင်ပြီး လမ်းထွက်လျှောက်တာပေါ့ ဟုတ်လား"

"အေး အဲလိုပဲ ထင်ရတာပဲ"

ထိုစဉ် ရာပြည့်ဖခင် ဦးသန့်စင် ဝင်လာသည်။

"အမေကြီးရေ မင်းသားခြံထဲမှာလည်း မရှိဘူး အဲ စက်ဘီးလည်း မရှိဘူးကွ"

"အလို ဘုရားရေ အိပ်ချင်မူးတူးနဲ့ စက်ဘီးစီးထွက်သွားပြီထင်တယ်၊ ဒုက္ခပါပဲ ညကြီးအချိန်မတော် ဘယ်လိုလုပ်ကြမလဲ၊ အိပ်ပျော်ရင်း စက်ဘီးစီးလို့ မတော် ကားတွေဘာတွေ ဝင်အကျူးခံရမှ ပိုပြီးကိုယ်ကျိုးနည်းတော့မှာပဲ"

ရာပြည့်ကြောင့် အဖေအမေရော အစ်မရော ဖင်မီးခဲခုထိုင်လိုက်သလို စပ်ပူစပ်လောင်တွေ ဖြစ်ကုန်ကြသည်။

"သမီးတို့ ဘယ်ကိုထွက်ရှာကြမလဲ မေမေ"

ခင်သန့်စင် စိုးရိမ်တကြီး မေးလိုက်သည့်အတွက် ဖခင်ဖြစ်သူမှာ တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်။

"ခုမှ လေးနာရီပဲ ရှိသေးတာဆိုတော့ အပြင်ထွက်ပြီး ရှာကြည့်ရမှာပဲ"

သားအမိသားအဖသုံးယောက် ရပ်ကွက်ထဲရှိ လမ်းမတွေပေါ်မှာ ရှာရန် ဝရုန်းသုန်းကား ထွက်လာခဲ့ကြသည်။

လမ်းထိပ်မုန့်ဟင်းခါးဆိုင်ပင် မထွက်သေးသော နံနက်ခင်းအရုဏ်တက်သည့် နီးတစ်ဝက်မနီးတစ်ဝက်ဖြင့် မှိန်းနေဆဲ။





ဈေးကြိုကားတွေနှင့် တက္ကစီအချို့ ဖြတ်သွားဖြတ်လာ လုပ်နေကြသည်မှလွဲ၍ လူသွားလူလာပင်မရှိသေးသော လမ်းမပေါ်မှာ သားအမိသားအဖသုံးယောက် ရာပြည့်ကို ကျိုးကန်းတောင်းမှောက် ရှာနေကြပုံများ ခြုံထဲပါမချန် အနှံ့ကို ရှာကြပါသည်။

ဒီကောင်လေး ဘယ်ချောင်မှာ သွားအိပ်ပျော်နေပါလိမ့်။

■ ■ ■

အိမ်ပျော်နေသော မြသားကို မနိုးတော့ဘဲ နဖူးပြင်ဝင်းဝင်းလေးကို အနမ်းဖြင့် နှုတ်ဆက်ပြီး ရာပြည့် အိမ်ကို စက်ဘီးစီးပြီး ပြန်ခဲ့ပါသည်။

လမ်းမပေါ်မှာ လူသူရှင်းနေဆဲမို့ စက်ဘီးကို ဒုန်းစိုင်း၍ နင်းလိုက်သည်။ ဒီအချိန်ဆိုလျှင် မေမေရော မမရော မနိုးလောက်သေးပါ။

မေမေက ငါးနာရီဆိုလျှင်နိုးပြီး မမကငါးနာရီခွဲလောက်ဆိုလျှင် နိုးတတ်သည်မို့ ခုချိန် အိမ်ကိုပြန်ပြီး အိပ်ရာထဲဝင်ခွေနေလျှင် ရာပြည့်အပြင်မှာထွက်အိပ်သည်ဆိုတာကို ဘယ်သူမှမရိပ်မိကြတော့။

ရာပြည့်တို့ အကြံပိုင်လိုက်ပုံများ ကိုယ့်ကိုကိုယ်တောင် အထင်ကြီးလေးစားမိသည့်အဖြစ်။

မာကျူရီမီးတွေ ထွန်းထားသော ဓာတ်တိုင်တွေကို တရိပ်ရိပ်ဖြတ်နင်းရင်း ရှေ့ကိုမျှော်ကြည့်မိစဉ် စက်ဘီးကို တုန့်ခနဲ ဘရိတ်အုပ်လိုက်သည်။

www.burmeseclassic.com



"ဟိုက် ဟိုမှာလာနေတာ ဖေဖေနဲ့မေမေ အဲ မမရောပဲ ဟာ ဒုက္ခပါပဲ ခုမှ စက်ဘီးပြန်ကွေ့လည်း ရိပ်မိသွားနိုင်တယ်၊ ငါ့နှယ် ဘယ်လိုလုပ်ရပါ့မလဲ"

နံနက်ခင်း အအေးဓာတ်တွေမတိုးတော့လောက်အောင် ဇောချွေးတို့ပြန်လာသည်။

ရုတ်တရက် အကြံတစ်ခု ခေါင်းထဲကို လှစ်ခနဲ တိုးဝင်လာသည်မို့ စက်ဘီးကို ကားမှတ်တိုင်ရှိရာဘက်သို့ ခပ်သွက်သွက်တွန်းလိုက်သည်။

"ဟုတ်ပြီ ဒီနေရာ အကောင်းဆုံးပဲ"

ဘာပြောကောင်းမလဲ ရာပြည့်တစ်ယောက် ဒီထက်အချိန်ပိုဆွဲမနေတော့ဘဲ ကားမှတ်တိုင် ခုံတန်းရှည်ပေါ်မှာ တလေလျှိုးတစ်ကောင်နှယ် ကမန်းကတန်း လှဲအိပ်လိုက်သည်။

တော်တော်လေး အိပ်မောကျနေဟန်ဖြင့် ဟောက်သံခပ်ကြမ်းကြမ်းပါပေးလိုက်သေးသည်။ ဒါမှ ကားမှတ်တိုင်ရှေ့မှ ဖြတ်သွားသော အိမ်သားတွေ ဟောက်သံကြောင့် လှည့်ကြည့်ပြီး ရာပြည့်ကို ရှာတွေ့သွားကြမှာ"

သိပ်မကြာလိုက် ခြေသံတွေတဖျတ်ဖျတ် နီးလာသည်။

"အဖေကြီးရေ ခရီးတော်တော်ရောက်လာပြီ ကျုပ်တို့သားကို ရှာမတွေ့ပါလား"

"ရဲစခန်းများ ရောက်နေလား မသိပါဘူး မေမေရယ်"

"ဟဲ့ မဦးမချွတ်စကားတွေ မပြောစမ်းပါနဲ့၊ ငါ့သားက ဘာ





ကြောင့် ရဲစခန်းကိုရောက်နေရမှာလဲ"

သားဇောကြောင့် ထင်ကြေးဖြင့်ပြောလိုက်သော ခင်သန့်စင်ကောကိုပင် မိခင်ဖြစ်သူ ခါးခါးသီးသီးငြင်းဆန်သည်။

"ကဲပါ အမေကြီးရယ် သိပ်လည်းစိတ်မပူပါနဲ့ ခုမတွေ့လည်း နောက်ကျရင် အိမ်ကိုသူ့ဟာသူပြန်လာပါလိမ့်မယ်၊ ရှေ့နည်းနည်းဆက်ကြည့်လို့မှ အရိပ်အယောင်တောင်မတွေ့ရင် ပြန်ပြီးလှည့်ကြတာပေါ့"

တခေါ်ခေါ် တခွီးခွီးဖြင့် အိပ်မောကျချင်ဟန်ဆောင်နေသော ရာပြည့်မှာ အချေအတင်တွေပြောနေကြသော မိဘနှင့်အစ်မအသံကို နီးကပ်ကပ်ကြားသည်နှင့် ဟောက်သံကို မြှင့်လိုက်သည်။

"အမလေး ဗုဒ္ဓေါ ဒါ ဒါ ဘာသံလဲ၊ သ သရဲလား"

မှောင်ရိပ်ခိုနေသော ကားမှတ်တိုင်ထဲမှ ရာပြည့်ဟောက်သံကို ခင်သန့်စင် လန့်ပြီး အဖေနှင့်အမေကြားထဲ အတင်းပြေးဝင်သည်။

"ဟဲ့ သမီး ဘာတွေ့လို့လဲ"

"မေ မေမေ ဟိုကားမှတ်တိုင် အမိုးအောက်မှာ ဘာသံမှန်းမသိဘူး ထွက်နေတယ်"

ခင်သန့်စင် လက်ညှိုးညွှန်ပြရာသို့ ဦးသန့်စင် လက်ထဲမှ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဟာ ဟိုမှာ ဟိုမှာ"

"သ သရဲလား"

ခင်သန့်စင် ကြောက်ကြောက်လန့်လန့်နှင့် ပို၍ကျိန်းသေရန်

www.burmeseclassic.com



မေးလိုက်သည်။

"ဘယ်က သရဲရမှာလဲ၊ အဲဒါ ညည်းမောင် ညည်းမောင် ဂျလေပီကောင် အောင်မလေးဗျာ ယောင်ပြီးတော့များ ကားမှတ်တိုင်မှာ လာအိပ်ရတယ်လို့ ခွေးကောင်လေး မိဘတွေကို စိတ်ပူအောင်လုပ်တဲ့ ကောင်"

ဓာတ်မီးကြီး တဝင်းဝင်းထိုးကာ ရာပြည့်နားသို့ လျှောက်လာသည့် အဖေ့ဒေါသခြေသံကိုကြားပေမယ့် ရာပြည့်မလှုပ်ရဲ၊ အိပ်မောဆက် ကျဟန်ပဲ ဆောင်နေလိုက်သည်။

"ဘုရား ဘုရား နေရာတော့ ရွေးတတ်သားပဲ၊ ကားလမ်းမပေါ် သာ လှဲအိပ်နေရင်ခုလောက်ဆို သူ့ကိုယ်ငါးခြောက်ပြား ဖြစ်နေလောက် ပြီ"

စိတ်အေးသွားသော မေမေ့အသံကိုပါ ဆက်တိုက်ကြားလိုက်ရ သည်မို့ ရာပြည့်မလှုပ်ရဲ။ သူတို့နှိုးသည်အထိ စောင့်ရမှာပင်။

"ဟော့ကောင် ရာပြည့် ထစမ်း ထစမ်း"

"သား ရာပြည့်"

ခန္ဓာကိုယ်ကို အတင်းလှုပ်နှိုးကြသည်။ ဒီထက်ဟန်ဆောင်နေ လျှင် အိပ်ချင်ဟန်ဆောင်သူ နှိုးရခက်သည်ဆိုသည့်စကားပုံလို သံသယ တွေ နောက်ဆက်တွဲဝင်လာနိုင်သည်မို့ အိပ်ချင်မူးတူးဟန်ဖြင့် ဆတ်ခ ထထိုင်လိုက်ပြီး

"ဟင် မေမေ ဘာလဲ ဘာလဲ"





"ဟဲ့ ဘာမလဲနဲ့ ထစမ်း နင်အခုအိပ်နေတာ ဘယ်နေရာလဲ သိလား ဟမ်"

မျက်လုံးတွေကို ပွတ်သပ်ပြီး ဘေးဘီဝဲယာကို ကြည့်လိုက်ပြီး အထိတ်တလန့်ဖြစ်ဟန်ဖြင့်

"ဟင် ဒါ ဒါ ဘယ်နေရာလဲ၊ မေမေတို့သားကို ဘယ်နေရာ ခေါ်လာကြတာလဲ"

"အောင်မာ နားရင်းကို ဖြတ်တီးလိုက်မယ်၊ ငါတို့က မင်းကို ခေါ်လာစရာလား၊ မင်းဖာသာမင်း သူခိုးဂျပိုးတစ်ကောင်လို အိပ်ပျော် ရင်း လျှောက်သွားနေတာကိုများ မိဘတွေကိုလာအပြစ်တင်သေး"

"ကဲပါ အဖေကြီးရယ် ဆူမနေပါနဲ့တော့"

မျက်လုံးပေကလပ်ပေကလပ်ဖြင့် ဒေါသဖြစ်နေသော ဖခင်ကို မော့ကြည့်နေသော ရာပြည့်မှာ သူ ဘာမှအပြစ်လုပ်မထားပုံမျိုးမို့ မေမေ သနားသွားပုံရသည်။ မမသန့် စက်ဘီးကိုဆွဲယူပြီး

"ဟဲ့ ထ အိမ်ပြန်မယ်၊ နောက်နေ့တွေဆိုရင်တော့ နင့်ခြေ ထောက်ကိုခုတင်တိုင်မှာ ကြိုးချည်ပြီးမှ အိပ်ခိုင်းမယ်၊ အဲဒါနဲ့ မလုံ လောက်သေးရင် အခန်းတံခါးကို သော့ခတ်ပြီးတော့ကို အိပ်ခိုင်းမယ်"

"ဟာ မမသန့်နော် ကျွန်တော်က အကျဉ်းသားမို့ အဲလိုလုပ် ရမှာလား"

ကိုယ့်အပြစ်ရှိနေတာတောင် ရာပြည့် အစ်မလုပ်သူကို ပြန်၍ ခံပြောလိုက်သေးသည်။

www.burmeseclassic.com



''လုပ်သင့်ရင် လုပ်ရမှာပဲ ဟော့ကောင် မနက်ဖြန်ညကစပြီး စက်ဘီးကိုလည်း သော့ခတ် အိမ်မကြီးတံခါးကိုလည်း သော့ခတ်အိပ်ရုံ တင်မဟုတ်ဘူး၊ မင်းခြေထောက်ကိုပါ ခုတင်တိုင်မှာ ကြိုးချည်ထားမယ်၊ လျှောက်ချင်ရင်လည်း အခန်းထဲမှာပဲ ပတ်ပြီးလျှောက် ဟုတ်ပြီလား''

မမသန့်ပေးသောအကြံကို ဖေဖေကပါ ထောက်ခံနေသဖြင့် ရာပြည့် စိတ်လေသွားသည်။

''ဒုက္ခပါပဲ နောက်နေ့တွေ မြသားနဲ့ ဘယ်လိုတွေ့ရပါ့မလဲ''

လတ်တလော ပြဿနာကို ဉာဏ်မီသလောက် လက်ပူတိုက်ပြီး ဖြေရှင်းလိုက်နိုင်ပေမယ့် မနက်ဖြန်ပြဿနာကိုတော့ ဘယ်လိုနည်းလမ်း သုံးပြီး ကိုင်တွယ်ဖြေရှင်းရမလဲ မသိတော့။

ကိုယ့်အဖြစ်က ချောင်ပိတ်မိနေသော နိုင်ငံခြားဖြစ်ခွေးလေး တစ်ကောင်နှယ်။

■ ■ ■

အခန်း (၁၇)

မြသားနှင့်ညဘက်တွေမှာ သွားတွေ့ဖို့မလွယ်လောက်တော့ဘူး ဟူသော အတွေးနှင့်ပင် ရာပြည့် ဂနာမငြိမ်ဖြစ်နေသည်။ ရုံးကိုသာ သွက်လာရသည် စိတ်ထဲမှာသိပ်မပါ။

ခုတလော ရာပြည့်ရင်ဆိုင်နေရသည့်အဖြစ်အပျက်တွေက မနည်းမနော။ အထင်လွဲမှုတွေ လုပ်ရပ်အလွဲတွေ ကိုယ့်ဂုဏ်သိက္ခာကျ ဆင်းရလောက်သည့် အဖြစ်အပျက်တွေ ရင်ခုန်စရာဇာတ်လမ်းတွေ အားလုံးကိုခြုံကြည့်လျှင် ရသစုံသော ရုပ်ရှင်တစ်ကားကို ကြည့်နေရသည့် နှယ်။ ထိုဇာတ်ကားတွင် အလွဲတွေနှင့် အမြဲတိုးနေသည့် အဓိကသရုပ် ဆောင်က ရာပြည့်ဖြစ်သည်။

ရာပြည့်အတွက်တော့ မြသားနှင့်တွေ့နေရသည့်အချိန်တွေက

www.burmeseclassic.com



သာ ဘဝမှာ အမှန်ကန်ဆုံးရပ်တည်မှုတစ်ခုဟု ယူဆမိပြီး အိမ်မှာနေတာနှင့် ရုံးမှာအလုပ်လုပ်နေရသည့်အချိန်တွေမှာ စိတ်နှင့်လူနှင့်မကပ်သလို ဘာလုပ်လုပ် အလွဲတွေပဲ ဖြစ်၍နေသည်။

ခုလည်း ရုံးခန်းထဲဝင်လိုက်သည်နှင့် စိတ်တိုစရာအကြောင်းကိစ္စက အရင်ဆုံးဆီးကြိုနေသည်။

အားလုံး၏အကြည့်တွေက ပြုံးစိစိ။ စိုးမြကျော်မှလွဲ၍ပေါ့။

"ဟေ့ ကျွန်တော့်ကိုကြည့်ပြီး ဘာလို့ပြုံးနေကြတာလဲ"

"မင်းကံကြမ္မာကို အားကျလို့"

"ဟမ် ဘာဖြစ်နေလို့ အားကျရတာလဲ"

"ဒီလောက် အပေါက်ဆိုးတဲ့ ဌာနမှူးက မင်းအတွက် မနက်ခင်းစာကို ကြိုပြီးပြင်ခိုင်းထားလို့လေ၊ နောက်ပြီးလက်ဆောင်တွေလည်း မင်းစားပွဲပေါ်မှာအဆင်သင့်"

ရုံးစာရေးကြီး ဦးတင်ဝင်း ရာပြည့်စားပွဲပေါ် မျက်စလေးပစ်ပစ်ပြီး ပြောနေသည်မို့ ရာပြည့်စားပွဲပေါ်ကို အကြည့်ရောက်သွားသည်၊ ဒေါသတို့ထောင်းခနဲ ထသွားသည်။

မနက်ခင်းစာအတွက် စားစရာဝယ်ပေးထားတာ သိပ်မဆန်းပေမယ့် အတွင်းခံဘောင်းဘီတစ်ပါကင်ကိုပါ စားပွဲပေါ်တွေ့လိုက်ရသည်အတွက် စိတ်ထဲမလုံမလဲဖြစ်ပြီး ရှက်စိတ်တို့မွန်ထူ၍သွားသည်။

"ဒါ ဘာသဘောလဲ တောက် ဒီလူကြီး စိတ်ရောမှန်သေးရဲ့လား မသိပါဘူးဗျာ"





စားပွဲပေါ်မှ ဘောင်းဘီဘူးကို ရှက်ရှက်နှင့်ယူပြီး ဌာနမှူးရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာလိုက်သည်။

တွေ့ပါပြီ ရုံးလှေကားပေါ် တက်လာသော ဌာနမှူး။

ရာပြည့်ကိုမြင်တော့ ဌာနမှူးမျက်နှာမှာ ပြုံးဖြီး၍သွားသည်။ မယားလုပ်သူက လင်ကိုတွေ့၍ ပျော်သွားသောဟန်မျိုး။

"ဌာနမှူး ဒါ ဘာသဘောလဲ"

အတွင်းခံဘောင်းဘီဘူးကို ရှေ့သို့ ခပ်ဆောင့်ဆောင့်ထိုးပေးရင်း မေးလိုက်သောကြောင့် ဌာနမှူး ပို၍ သွားဖြီးကာ ရယ်လိုက်ပြီး

"မင်းရဲ့အတွင်းခံဘောင်းဘီက ဒီလောက်ပြဲနေတာ ငါမဝယ်ပေးလို့ရမလား"

"ဘာဆိုင်လဲ"

ကျုံးအော်လိုက်သည်။

"သူများတွေမြင်ရင် ရန်ဖြစ်တယ်ထင်နေမယ်၊ ဖြည်းဖြည်းအော် ငါနဲ့မင်းက အရင်တုန်းက မဆိုင်ပေမယ့် ခုဆိုင်သွားပြီလေ၊ ဒါကြောင့် ငါဝယ်ပေးတာပေါ့၊ ကိုယ့်မိန်းမကဝယ်ပေးရင် မငြင်းရဘူး၊ သူ့ဘောင်းဘီကဖြင့် ဂွပြဲနေပြီးတော့"

ဒေါသထွက်ပြလေ ပိုကဲပြီးပြောလေမို့ ရာပြည့် ဘာဆက်ပြောရမှန်းပင် မသိတော့။ ဒီထက်ပိုပြောလျှင်လည်း ကိုယ်ပဲထပ်ပြီး အရှက်ကွဲမည်။ ဌာနမှူးကတော့ သူအပုန်းဆိုတာ လူသိသွားလည်း လုံးဝဂရုစိုက်မည့်ပုံမပေါ်။

www.burmeseclassic.com



ထို့ကြောင့် အံကိုတင်းတင်းကြိတ်ကာ ဌာနမှူးရှေ့မှ လှည့်ထွက်ခဲ့သည်။

"နေပါဦး"

လက်ကိုအတင်းဖမ်းဆွဲထားသဖြင့် အရှိန်ဖြင့်လျှောက်နေသော ခြေလှမ်းတွေ ဖရိုဖရဲဖြင့်နောက်ကို ယိုင်သွားသည်။

"ဟာ ဘာဖြစ်လို့ ဆွဲနေတာလဲ"

"ပြောစရာရှိတယ်၊ ဒီည အိမ်ကိုလာခဲ့လေ"

"ဘာကိစ္စနဲ့ လာရမှာလဲ၊ ခင်ဗျားအကြံကို မသိချင်ဟန်ဆောင်ပြီး လာရမှာလား ဟမ်၊ ကျုပ်ယောကျ်ားစစ်စစ်ဗျ၊ ခင်ဗျားနဲ့ဘာမှပတ်သက်စရာအကြောင်းမရှိဘူး"

"ဒါဆို မင်း ငါ့ကိုအတ္တာပြုပြီးတဲ့ကိစ္စကို ဘယ်လိုတာဝန်ယူမှာလဲ"

ဌာနမှူးဟန်က ယောကျ်ားတစ်ယောက်လို ကျားကျားလျားလျားမဟုတ်တော့၊ မျက်နှာအမူအရာကအစ ပြိတ်တိန့်ငှင့် ယောကျ်ားချင်းအော်ဂလီဆန်ချင်စရာကောင်းနေ၏။

"ရူးနေလား ကျုပ် ဘာမှမသိတဲ့ကိစ္စကို ကျုပ်က ဘာကိုတာဝန်ယူရမှာလဲ၊ ဘာလဲ ခင်ဗျားဗိုက်ထွက်လာမှာစိုးလို့လား စိတ်ကူးတွေယဉ်မနေနဲ့ ခင်ဗျားကယောကျ်ား ဘယ်တော့မှ မိန်းမဖြစ်မလာဘူး၊ ဒါကြောင့် ကျုပ်နဲ့ခင်ဗျား ဘယ်လိုမှမပတ်သက်ခဲ့ဘူး"

တခြားလူတွေကြားမည်စိုး၍ ခပ်ကြိတ်ကြိတ် သတိပေးလိုက်





သည်။ ဒီလိုလူစားမျိုးကို အားနာသလို ရှက်ရွံ့သလို လုပ်ပြ၍မရတော့။ ပြတ်ပြတ်သားသား ပြောမှ ဖြစ်တော့မည်။

ထိုသို့မပြောလျှင် အညွန့်တုံးမည့်သူက ကိုယ်ပင်ဖြစ်သည်။

"အဲဒီလို စားပြီးနားမလည်လုပ်လို့ရမလား၊ မင်းသာ ငါ့ကိုတာဝန်မယူဘူးဆိုရင် ငါက တစ်ရုံးလုံးကိုလိုက်ဖွပ်စ်လိုက်မှာနော်"

"ခင်ဗျား မယုတ်မာနဲ့နော်"

"ယုတ်မာတာမဟုတ်ဘူးလေ၊ ချစ်ကြတုန်းကတော့ နှစ်ဦးသဘောတူချစ်ကြပြီး ခုမှ ခေါင်းရှောင်လို့ကတော့ ငါက ငြိမ်ခံနေမှာမဟုတ်ဘူး"

ဌာနမှူး ပြတ်ပြတ်သားသား ခြိမ်းခြောက်သည်။ ရာပြည့်ကလည်း မကြောက်။

"ငြိမ်မခံလို့ ခင်ဗျားက ဘာလုပ်ချင်လဲ လုပ်လေ"

"အေး ငြိမ်ခံဘူး နင့်ကို ငါရအောင်လက်ထပ်မှာ ရှင်းလား"

"ကျွတ် ခင်ဗျား တော်တော် ဖောင်းထနေတာပဲ၊ အရှက်မရှိဘူးလား၊ ဒီရုံးမှာ ခင်ဗျားက အရာရှိနော်၊ ခင်ဗျားအရှက်တွေကွဲမှာ မကြောက်ဘူးလား"

မျက်နှာပြောင်တိုက်လွန်းသော ဌာနမှူးလိုလူစားမျိုး ဒီတစ်ကြိမ် ပထမဦးဆုံး တွေ့ဖူးခြင်းပင်။

"မကြောက်တော့ပါဘူး ဒီရုံးက လူလွတ်ယောကျ်ားတွေက ငါနဲ့မှမကင်းကြတာ၊ မင်းနဲ့ခုလိုဖြစ်တာသိလည်း သူတို့က မဆန်းဘူး

www.burmeseclassic.com



ရှင်းလား၊ သူတို့က မင်းထက်စီနီယာကျတယ်''

''ဘာ''

ရာပြည့်၏တအံ့တသြ ဘာလိုက်ခြင်းကို ဌာနမှူး သဘောကျစွာရယ်သည်။

''ဒါဆိုရင် ကျုပ်ကိစ္စရုံးမှာ ပွနေပြီပေါ့ ဟုတ်လား''

''ပွရင်တော့ပွမှာပေါ့ အဟက် ငါဘာလဲဆိုတာ ရုံးချုပ်ကအရာရှိတွေကအစ အကုန်သိတယ်''

ဒေါသဖြစ်လွန်း၍ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

''ကျုပ် ဒီနေ့ပဲ ဒီရုံးကနေ ထွက်စာတင်မယ်''

ဒါဟာ ရာပြည့်၏ယတိပြတ် ချလိုက်သည့် လတ်တလော ဆုံးဖြတ်ချက်ဖြစ်သည်။

■ ■ ■

## အခန်း (၁၈)

''သမီး တံခါးဝမှာ ပြူတစ်ပြူတစ်နဲ့ ဘာလုပ်နေတာလဲ၊ ပြောတော့ ဆေးခန်းသွားထိုင်ဖို့ နောက်ကျနေပြီတဲ့''

အနောက်မှ ဖြုန်းခနဲ ပေါ်လာသော မေမေ့အသံကြောင့် လသော်တာ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်တက်သွားသည်။

ရာပြည့်လှေကားပေါ်တက်လာသည်နှင့် ဆုံမည်စိုး၍ အခန်းဝတွင် ရပ်နေမိသည့် လသော်တာ အခက်တွေ့စွာ ပြုံးလိုက်ပြီး

''သွားတော့မှာပါ မေမေ၊ ဘာကျန်သေးလဲ စဉ်းစားနေတာ''

''ဘာကျန်သေးလဲ မေမေ သွားယူပေးမယ်လေ''

''ဟင့်အင်း မကျန်တော့ပါဘူး မေမေ၊ သမီး သွားတော့မယ်နော်''

''အေး အေး''

www.burmeseclassic.com



ရာပြည့်တိုက်နံပါတ် ၄ ကို ရောက်နေသည်ဆိုသည့်အကြောင်းကို မမေသိ၍မဖြစ်။ မလိုအပ်ဘဲ ရာပြည့်အပေါ် သံသယမဖြစ်စေချင်။ ထို့ကြောင့် ညဘက်တွေမှာ ရာပြည့် ဒီအခန်းထဲ ဘာလာလုပ်သလဲဆိုသည့်ကိစ္စကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းရမည်။

"ဟင်"

သူ့အကြောင်းတွေးတုန်းရှိသေးသည် အခန်းနံပါတ် ၄ ရှေ့တွင် ရာပြည့်နှင့် တန်းတိုးတော့သည်။

"ရှင် ဘယ်ကိုလာတာလဲ ရာပြည့်"

လသော်တာကို တွေ့တော့ ရာပြည့် အိုးတိုးအမ်းတမ်းဖြစ်သွားသည်။

"ဟို ဒီ ဒီအခန်းက သူငယ်ချင်းဆီလာတာလေ"

"ဒီအခန်းက ရှင့်သူငယ်ချင်း ဟုတ်လား"

ရာပြည့် ခေါင်းညိတ်လိုက်သည်။

"ခုမှ ဝယ်လိုက်တဲ့လူသစ်လား"

"ဟင် အဲ ဟုတ် ဟုတ်တယ်၊ ဒါနဲ့ ဘယ်လဲ မ မတွေ့တာတောင်ကြာပြီနော်"

"ကျွန်မကို ရှင်ကမတွေ့တာကြာပေမယ့် ကျွန်မကတော့ ရှင့်ကို မကြာမကြာ တွေ့နေရတယ်"

"ဗျာ"

နိုးစားတာပေါ်မည့်အနေအထားမှ ရာပြည့် အူကြောင်ကြောင်





ဖြင့် ခြောက်ကပ်ကပ် ရယ်လိုက်သည်။ လသော်တာ စကားလမ်းကြောင်းလွှဲကာ

"ဦးတို့အန်တီတို့ရော နေကောင်းကြလား"

"ဟုတ်ကဲ့ ကောင်းပါတယ်"

"မမသန့်ကို ပြောလိုက်ပါဦး၊ လသော်တာ မနက်ဖြန် လာခဲ့မယ်လို့ ကဲ သွားတော့မယ်"

"ဟုတ်ကဲ့"

ဒီထက်ပိုပြီး ပြောစရာမရှိတော့တာကတစ်ကြောင်း ထိုအခန်းရှေ့မှာ ကြာကြာမနေချင်သည်ကတစ်ကြောင်းမို့ နှုတ်ဆက်ပြီး လှေကားထစ်တွေအတိုင်း ခပ်သွက်သွက်ဆင်းလာလိုက်သည်။

ရာပြည့် ဘာတွေလာလာလုပ်နေသည်ဆိုတာကို သိချင်နေမိသည်။ ထိုအခန်းကို ဘယ်သူဝယ်လိုက်တာလဲ။

ရာပြည့်နှင့်ပတ်သက်ပြီး လသော်တာ ရင်ထဲမှာ သိချင်နေတာတွေက တစ်ပုံတစ်ပင်။

မိဘချင်းသဘောတူထားသည့်အတွက် ရာပြည့်ကို ဥပေက္ခာပြုထား၍မရသလို အတွေးထဲမှာ သူ့အမြဲရှိနေတတ်တာလည်း လသော်တာ၏ စွဲလမ်းသွားမှုတစ်ခုပင်ဖြစ်သည်။

တကယ်ဆို ရာပြည့်ကို အရင်ချစ်မိနေခဲ့တာ လသော်တာပါ။

■ ■ ■

"ဘယ်သူနဲ့ စကားပြောနေတာလဲ"

www.burmeseclassic.com



အိမ်ထဲဝင်ဝင်ချင်း မနာလိုရိပ်ပါသော သံသယအကြည့်ဖြင့် မေးလာသော မြသားကိုကြည့်ပြီး ရာပြည့် ကျေနပ်နေသည်။ မိန်းကလေး ဆိုတဲ့အမျိုးက သဝန်တိုတတ်သည့်အမျိုးမို့ သူတို့ချစ်သူကို တခြားမိန်း ကလေးနှင့်သဝန်တိုတာ သိပ်တော့မဆန်း။

"အပေါ်ထပ်အလှာက အသိတစ်ယောက်နဲ့ပါ"

"အသိတင်ပဲလား တခြားဘာမှပတ်သက်မှုမရှိဘူးလား"

တစ်ခုခုကို ကြိုသိနေသလိုမျိုး မေးလာသဖြင့် ရာပြည့် မညာ တတ်သူပီပီ အမှန်အတိုင်း ပြောလိုက်သည်။

"တ တကယ်တော့ သူနဲ့ကိုယ့်ကို မိတ်ချင်းသဘောတူထားတာ တဲ့၊ ဒါပေမဲ့ ကိုယ်ကတော့ လုံးဝ ငြင်းထားတယ်၊ ကိုယ့်ရင်ထဲမှာ မြသားတစ်ယောက်ထဲ ရှိတယ်၊ ဘယ်မိန်းမကိုမှ လက်မထပ်နိုင်ဘူး"

"တကယ်ပြောတာလား၊ မြသားမှာ ဘယ်လိုအကြောင်းအရာ မျိုးပဲရှိလာ ရှိလာ မြသားကိုထားပြီး ထွက်မပြေးရဘူးနော်"

"မြသားကို ထားသွားဖို့ဆိုတဲ့အကြောင်းကို စကားအဖြစ်တောင် မပြောပါရစေနဲ့ မြသားရယ်"

"သူများတွေ ဘာတွေပဲ ပြောကြပါစေ ရှင်နားမယောင်ပါနဲ့"

ကလေးငယ်တစ်ယောက်လို တောင်းပန်တိုးလျှိုးနေသော မြသားကို အချစ်ပိုစွာကြည့်လိုက်ပြီး ပခုံးသားနုစ်ဖက်ကို ကြင်နာစွာဆုပ် ကိုင်လိုက်၏။

"မြသားက ဘာတွေအမှားလုပ်ထားလို့ ပတ်ဝန်းကျင်က ကိုယ့်





ကို ဘာတွေပြောမှာလဲ စိတ်ချ ကိုယ်နားမယောင်ဘူး။ ယုတ်ဆွအဆုံး မြသားဟာ အိမ်ထောင်ကျဖူးတာတို့ အဲ ကလေးတစ်ဒါဇင်လောက်မွေး ဖူးပါတယ်လို့ လာပြောရင်တောင် ကိုယ့်ရင်ထဲက အချစ်တွေက မြူတစ် မှုန်စာတောင် မလျော့စေရဘူး၊ ကိုယ့်အသက်နဲ့ကျိန်ပြောရဲတယ်"

ကိုယ့်စကား အိုဗာဖြစ်သွား၍ထင်သည်။ မြသားထံမှ ခစ်ခနဲ ရယ်သံထွက်လာသည်။ ပြီးနောက် ရယ်ရွှန်းသော မျက်ဝန်းလေးကိုပင့် မော့လျက်

"အဲဒီထက် အရုပ်ဆိုးအကျည်းတန်တဲ့ကိစ္စမျိုး ရှိလာခဲ့ရင်ရော"

"အဟက် မိန်းကလေးတစ်ယောက်ရဲ့အမည်းစက် စွန်းထင်း စေနိုင်တဲ့အကြောင်းအရာတွေထဲမှာ ခုကိုယ်ပြောတဲ့အကြောင်းအရာထက် ဆိုးတာများ ရှိသေးလို့လား"

"ရှိလာခဲ့ရင်ပေါ့ အဲဒီအချိန်ကျရင် မြသားကို ကြောက်ပြီး ပစ်မသွားရဘူးနော် ကတိပေးမလား"

"လုံးဝ လုံးဝ ကတိပေးတယ်၊ မြသားကလည်း ကိုယ့်မှာ လုံးဝခွင့်မလွှတ်နိုင်စရာကိစ္စမျိုး ပေါ်လာခဲ့ရင် ကိုယ့်ကိုလုံးဝ မုန်းမသွား ပါဘူးလို့ ကတိပေးနော်"

ဌာနမှူးနှင့်ကိစ္စကို ကြိုပြီး ခွင့်လွှတ်မှုတောင်းခံထားလိုက်သည်။ ထိုညက တကယ်ပဲ မှားခဲ့သလား ဌာနမှူး တမင်ညစ်ပြီး လူကိုစိတ်ဒုက္ခ ပေးနေတာလားဆိုတာကိုတော့ ရာပြည့် ဘယ်လိုမှ အဖြေရှာ၍မရနိုင်။

စိတ်ထဲမှာ အနိုင်အမာသိထားတာတစ်ခုကတော့ ဘယ်လောက်

www.burmeseclassic.com



ပဲ လူမှန်းမသိအောင်မူးနေပါစေ၊ ယောက်ျားအချင်းချင်း ကာမစပ်ယှက်ခဲ့သည်ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ခဲ့။

ကိုယ်က ထိုသို့သော လူစားမျိုးမှမဟုတ်တာ။

"မြသားလည်း ရှင့်လိုပါပဲ ရှင့်မှာ ဘဝပျက်ရလောက်တဲ့ ဘယ်လိုအပြစ်မျိုးရှိနေပါစေ မြသား လုံးဝ မုန်းမသွားဘူးဆိုတာပဲ"

"တကယ်နော် မြသား"

"အင်း တကယ်ပေါ့လို့"

"ဟာ ဒါဆိုရင် ကိုယ်တို့ကို ဒီတစ်သက် ဘယ်လိုပယောဂမျိုးကမှ ခွဲလို့မရတော့ဘူး၊ ကိုယ်တို့အချစ်တွေက ရာသက်ပန်မြဲကြမှာ သေချာတယ်"

အနာဂတ်ကို ပြုံးတူမျှော်ကြည့်ရင်း တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်တွယ်လိုက်ကြသည်။

■ ■ ■

"ဟင် ဘယ်လို ရာပြည့်က သမီးတို့တိုက်အောက်ကအိမ်ကို အမြဲလာတယ် ဟုတ်လား"

ဒေါ်ခင်ပြည့်ဝင်း အံ့သြကာ လသော်တာကို ပြန်ထပ်မေးဇာ ခင်သန့်စင်ပါ ညှော်ခန်းထဲ ကော်ဖီဗန်းယူလာရင်း နားစွင့်နားဖျား ကြားကာ

"ဘယ်အိမ်ကိုလဲ လသော်တာ၊ သူက အဲဒီအိမ်ကို ဘာကိစ္စနဲ့ လာရတာလဲ"





"ညီမတို့အောက်ထပ်အလွှာကလေ အဲဒီအိမ်က လူမနေတာကြာပြီ၊ ဒီလိုအိမ်မျိုးကို ရာပြည့် ညသန်းခေါင်အချိန်တွေမှာ ဘာကြောင့် အမြဲလာနေသလဲဆိုတာ ညီမလည်း စဉ်းစားလို့မရဘူး"

ဒီတစ်ခါ ပြောလိုက်သည့်စကားကြောင့် သားအမိနှစ်ယောက်စလုံး အထိတ်တလန့်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး

"ဟော့တော် ညသန်းခေါင်ကြီးသွားတယ်ဆိုပါလား မေမေရဲ့"

"အေး သူ အိပ်နေရင်း ယောင်ပြီး ထသွားတတ်တဲ့အကျင့်ရှိလို့ ခြေဦးတည့်ရာလျှောက်သွားရင်းနဲ့ ရောက်သွားတာများလား"

ဒီတစ်ခါ ပြန်၍ ထူးဆန်းစွာ အံ့သြရသည်က လသော်တာဖြစ်သည်။

"ရှင် ရာပြည့်က ည ညယောင်ပြီး လျှောက်သွားတယ် ဟုတ်လား အန်တီ၊ သူ သူ့မှာ အဲဒီအကျင့်ရှိလို့လား"

"အရင်ကတော့မရှိဘူး၊ ဒီလပိုင်းတွေမှာတော့ သူ့အပြုအမူတွေက ထူးဆန်းနေတယ်၊ တစ်နေ့ညတုန်းကဆို အိပ်နေရင်း စက်ဘီးနဲ့ ထွက်သွားလို့ အန်တီတို့မှာလေ လမ်းမပေါ်တွေမှာ ညသန်းခေါင်ကြီး လိုက်ရှာလိုက်ရတာ၊ တွေ့မယ့်တွေ့တော့ ကိုယ်တော်ချောကလေ ကားမှတ်တိုင်မှာ စက်ဘီးကြီးဘေးရပ်ပြီး တခေါခေါနဲ့ အိပ်နေဂိုက်ပုံများ လမ်းဘေးက ကလေကချေများလားမှတ်ရတယ်ကွယ်"

"ရာပြည့် ဒီလိုပုံစံဖြစ်နေတာ တော်တော်လေး ထူးဆန်းနေ

www.burmeseclassic.com



တယ် အန်တီ၊ ဒါသမားရိုးကျ မဟုတ်ဘူး၊ သမီး သူ့ကိုတွေ့တဲ့ညတွေ တုန်းကတော့ သူ့ပုံစံက အိပ်မောကျနေရင်း လမ်းထလျှောက်သူလို ယောင်တိယောင်ကန်းပုံစံမဟုတ်ဘူး၊ အဲဒီအိမ်ထဲကိုဝင်သွားတာများ တကယ် နိုးကြားနေတဲ့သူလိုမျိုးပဲ''

ရာပြည့်အတွက် အမေရော အစ်မရော စိတ်ပူစပြုလာကြသည်။ ဒီကောင်လေး ဘာတွေများ မဟုတ်တာလုပ်နေသလဲပေါ့။

''လူမနေတဲ့အိမ်ကို ဒင်းက ဘာသွားလုပ်စရာအကြောင်းရှိလဲ၊ မဟုတ်မှလွဲရော တခြားကောင်မလေးတွေခေါ်ပြီး သွားတွေ့ကြတာများလား သမီးရယ်၊ အန်တီ့ကို စုံစမ်းပေးပါဦး၊ နောက် နောက်ပြီး ဒီကိစ္စတွေကို သမီးအမေကို မပြောပါနဲ့ဦးနော်၊ တော်ကြာ သမီးနဲ့မပေးစားတော့ဘူးဆိုပြီး မင်္ဂလာကိစ္စတွေကို ဖျက်လိုက်မှာစိုးတယ်ကွယ်''

''ဟုတ်ကဲ့ပါ အန်တီရယ်''

လသော်တာကို ချွေးမတော်ဖို့အတွက် ဘယ်လိုအရာမျိုးက လာရောက်တားဆီးပါစေ ဒေါ်ခင်ပြည့်ဝင်း ရအောင်ဖျက်မည်။

''ဒါနဲ့ အဲဒီအိမ်က လူမနေဘူးဆို''

''ဟုတ်တယ် မမသန့်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အဲဒီအိမ်မှာ အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ယောက် ဓာတ်လိုက်ပြီး သေခဲ့ဖူးတယ်''

''အို ဘုရားရေ အဲ အဲဒါနဲ့ ဆက်ပြောပါဦး''

နားထောင်နေရင်းက အားမလိုအားမရ ဖြစ်လာပြီး အလော





ဘကြီးဆက်ပြောနိုင်သော ဒေါ်ခင်ပြည့်ဝင်းပုံစံမှာ သားဖောကြောင့် မျက်နှာပေါ် စိုးရိမ်စိတ်တွေ ထင်ဟပ်နေ၏။

''အဲဒီနောက်ပိုင်း အဲဒီအိမ်ကို ပြောင်းလာတဲ့သူတိုင်းကို မနေနိုင်အောင် ခြောက်လှန့်လို့ ပြောင်းပြေးရတဲ့မိသားစုတွေမနည်းဘူး၊ အဲဒီကောင်မလေးရဲ့မိဘတွေက မိုးကုတ်က ကျောက်သူဌေးတွေလေ၊ သူတို့သမီးနေသွားတဲ့အိမ်ကို အလွမ်းပြေထားတယ်ဆိုပြီး မရောင်းဘူး အိမ်ငှားတွေပဲ တင်တယ်''

''ဒါဆို ရာပြည့်က သွားငှားနေတာများလား''

''မဟုတ်လောက်ဘူး မမသန့်၊ သူပြောတော့ သူငယ်ချင်းဆီလာတာတဲ့၊ ပိုပြီးကျိန်းသေချင်ရင် အဲဒီအိမ်ကို စောင့်ရှောက်ထားတဲ့ ဒေါ်ကေသီဆိုတဲ့ အမျိုးသမီးကြီးဆီသွားပြီး စုံစမ်းကြည့်ရင် မကောင်းဘူးလား''

''ဒီကောင်လေး ဘာကြောင့် ဒီအိမ်ကို ဝင်ထွက်နေသလဲဆိုတာ သိရအောင် သွားစုံစမ်းကြည့်လိုက်တာတော့ မမှားဘူး လသော်တာ၊ မမသန့်တို့ သွားမေးကြရအောင်''

''ဒါဆိုရင် ဒီနေ့ပဲ သွားကြမလား''

''အေး သွားမယ်၊ လသော်တာ မမသန့် ဒီကောင်လေး တစ်ခုခု အမှားလုပ်မှာကို အရမ်းစိုးရိမ်နေပြီ''

စိတ်မြန်လက်မြန်ရှိသူမမသန့် ထိုင်ရာမှ ချက်ချင်းထကာ ထိုအိမ်အကြောင်း စုံစမ်းဖို့ သွေးဆူနေသည်။

www.burmeseclassic.com



"မေမေလည်း လိုက်မယ်လေ"

"မလိုက်ပါနဲ့ မေမေ၊ ဖေဖေ ပြန်လာရင် သားအမိနှစ်ယောက်လုံးအပြင်ထွက်နေရင် ရိပ်မိသွားလိမ့်မယ်"

သွေးတိုးရှိသော မေမေ့ကို စိတ်ချောက်ချား ထိတ်လန့်စရာအဖြစ်မျိုးတွေနှင့် မကြုံစေချင်၍ အကြောင်းပြပြီး နေခဲ့ခိုင်းလိုက်သည်။

လသော်တာလည်း မမသန့်တို့နှင့်ထပ်တူ ရာပြည့်အတွက်စိုးရိမ်တာပါပဲ။ ဒီကိစ္စ မေမေသိလျှင် ရာပြည့်ကို အထင်သေးသွားနိုင်သည်မို့ အတတ်နိုင်ဆုံး ဖုံးဖိထားရမှာပင်။

ရာပြည့်ရယ် ရှင့်ကိုကျွန်မ ချစ်မိနေပါပြီဆိုမှ ရှင်ဘာတွေလုပ်နေတာလဲ။ ရှင့်အတွက်နဲ့ အင်မတန်ခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်ရခက်နေပြီ။

■ ■ ■

## အခန်း (၁၉)

"သြော် ဒေါက်တာပါလား ဘာကိစ္စရှိလို့လဲ"

အိမ်တံခါးဖွင့်ဖွင့်ချင်း လသော်တာကိုမြင်သည်နှင့် ဒေါ်ကေသီဆိုသော အမျိုးသမီးကြီးမှာ မျက်နှာပြုံးချိုသွားသည်။

"ကျွန်မတို့အောက်ထပ်က အန်တီကေသီ စောင့်ရှောက်ပေးထားတဲ့အခန်းကို ကျွန်မမိတ်ဆွေတစ်ယောက် ငှားမလို့ပါရှင်"

အိမ်ခန်းအတွင်းထဲကို ဝင်ကြည့်ဖို့အရေးက ဒီတစ်နည်းပဲ ရှိသည်မို့ တမင်ပင် ညာပြောလိုက်ရသည်။

"သြော် ဒေါက်တာရယ် ဒါများ တကူးတက လာရသလား၊ ဖုန်းဆက်လိုက်လည်း ရပါတယ် လာ လာ ဝင်ကြပါ"

ဖော်ရွေစွာ ဖိတ်ခေါ်မှုကြောင့် လသော်တာနှင့်မမသန့် အိမ်ထဲဝင်လိုက်ကြသည်။ အိမ်ထဲရောက်သည်နှင့် လသော်တာက အရင်သိချင်

www.burmeseclassic.com



တာကို မေးလိုက်သည်။

"ဒါနဲ့ ခုလောလောဆယ် အခန်းကို ငှားထားသေးလား အန်တီကေသီ"

ဒေါ်ကေသီ အိမ်ဖော်ကောင်မလေးကို ကော်ဖီဖျော်ခိုင်းရင်း ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးမှ လသော်တာအမေးကို ဖြေသည်။

"အိမ်ငှားမတင်ရသေးပါဘူး ထုံးစံအတိုင်း မြသားက နှောင့်ယှက်နေတော့ တော်ရုံခာတ်သိတဲ့ပွဲစားတွေက လူမတင်ပေးကြဘူးလေ၊ ရောင်းဆိုတော့လည်း မရောင်း၊ ကျွတ်ဖို့လွတ်ဖို့အတွက် သံဃာလေးဘာလေး ပင့်ပြီး အမျှအတန်းပေးဝေဆိုတော့လည်း သူ့မိဘတွေက ခရစ်ယာန်တွေဆိုတော့ သူတို့သမီးက ကောင်းကင်ဘုံမှာတဲ့၊ လူတွေက အစိမ်းသေသေတယ်ဆိုပြီး သက်သက်မဲ့လျှောက်ပြောနေတာတဲ့လေ၊ အန်တီလည်း ဝတ္တရားရှိလို့သာ အိမ်သော့ကို လက်ခံပေးထားတာ၊ တစ်ချက်ကလေးမှကို သွားမကြည့်ဖြစ်ပါဘူး"

ဒေါ်ကေသီ အခန်းအကြောင်းကို စိတ်လွတ်ကိုယ်လွတ် ပြောနေရာမှ ခင်သန္တာစင်ကို သတိထားမိသွားပြီး အားနာဟန်ဖြင့်

"ဩော် ငှားမှာက ဒီက ညီမများလား၊ အမလေး ဒေါ်ကော်တော့ကို စိတ်လွတ်ကိုယ်လွတ် ပြောနေမိတာ အိမ်ငှားဖို့လိုက်လာတဲ့သူ မနေရဲအောင်ပြောမိသလို ဖြစ်နေပါပြီ"

"မဟုတ်ပါဘူး အန်တီ၊ အဲ အစ်မကြီး ကျွန်မက လသော်တာနဲ့ အဖော်လိုက်လာတာပါ"





"ငှားမယ့်သူက မမသန္တာမဟုတ်ပါဘူး၊ မန္တလေးက တာဝန်နဲ့ ပြောင်းလာမယ့် ကျွန်မရဲ့စီနီယာတစ်ယောက်ပါ"

"ဩော် ဒီကိစ္စတွေ သိသွားရင်ရော ငှားပါဦးမလား"

"ကျွန်မစီနီယာက အဲဒါတွေ အယုံအကြည်မရှိဘူး၊ တကယ်ငှားဖြစ်မှာက ရှေ့လလောက်မှပေါ့၊ ဒါပေမဲ့ ခုလောလောဆယ် ရန်ကုန်ကိုအလုပ်ကိစ္စနဲ့ ခဏရောက်လာလို့ ကြုံတုန်း အခန်းကိုကြည့်သွားချင်တယ်ဆိုလို့ အန်တီကေသီကို လာပြောတာပါ"

"ဒါဆိုရင် အန်တီ လိုက်ပြမနေတော့ဘဲ ဒေါ်ကော်တာပဲ ယူသွားပေးပါလားကွယ်"

အိမ်ဖော်မလေး ကော်ဖီပန်းကိုင်ပြီး လသော်တာတို့ရှေ့ ချပေးသည်။

"ကဲ ကော်ဖီသောက်ကြပါဦး ဩော် မိတူးရေ ဟိုအိမ်ခန်းသော့ စာကြည့်ခန်းထဲမှာချိတ်ထားတယ် သွားယူချေစမ်း"

"ဟုတ်ကဲ့ ကြီးကြီး"

အိမ်ဖော်မလေး ခပ်ရှိုရှိုပြန်ထွက်သွားတော့မှ လသော်တာ အိမ်ရှင်စိတ်ကျေနပ်အောင် ကော်ဖီတစ်ငုံနှစ်ငုံ ယူသောက်ရင်း

"ဒါဆိုရင် အိမ်သော့ယူသွားပြီး သူကြည့်ပြီးတာနဲ့ လာပြန်ပို့ပေးပါ့မယ်"

"အလောတကြီး လာပို့စရာမလိုဘူး အေးအေးဆေးဆေးမှ လာပို့ပါ ဒေါ်ကော်တာက ဆေးရုံတစ်ဖက် ဆေးခန်းတစ်ဖက်နဲ့မအားရတဲ့

www.burmeseclassic.com



ကြားထဲမှာ''

အန်တီကေသီ ပြောသမျှတွေက လသော်တာ၏ဆန္ဒတွေကို တကူးတက လိုက်လျှောပေးနေသလိုပင်။ ဘာမှသိပ်ပြီး အားမရိုက်လိုက်ရ။ မျက်နှာပျက်ချင်ချင်ဖြစ်နေသောမမသန့်ကို အိုကေတယ် တွေ့လား ဟူသောအဓိပ္ပာယ်သက်ရောက်သည့် အပြုံးဖြင့် ပြုံးပြပြီး အားပေးနှစ်သိမ့်လိုက်သည်။

''ဟုတ်ကဲ့ ဒါဆိုရင် သော့ကို အေးအေးဆေးဆေးမှ လာပို့ပေးပါ့မယ်၊ အဲ ကျွန်မ ဆေးရုံမသွားတဲ့နေ့မျိုးပေါ့''

''ရတယ် ဘယ်အချိန်မှ လာပေးပေးပါ ဒေါက်တာရယ်၊ အရေးမကြီးပါဘူး''

''ကျေးဇူးတင်ပါတယ် အန်တီရယ်၊ ဒြော် ဒါဆိုရင် ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး''

အန်တီကေသီကို နှုတ်ဆက်ပြီး နှစ်ယောက်သား ပြန်ထွက်လာခဲ့ကြသည်။

''အဲဒီအိမ်မှာ တကယ်ပဲ သရဲရှိနေတာပေါ့နော် လသော်တာ''

ကြောက်ရွံ့ဟန်ဖြင့်မေးနေသော မမသန့်ကို ငဲ့ကြည့်ပြီး

''အဲဒီလိုတော့ ပြောကြတာပဲ၊ အဲကောင်မလေးက ရုတ်တရက် ဆုံးသွားတာဆိုတော့ အဲဒီအိမ်မှာ စိတ်စွဲနေတယ်ထင်ပါရဲ့၊ ကျွန်မကတော့ တစ်ခါမှ အခြောက်မခံရဖူးပါဘူး။ သူ့ခင်တဲ့အိမ်နီးနားချင်းဖြစ်နေလို့ နေမှာပေါ့''





''ဟင် လသော်တာနဲ့ သိတယ် ဟုတ်လား''

''ဟုတ်တယ် သူ ဓာတ်လိုက်ပြီး သေလုသေခင်ဖြစ်နေတဲ့အချိန်မှာ ကျွန်မကပဲ သူ့ကိုလိုအပ်တဲ့ဆေးစစ်ချက်တွေ လုပ်ပေးခဲ့တာလေ၊ ဦးနှောက်သွေးကြောတွေထဲထိ လျှပ်စစ်စီးကြောင်းက ဝင်တော့ သွေးကြောပေါက်ပြီး ဆုံးတာ၊ နာမည်က မြသားသွင်တဲ့၊ စိတ်ပညာကျောင်းသူလေး။ အရမ်းကိုသနားဖို့ကောင်းပါတယ် မမသန့်ရယ်၊ ခုပြန်ပြောရင် စိတ်မကောင်းဖြစ်မိတယ်''

''နာမည်က မြသားသွင် ဟုတ်လား''

''ဟုတ်ကဲ့''

မမသန့် သက်ပြင်းမောကို ခပ်လေးလေးချရင်း

''မဟုတ်မှလွဲရော ရာပြည့် အဲဒီအိမ်မှာ ကောင်မလေးတစ်ယောက်ယောက်နဲ့ သွားတွေ့နေတာများလား''

''မဖြစ်နိုင်ဘူး မမသန့်၊ အဲဒီအိမ်ကို သူတစ်ယောက်ထဲ လာတာ ဘယ်အဖော်မှမပါဘူး''

''ဒါဆို ဘာသွားလုပ်တာလဲ၊ စဉ်းစားရကျပ်လိုက်တာ၊ သူသွားတော့ရော သူ့ကိုမြသားသွင်ဆိုတဲ့ကောင်မလေးက သရဲခြောက်ခြောက်လိုက်ဘူးလား''

မမသန့်၏ထင်ကြေးကိုတော့ လသော်တာ ဘာမှပြန်မဖြေနိုင်။ ဒါကတော့ ကာယကံရှင်ပဲသိမှာပေါ့။

ရာပြည့် ဘာသွားလုပ်နေသလဲဆိုတာ လသော်တာလည်း

www.burmeseclassic.com



သိချင်လှပါပြီ။

■ ■ ■

လက်ဆောင်ထုပ်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ရောက်လာသော ဌာနမှူးကိုကြည့်ပြီး ဒေါ်ခင်ပြည့်ဝင်းနှင့် ဦးသန့်ဇင် ဖိတ်ခေါ်လိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲကွယ် ဝင်ပါ ဝင်ပါ"

ဌာနမှူးက ဘယ်သူနဲ့တွေ့ချင်ပါတယ်ဟုပင် မပြောရသေး ဒေါ်ခင်ပြည့်ဝင်းက အိမ်ထဲကို အတင်းဖိတ်ခေါ်နေသဖြင့် ဌာနမှူးပို၍ အကြိုက်တွေ့သွားရသည်။

"ကျွန်တော်က ရာပြည့်နဲ့တွဲနေတဲ့ သူတို့ရုံးက ဌာနမှူးကျော်မင်းကိုပါ"

"ဩော် ဟုတ်လား ဝင်ပါ ထိုင်ပါကွယ်"

"သားက မရှိဘူး ငါ့တူရဲ့ ရုံးကထွက်စာတင်မယ်ဆိုလား ဘာလား မသိပါဘူး။ အဲဒီကိစ္စသွားပြီး အပြန်ဖုန်းဆိုင်ဖွင့်ဖို့ ဆိုင်ခန်းသွားကြည့်မယ်လို့တော့ သူ့အမေကို ပြောသွားတယ် ဌာနမှူး လာမယ်ဆိုတာ သူ သိလား"

"မသိပါဘူး သူသိရင် ကျွန်တော့်ကို အလာခံမှာမဟုတ်ဘူး သူ ကျွန်တော့်ကို စိတ်ကောက်နေတယ်"

ဌာနမှူးစကားကြောင့် ဦးသန့်ဇင်ရော ဒေါ်ခင်ပြည့်ဝင်းရော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်ကောက်နေသည်ဆိုသည့် စကားအပေါ် ဇဝေဇဝါ ခံစားလိုက်ရသည်။





"သားက ဘာကြောင့် ကိုယ့်အထက်အရာရှိကို စိတ်ကောက်ရတာလဲ"

"ဒီလိုပါပဲ ဦးရယ်၊ သူနဲ့ကျွန်တော်နဲ့ကြားက ပတ်သက်မှုက တစ်ရုံးလုံးမှာရှိတဲ့ လူတွေထက် ပိုပြီးရင်းနှီးပွင့်လင်းကြတယ်လေ"

"ဩော် ဟုတ်လား၊ သူငယ်ချင်းအရင်းအချာကြီးတွေပေါ့"

ဦးသန့်ဇင် ဌာနမှူးစကားကို ဖော်လိုလိုက်ပြောလိုက်သည်။

"သူငယ်ချင်းထက်ကို ပိုပါတယ်"

"ဩော် ညီအစ်ကိုလို ခင်ကြတာလား"

ဒေါ်ခင်ပြည့်ဝင်းက ထပ်မံဖြည့်စွက်ပြီး ပြောလိုက်သည်။

"အဲလိုလည်းမဟုတ်ပါဘူး"

ဒေါ်ခင်ပြည့်ဝင်းနှင့် ဦးသန့်ဇင်စိတ်ထဲကနေပြီး ဟင် ဒါဆို ဘယ်လိုပတ်သက်မှုလည်းဟု မေးလိုက်ကြသည်။

ဌာနမှူး သူ့ရှေ့တွင် ချထားသော လက်ဆောင်ခြင်းနှင့် တခြားအသုံးအဆောင်ထုပ်တွေကို ဒေါ်ခင်ပြည့်ဝင်းနှင့် ဦးသန့်ဇင်ရှေ့သို့ တရိုတသေ တိုးပေးလိုက်ပြီး

"ဒီပစ္စည်းတွေနဲ့ အဖေနဲ့အမေကို လာပြီး ဂါရဝပြုတာပါ"

"ဟေ"

"ရှင် ဘယ်လို"

အခေါ်အဝေါ်ပြောင်းလိုက်ပြီး ကြမ်းခင်းပေါ် မိန်းကလေးတစ်ယောက်လို ပဆစ်တုပ်ထိုင်ချလိုက်သော ဌာနမှူးကို ကြည့်ပြီး ဦးသန့်ဇင်

www.burmeseclassic.com



ရော ဒေါ်ခင်ပြည့်ဝင်းပါ ထိုင်ရမလို ထရမလိုဖြစ်သွားကြပြီး မျက်နှာပေါ်မှာ အံ့ဩမှုကိုယ်စီဖြင့်

“ဒါ ဒါ ဘာအဓိပ္ပာယ်လဲ ရှင်းအောင်ပြောပါကွာ”

လက်ဆောင်ပေးပြီး ကန်တော့ရအောင်လည်း ဒီအချိန်ဒီကာလက သီတင်းကျွတ်ရာသီလည်းမဟုတ်။ သူ မိတ်ဆက်လို့သာ ဌာနမှူးပါဟု သိရပေမယ့် ဒီသူငယ်ကို ခုမှမြင်ဖူးတာ။

“ဒီလိုပါ အဖေနဲ့အမေ ကျွန်တော်နဲ့ရာပြည့်နဲ့က ဟိုလေ နားနဲ့မနား ဖဝါးနဲ့နာပါနော် ကျွန်တော်နဲ့ရာပြည့်က အချစ်နယ်ကျွံပြီးနေကြပါပြီ”

ကြားလိုက်ရသောစကားကြောင့် ဦးသန့်စင်၏ဦးခေါင်းသည် အပ်ဖြင့်အထိုးခံလိုက်ရသော လေပူပေါင်းတစ်လုံးလို ဖောင်းခနဲ ထပေါက်သလို ခံစားလိုက်ရသည်။

ဒေါ်ခင်ပြည့်ဝင်း ရင်ဘတ်ကို ဖိပြီး နားကြားများလွဲသလားဟု ကိုယ့်ကိုကိုယ် ပြန်ပြီး သံသယဝင်လျက်

“ဘယ် ဘယ်လို အ အချစ်နယ်ကျွံတယ် ဟုတ်လား၊ အန်တီ့သားနဲ့ မင်းရဲ့ညီမနဲ့ကို ပြောတာလား၊ အဲ အဲလိုလား၊ မရှင်းလို့ ရှင်းအောင်ပြောပါကွယ်”

“ကျွန်တော်က တစ်ဦးတည်းသောသားပါ၊ ကျွန်တော့်ဖေဖေက ကျွန်တော့်မေမေက သားဖွားမီးယပ်ပါရဂူကြီးပါ၊ ကျွန်တော်က မျိုးကောင်းရိုးကောင်းက ပေါက်ဖွားလာတဲ့ မိကောင်းဖခင်သားသမီးပါ၊ မိန်းမတွေကို





စိတ်မဝင်စားဘဲ ရာပြည့်ကိုမှ နှလုံးကွဲမတတ် ချစ်မိသွားတဲ့အတွက် ကျွန်တော်တို့ လူငယ်သဘာဝ အချစ်နယ်ကျွံကြပါတယ်၊ မယုံရင် ရာပြည့်လာရင်မေးကြည့်ပါ သူ ကျွန်တော့်အိမ် လာအိပ်တဲ့ညကပေါ့”

ဌာနမှူးကျော်မင်းကို ရှက်သလိုရွံ့သလိုဟန်ဖြင့် ခေါင်းငုံ့ကာ အသံတွေတိမ်ဝင်မတတ် တိုးသက်စွာပြောသည်။

ဦးသန့်စင် ထိုင်ရာမှ ဝုန်းခနဲ ထပြီး

“မဖြစ်နိုင်ဘူး ဒါ ဘယ်လိုမှ လက်ခံလို့မရတဲ့ကိစ္စ မင်းဟာမင်း ငါ့သားကို နှလုံးကွဲရုံမကလို့ ခန္ဓာကိုယ်မှာရှိသမျှ အလုံးတွေဘာပဲကွဲကွဲ ငါတို့က ဒီကိစ္စကို ကြည်ကြည်ဖြူဖြူ လက်ခံရမှာလားကွ ဟမ်”

အော်ကြီးဟစ်ကျယ် ပြောလိုက်သော ဦးသန့်စင်၏ဒေါသက အသားတွေတဆတ်ဆတ်တုန်သည်အထိ မြန်နှုန်းမြင့်၍လာသည်။

ဒေါ်ခင်ပြည့်ဝင်း ဘာပြောရမှန်းမသိအောင်ပင် အပမှီသလို ငုတ်တုတ်ထိုင်ပြီး ကြောင်ကြည့်နေဆဲ။

ဒီသူငယ် လာနောက်နေတာလားပေါ့။

“ငါ့တူရယ် ဒီကိစ္စက နောက်စရာမဟုတ်ပါဘူး”

“အို အမေရယ် ကျွန်တော့်တဝနဲ့ အသွေးအသားတွေကို ပိုးစိုးပက်စက်အပ်နှင်းလိုက်ရတဲ့ကိစ္စကို ကျွန်တော်က နောက်စရာလားတကယ်ပြောတာပါ”

“ဘုရား ဘုရား အဖေကြီးရေ ရှင့်သား ရှင့်သား ပြောပြောနေတဲ့ ချစ်သူဆိုတာ ဒါကြီးကိုပြောတာလား အမလေး ကိုယ်ကျိုးတော့

www.burmeseclassic.com



နည်းပါပြီ''

''ဒီမှာ ဟော့ကောင် မင်းတို့အချင်းချင်း ဘာတွေပဲဖြစ်ကြဖြစ်ကြ ငါတို့နဲ့မဆိုင်ဘူး၊ မင်းသိထားရမှာက ငါ့သားကိုမိန်းမပေးစားတော့မှာကွ ဒါကြောင့် မင်းထပ်ပြီးမမျှော်လင့်နဲ့ သွားတော့ ခုချက်ချင်း ငါတို့အိမ်ထဲကထွက်သွားတော့''

ဦးသန့်စင် လက်ညှိုးငေါက်ငေါက်ထိုးပြီး နှင်လွှတ်သည်။ ဌာနမှူးကလည်း ပတ်ကျိုလိုတွယ်ကပ်ပြီး ဆက်ထိုင်နေဆဲ။

''သားသမီးချင်းကိုယ်ချင်းစာပါ အဖေရယ်၊ ကျွန်တော့်ဘဝကဖက်ဘဝပါ၊ တကယ်နစ်နာရတဲ့သူက ကျွန်တော်ပါ၊ အဖေ့သားက ကျွန်တော့်ကိုခြေတော်တင်သွားတာပါ''

ဌာနမှူး မိန်းကလေးတစ်ယောက်လို တဟီးဟီးရှိုက်ငိုသည်။

ဌာနမှူး အပြုအမူအပြောအဆိုတွေကိုကြည့်ပြီး ဒေါ်ခင်ပြည့်ဝင်း ခေါင်းတွေတရိုပ်ရိုပ်မူးကာ ရင်တွေတလှပ်လှပ်တုန်လာပြီး နောက်ဆုံးနေရာမှာတင် ခွေခနဲ လဲကျသွားတော့သည်။

''အမေ သတိထားပါ''

ဌာနမှူး ပြေးပွေ့ဖို့ဟန်ပြင်သည်။

''ဟော့ကောင် မင်း ငါ့သားကို မြူဆွယ်ပြီး ငါ့မိန်းမအသားထပ်မထိနဲ့၊ သွား မင်းရဲ့ခေါင်း ငါ့အိမ်ပေါ်မှာ မပြတ်ချင်ရင် ခုချက်ချင်းထွက်သွားလိုက်နော်''

ဦးသန့်စင် ဒေါသတို့အထွတ်အထိပ်ရောက်လာပြီမို့ မီးဖိုချော





ထဲက ဓားမကို ပြေးပြီး ဝင်ယူလိုက်သည်။ သိပ်မကြာလိုက် အသားခုတ်သော ဓားမကြီးကိုင်ပြီး ထွက်လာသော ဦးသန့်စင်၏ကြောက်စရာကောင်းသည့် ဒေါသမျက်နှာကြီးကြောင့် ဌာနမှူး ဆက်ပြီးမနေရဲတော့။ အိမ်ပေါ်မှ ဘစ်ကျိုးတည်း ဆင်းပြေးတော့၏။ ထိုအချိန်တွင် အိမ်ဝတွင် ဘယ်အချိန်ကတည်းက ရပ်ပြီးချောင်းနားထောင်နေသည်မသိသော သန်းစိန်နှင့်ဝင်တိုက်ပြီး ရှေ့ကိုဟပ်ထိုးလဲကျမတတ် ဖြစ်သွားသေးသည်။

သန်းစိန် တဟားဟားဖြင့် အော်ရယ်လိုက်သည်။

ရာပြည့် နှစ်ဖက်ချွန်ဆိုတာ ခုမှပဲ သိရတော့တယ်။

■ ■ ■

''ဟဲ့ ရာပြည့် အမလေး နင်ကတော့ သာသာယာယာလေး သမ်းလျှောက်လို့ နင့်အိမ်မှာ ဘာဖြစ်နေလဲ သိလား''

ဖုန်းဆိုင်ဖွင့်ဖို့ ဆိုင်ခန်းဝယ်ရန် ငွေကြေးတွက်ချက်ရင်း ခပ်ဖြည်းဖြည်းလျှောက်လာသော ရာပြည့် ခြေလှမ်းတွေရော အတွေးတွေပါ သန်းစိန်၏ပြာအက်အက်အသံကြောင့် ဖရိုဖရဲဖြစ်ကုန်သည်။

''ဟာ ဖြည်းဖြည်းပြောစမ်းပါဟာ၊ သွားတွေလည်း ကျွတ်ထွက်ကုန်ဦးမယ်''

''ကျွတ်ပါစေ နင့်ကြောင့်ကျွတ်ထွက်တာပဲ၊ ဘာပဲကျွတ်ကျွတ်ချွတ်ပြီးသားပဲ အခု နင့်အိမ်မှာ ဘာဖြစ်နေလဲ သိလား''

''ဘာဖြစ်လို့လဲ''

''နင့်အမေလေ သူ့ချွေးမဆိုတဲ့လူကြီးလာပြီး အမေ အမေနဲ့

www.burmeseclassic.com



အခေါ်ခံရလို့ အခု သတိလစ်နေတယ်၊ ငါတောင် ဆရာဝန်ပင့်ပေးခဲ့ရသေးတယ်''

''ဘာ''

''မဘာနဲ့ နင်နှစ်ဖက်ချွန်မှန်း ခုမှသိရတာ အံ့ပါရဲ့၊ ဒါပဲနော်ဝဲ့ကိုလည်း ဥပေက္ခာပြုမထားရဘူး ငါက နင့်ကို ဟိုးအရင်ကတည်းက အာဘွားရှုလှူးချင်နေတာ''

သန်းစိန်စကားကို ရပ်နားထောင်ဖို့အချိန်မရှိ၊ မေမေများ ဘာဖြစ်သွားလဲဟူသော စိုးရိမ်စိတ်ကြောင့် ခြေလှမ်းတွေကို မြန်နိုင်သမျှမြန်အောင် ပြေးလိုက်သည်။

ဘာတဲ့ ချွေးမဆိုတဲ့လူကြီးလာပြီး အမေ အမေနဲ့ အခေါ်ခံရလို့ မေမေ သတိလစ်ရတာဆိုပဲ။

စိတ်ထဲမှာ ဌာနမှူးကို တော်တော်လေးဒေါသဖြစ်သွားသည်။

သူနဲ့မပတ်သက်ချင်၍ ဒီနေ့ပဲ ရုံးမှာထွက်စာတင်ခဲ့တယ်။ ဒင်းက ဒီနေ့ပဲ အိမ်ကိုရောက်လာပြီး မျက်နှာပြောင်လာတိုက်သည်။

■ ■ ■

## အခန်း (၂၀)

''ခွပ်''

''အား နာတယ် ဖေဖေရ''

''နာရင် လဲသေလိုက် ဟောကောင်၊ မင်းကွာ ယောကျ်ားစစ်စစ်ကြီးဖြစ်နေရဲ့သားနဲ့ ယောကျ်ားအချင်းချင်း သံဝါသပြုတာကတော့ လူဆန်တဲ့လုပ်ရပ်ကွ''

ပြင်းထန်လွန်းသော ဖေဖေ့စကားတွေ ရာပြည့့်မျက်နှာကိုအကြိမ်ကြိမ်ဖြတ်ရိုက်နေသည့်နှယ်။ ရှက်လိုက်တာမှ မျက်နှာကို ဘယ်အရပ်ရမှန်းတောင်မသိတော့။

''မှန်တာပြော သစ္စာပါ ဖေဖေရာ၊ အဲဒီဌာနမှူးနဲ့သား ဘာမှကို မပတ်သက်တာပါ''

ကိုယ် ဘာမှမသိလိုက်သည့်ကိစ္စမို့ ဖွတ်ငြင်းသင့်ရင်လည်း ငြင်းမှာပင်။

''မင်းတို့ ဘာမှမပတ်သက်တဲ့နဲ့ အဲဒီအပုန်းကောင်က ငါတို့ဆီ

www.burmeseclassic.com



ကိုလက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်နဲ့ လာပြီး အမေ အမေလို့ ခေါ်ရဲ့ မလားကွ အမလေး ပြန်တွေးကြည့်ရင်တောင် မင်းအစား ငါတို့ကြက်သီး ထတယ် ဟောကောင်၊ ငါတို့မျိုးရိုးထဲမှာ မင်းလိုနှစ်ဖက်ချွန်ကောင် မရှိဘူး ကွ၊ ဟမ် အေကိုက်သေမယ့် ကောင်ရ''

''ဟာ မဟုတ်ပါဘူးဆိုမှပဲ ဖေဖေနဲ့မေမေရာ၊ သူ့ဟာသူ တစ်ဖက်သတ်ဖြစ်နေတာ သားက သူ့ကို ဘာလို့ပတ်သက်ရမှာလဲ၊ သားလည်း ဖေဖေ့လိုပဲ ကြက်သီးထတယ်''

''အောင်မာ ငါ့စကားကိုများ ငှားသုံးသေးတယ်၊ ထပ်ထိုးလိုက်ရလို့ သွားတွေအပြုံလိုက် ကျွတ်ထွက်လာဦးမယ်၊ ဒါဆို မင်းဘာလို့ သူ့အိမ်မှာ ညသွားအိပ်လဲ၊ ဟမ် ပြောလေ ငါတို့မှာတော့ ငါ့သား ညဘက်ယောင်ပြီး လျှောက်သွားတယ်ထင်လို့ ဆရာဝန်နဲ့ပဲပြရတော့မလိုလို ပယောဂဆရာနဲ့ပဲ ကုရတော့မလိုလိုနဲ့ စိတ်တွေပူလိုက်ရတာ မင်းက ယောကျ်ားအချင်းချင်း သွားညှောင့်နေတယ်''

ဒေါ်ခင်ပြည့်ဝင်းကိုတွဲပြီး မမသန့်ပါ ဧည့်ခန်းထဲဝင်လာသည်။ ရာပြည့် ခေါင်းပင်မဖော်ရဲတော့။ ခုချိန်မှာ ကိုယ့်ရဲ့မှန်တာပြောသစ္စာလည်း မကယ်နိုင်တော့။

''ငါအပြင်သွားနေတုန်းမို့ပေါ့ဟယ် ငါသာရှိလို့ကတော့ အဲ အပုန်းကောင်ကို ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်တယ်''

မမသန့်အကြောင်းစုံ သိလိုက်ရကတည်းက ဒေါသတွေ တယ် လိပ်ထွက်နေတာ ကိုယ့်မောင်မကောင်းလို့ သူများက အိမ်ပေါ်ကို ခဲ





တင်းတင်းတက်လာပြီး ပေါက်ကရတွေ ပြောသွားတာ။

''ရာပြည့် နင် ပွင့်ပွင့်လင်းလင်းပြောစမ်း မိန်းမယူမှာလား ယောကျ်ားယူမှာလား တစ်မျိုးပဲရမယ်နော် နှစ်မျိုးမရဘူး''

''အောင်မာ ညည်းကပါ လူမိုက်အားပေးလုပ်နေတယ် သူက ယောကျ်ားနဲ့ယူမယ်ဆိုရင် ညည်းမောင်ကို အဲဒီအပုန်းကောင်လက်ထဲ ထည့်ပေးမလို့လား။ ပြောစမ်းပါဦး မိခင်သန့်စင်ရဲ့ ငါ့ကို အသက်တယ်က ထွက်ရမှန်းမသိအောင် မလုပ်ပါနဲ့''

ဒေါ်ခင်ပြည့်ဝင်း ညှောင်နာနာအသံဖြင့် ခင်သန့်စင်ကို ဝင်၍ အပြစ်တင်သည်။

''ကျွန်တော်ယောကျ်ားပဲ ဘာလို့ ယောကျ်ားအချင်းချင်းပြန်ယူရမှာလဲ၊ ယူချင်းယူ မိန်းမပဲယူရမှာပေါ့၊ အဲဒီ ဒွာနမှူးဆိုတဲ့ကြောင်ကောင်က ကျွန်တော့်ကို တစ်ဖက်သတ်လိုက်ကပ်နေတာ''

''ဒါဆို မင်းရဲ့ချစ်သူဆိုတာကရော အဲဒီအပုန်းကောင်ကို ပြောတာမဟုတ်ဘူးလား''

ဒေါ်ခင်ပြည့်ဝင်း စိတ်ရှုပ်စွာဖြင့် မေးလိုက်သည်။ သားလေး တစ်ယောက်မွေးထားပါတယ် အမြဲတမ်း သူ့ရဲ့အလွဲတွေကြောင့် မိဘတွေ စိတ်ပူစိတ်ရှုပ်ရသည်။

စိတ်ရင်းက ရိုးသားဖြူစင်သလောက် မစဉ်းစားမချင့်ချိန်တတ်သောအကျင့်ကြောင့် အမြဲတမ်းလိုလို အများတကာ၏အပြစ်တင်ကဲ့ရဲ့ခြင်းကိုခံရသည်။

www.burmeseclassic.com



သနားစရာလည်းကောင်းပါသည်။ ဒီသားလေးကို မြန်မြန်မိန်းမပေးစားမှဖြစ်တော့မည်။ ဒါမှ သူ့အိမ်သူက သူ့အားဘေးကနေ ထိန်းမတ်ပေးလိမ့်မည်။

"ရာပြည့် ပြောလေ နင့်ချစ်သူက ဘယ်သူလဲ ဘယ်မှာနေလဲ"

"လသော်တာတို့အိမ်နားမှာ"

မမသန့် မျက်လုံးပြူးသွားသည်။ ရင်ထဲမှာ တစ်စုံတစ်ခုကို စိတ်ပူသွားပေမယ့် ပေါ်တင်ထုတ်မေးလို့ အချိန်မတန်သေးသဖြင့် စောင့်ကြည့်အနေအထားနှင့်ပင်

"ဒါဆို အိမ်လည်ခေါ်ခဲ့ပြီး မိဘတွေနဲ့တွေ့ပေး အေး ငါပြောပြီးပြီနော် ဒီညကစပြီး နင့်အခန်းသော့ခတ်ပြီး အိပ်ရမယ် လိုအပ်ရင်နင့်ခြေထောက်တွေကိုပါ သံကြိုးနဲ့သော့ခတ်ပြီး အိပ်ရမယ်"

ထိုသို့သော အချုပ်အနှောင်ပုံစံမျိုးကြီးနှင့်တော့ ရာပြည့် မနေနိုင်။ ဒီည မြသားနှင့်သွားတွေ့ရမည်။ မြသားနှင့်မတွေ့ရတာ သုံးရက်လောက်ရှိပြီမို့ မြသား မျှော်နေလောက်ပြီ။

"ဒီည ကျွန်တော်တစ်ညလုံး မအိပ်ဘူး။ ဒါကြောင့် ယောင်ပြီး ထထွက်သွားစရာအကြောင်းလည်း မရှိဘူး"

"ဒါဆိုရင် ငါနဲ့ လသော်တာတို့အိမ်မှာ လိုက်အိပ်"

"ဟာ ဘာလို့လိုက်အိပ်ရမှာလဲ"

"သူ့အမေ ဒီနေ့မရှိဘူး။ မြစိမ်းတောင်ဆရာတော်ကြီးမွေးနေ့မို့ မွေ့မိတ်ဆွေတွေနဲ့ အာရုံဆွမ်းသွားကပ်ကြမှာမို့ ငါအဖော်သွားအိပ်ရမယ်





နင်ပါလိုက်ခဲ့"

"ဟုတ်တယ် မင်းပါလိုက်သွား ညရေးညတာ ယောကျာ်းသားရှိတော့ ပိုလုံခြုံတယ်၊ အဲလိုမှမဟုတ်ရင် ဒီည မင်းဒီအခန်းထဲမှာ အချုပ်သားတစ်ယောက်လို နေရမယ်"

ဖေဖေနှင့်မမသန့်စကားကြောင့် ရာပြည့် စိတ်ကူးတစ်မျိုးပြောင်းသွားသည်။ လသော်တာအိမ်မှာ လိုက်မအိပ်ချင်ပေမယ့် မြသားနှင့်အနီးဆုံးနေရာမို့ အချိန်မရွေး ထသွားနိုင်သည်။

ထိုအခွင့်အရေးကို ရာပြည့် လက်လွှတ်ခံ၍မဖြစ်။

"ကောင်းပြီလေ လိုက်အိပ်ဆိုလည်း လိုက်အိပ်ပေးမယ်"

"အေး အဲလို အသိတရားရှိ၊ လသော်တာဆိုတာ တခြားသူမဟုတ်ဘူး၊ သိပ်မကြာတော့မယ့်အချိန်မှာ မင်းရဲ့မိန်းမအဖြစ် မင်းဘဝထဲဝင်လာတော့မယ့် မိန်းကလေး၊ မေမေ့ရဲ့တန်ဖိုးရှိတဲ့ချွေးမလောင်းလေး"

"ကျွတ် စိတ်ညစ်ပါတယ် မေမေရာ၊ ချစ်သူရှိပါတယ်ဆိုမှ အားလုံးက ဘာလို့ တစ်သော်တာတည်း သော်တာနေကြတာလဲ မသိဘူး၊ တကယ်ပဲ စိတ်လေတယ်၊ ရာပြည့်ဆိုတဲ့သားဘဝက ဘယ်တော့များမှ ဖြောင့်ဖြူးပါ့မလဲ၊ ရတာမလို လိုတာမရနဲ့ ကျွန်တော်ကတော့ ကျွန်တော့်ချစ်သူနဲ့ပဲ လက်ထပ်မှာနော်"

စိတ်ထဲရှိသည့်အတိုင်း ပြောပြေးပြေးပြီး အားလုံးရှေ့မှ လစ်ထွက်လာခဲ့လိုက်သည်။ ဆက်နေနေလျှင် အထိုးခံရတော့မည်မို့ဖြစ်သည်။

www.burmeseclassic.com



လသော်တာလို မိန်းကလေးမျိုးက ငြင်းရခက်စရာမရှိပေမယ့် ရင်ထဲမှာ မြသားက ရှိနေပြီးသား။ ရာပြည့်လေ့နှံ့နှစ်ဖက်မနင်းချင်။

■ ■ ■

တံခါးလော့ခ်ဖွင့်သံသည် ညဆယ်နှစ်နာရီတိတိမှာ ခပ်တိုးတိုး ပေါ်ထွက်လာသည်။

ထိုအသံကြောင့် အိပ်ခန်းကို မီးအမှောင်ချပြီး အိပ်ချင်ဟန်ဆောင်နေကြသော လသော်တာနှင့်ခင်သန့်စင်တို့ တစ်ယောက်လက်တစ်ယောက်တို့လိုက်ကြသည်။

ခင်သန့်စင်မှစ၍ လေသံတိုးဖျော့သော အသံဖြင့်

"ကြားလား သူ ထွက်သွားပြီ မမသန့်တို့ သူ့နောက်လိုက်ကြရအောင်"

"ဟုတ်ကဲ့ မမသန့် ခြေသံလုံပစေနော် သူ ရိပ်မိသွားလို့မဖြစ်ဘူး"

နှစ်ယောက်သား လေသံမျှသော ရှုံ့ဖြင့် ပြောကာ ခုတင်ထက်မှ ထလိုက်ကြသည်။

အိပ်ခန်းအပြင်ကိုရောက်တော့ ရာပြည့်က တံခါးပိတ်ပြီး လှေကားထစ်တွေကိုပင် နင်းပြီး အောက်ထပ်သို့သွားနေပြီ။

နှစ်ယောက်သား ခြေသံခပ်ဖွဖွနင်းပြီး လှေကားမှ ဆင်းခဲ့ကြပြီး ရာပြည့်ဝင်သွားသော အခန်းရှေ့မှာ ရပ်လိုက်ကြသည်။

ဝါကျင်ကျင်လှေကားမီးရောင်အောက်တွင် သော့ခတ်ထားသော





တံခါးကြောင့် လသော်တာ အံ့အားသင့်သွားရသည်။ စောစောက ရာပြည့်ထိုအိမ်ထဲဝင်သွားစဉ်တုန်းက သော့ဖွင့်တာလည်းမတွေ့ရ။ ဒီအတိုင်းသံပန်းတံခါးကို ဆွဲဖွင့်ပြီး အတွင်းကျွန်းတံခါးကို အလွယ်တကူ တွန်းဖွင့်ပြီး ဝင်သွားတာ လသော်တာရော ခင်သန့်စင်ပါ မျက်မြင်ကိုယ်တွေ့။

ယခု သူတို့နှစ်ယောက် ဒီတံခါးရှေ့ရောက်တော့ တံခါးက ခတ်ထားလျက်သားတန်းလန်းကြီး။

ခင်သန့်စင် ဘာပြောရမှန်းပင်မသိအောင် ကြောက်စိတ်တို့က ရင်ဝထိဆန်တက်လာသည်။ လသော်တာကို အားကိုးတကြီးဖြင့် ကြည့်လိုက်သည်။ အသံပင်မထွက်ရဲသလို တံတွေးတောင် မျိုမချရဲ။

ဒီအဖြစ်အပျက်က သမားရိုးကျမဟုတ်ဘူးဆိုတာ ရိပ်မိလာသည်မို့ လသော်တာ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။ ခင်သန့်စင်မှာ လက်တွင်ပတ်ထားသော သိမ်ဝင်ပုတီးကို ဖြုတ်ပြီးလည်ပင်းမှာ စွပ်လိုက်သည်။

သရဲကြောက်တတ်သောကြောင့် ခုလို ပုတီးဆောင်လာခြင်းဖြစ်သည်။

လသော်တာ အပေါ်ဖုံးအင်္ကျီအိတ်ကပ်ထဲမှ သော့တွဲကို ထုတ်လိုက်ပြီး ခပ်ထားသော တံခါးသော့ကို ဖွင့်လိုက်သည်။ တံခါးသော့ဖွင့်ပြီးသည့်တိုင် ခင်သန့်စင် အိမ်ထဲမဝင်ရဲသေးသဖြင့် ဘာမှမကြောက်နှင့်ဟူသော အဓိပ္ပာယ်ဖြင့် လက်ဟန်ခြေဟန်ပြကာ လက်ဆွဲပြီး အိမ်ထဲသို့ခြေလှမ်းစလိုက်သည်။

www.burmeseclassic.com



အခန်းမီးရောင် မှိန်ဖျော့ဖျော့အောက်တွင် မြင်ရသော အိမ်အပြင်အဆင်မြင်ကွင်းက လူမနေတာကြာပြီဖြစ်၍ ဖုန်အလိမ်းလိမ်းထကာ နံရံမှာချိတ်ထားသော ပန်းချီကားအချို့နှင့် အိမ်အသုံးအဆောင်ပရိဘောဂတို့သည်ပင် ဖုန်တွေကြောင့် ရုပ်လုံးမပေါ်တော့။

နှစ်ယောက်သား ခြေလှမ်းလိုက်တိုင်း ဖုန်ထူနေသော ပါကေးကြမ်းခင်းတွေက ခြေရာအကွက်တွေထင်ကျန်ရလောက်အောင် ခြေဖဝါးမှာ ဖုန်တွေကပ်ပါလာသည်။

ဘုရား ဘုရား အနံ့အသက်တွေကလည်း မကောင်း။ ဒီလောက်ညစ်ပတ်စုတ်ပြတ်နေတဲ့အိမ်ထဲကို သူ ဘာလာလုပ်ပါလိမ့်။

ခင်သန့်စင် မောင်ဖြစ်သူ၏လုပ်ရပ်ကို ဘယ်လိုမှစဉ်းစား၍မရ။ မီးတွေထွန်းထားသည့်အတွက် အသင့်ဆောင်လာသော ဓာတ်မီးမလိုပေမယ့် ရာပြည့် ဘယ်အခန်းထဲမှာရှိနေသလဲဆိုတာ မဝေခွဲနိုင်သေး။

ထိုစဉ် ရာပြည့် ရယ်သံခပ်တိုးတိုးထွက်လာသည်။

“ဟော သူ ဟိုအခန်းထဲမှာ ရှိနေတယ်၊ တွေ့လား အသံကြားတယ်”

လသော်တာ ခပ်တိုးတိုး လှည့်ပြောသည်။

“အထဲမှာ တစ်ယောက်ယောက်ရှိနေတာ သေချာတယ်၊ မဟုတ်မှလွဲရော ကောင်မလေးနဲ့ချိန်းတွေ့နေတာလား။ ဒါမှမဟုတ် လူမသိသူမသိ ဆေးသမားတွေနဲ့ပေါင်းပြီး နံပါတ် 4 များ သုံးနေတာလား”

ထင်ကြေးတွေပေးနေသော ခင်သန့်စင်ရင်တွေ တဒိတ်ဒိတ်





ခုန်လာသည်။ မောင်အတွက် စိုးရိမ်ပူပန်မှုတွေကြောင့် အသက်ပင်မှန်မှန်မရှူရဲ။

“ဟာ ချစ်ကလည်းကွာ နမ်းတာဘာဖြစ်လဲ၊ ကိုယ့်ချစ်သူမို့နမ်းတာ”

“ဟင့်အင်း မနမ်းနဲ့ ပြန်တော့နော်၊ ဒီညတော့ မြသားစိတ်ထဲမှာ ထင့်နေတယ်”

“ဟာ မပြန်ဘူးကွာ၊ ဒီမှာ မြသားနဲ့တူတူ အိပ်ချင်လို့လာတာပါဆိုမှပဲ”

အခန်းတံခါးချပ်နှင့် နီးလာလေ အခန်းထဲမှ အသံတို့ ပီပီပြင်ပြင် ကြားရလေမို့ ခင်သန့်စင် ဒေါသထွက်နေသလောက် လသော်တာမှာတော့ မျက်စိမျက်နှာပျက်စပြုနေသည်။

“လက်စသတ်တော့ သူက ကောင်မတစ်ကောင်နဲ့ လာချိန်းတွေ့နေတာကိုး”

လသော်တာအပေါ် အားနာစိတ်နှင့်အတူ ကလေကချေဆန်သော မောင်ဖြစ်သူ၏လုပ်ရပ်ကြောင့် ခင်သန့်စင် မျက်နှာပူနေရသည်။ ကိုယ့်မောင်အမှားလုပ်တာ ယောင်းမလောင်းရှေ့မှာမှ ဘူးပေါ်သလို လာ၍ပေါ်ရသလား။

ဒေါသကြောင့် အခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်သည်။

“ရာပြည့်”

ချောက်ချားစရာကောင်းသည့် တိတ်ဆိတ်နေသော ညဉ့်အချိန်

www.burmeseclassic.com



မှာ တံခါးတွန်းဖွင့်သံနှင့် ခင်သန္တစင်၏ဒေါသတကြီး ခေါ်လိုက်သံက ကျယ်လောင်သွားသည်။

ခုတင်ထက်မှာလှဲအိပ်ပြီး မြသားကိုဖက်ထားသော ရာပြည့်မှာ ထင်မှတ်မထားသောအချိန်တွင် ဖြုန်းခနဲ ပေါ်လာသော အစ်မဖြစ်သူကြောင့် ခုတင်ထက်မှ ဝုန်းခနဲ ထထိုင်လိုက်သည်။

"ဟင် မမ"

"နင် ဒါ ဒါဘာလုပ်နေတာလဲ"

ခင်သန္တစင် ထင်ထားတာက တံခါးတွန်းဖွင့်လိုက်သည်နှင့် ရာပြည့်နှင့်အတူ ကောင်မလေးတစ်ယောက် ရှိနေရမည့် မြင်ကွင်းမျိုး ဖြစ်သည်။

ယခု မြင်လိုက်ရသည်က ရာပြည့်ဖက်ထားသောအရာမှာ ကောင်မလေးလည်းမဟုတ် အင်မတန်မှ ညစ်ပတ်ဟောင်းနွမ်းနေသော ဖက်လုံးကြီးတစ်လုံးဖြစ်သည်။

ခင်သန္တစင်ရော လသော်တာပါ မအံ့သြဘဲမနေနိုင်တော့။ စောစောက မိန်းကလေးအသံကို သေသေချာချာ ကြားခဲ့ရတာပါ။ ဘယ်လိုမှ မမှားနိုင်။

ခု ထိုမိန်းကလေး ဘယ်ရောက်သွားလဲ။ တစ်နေရာရာမှာ ပြေးပုန်းရအောင်လည်း အိပ်ခန်းထဲတွင် ခုတင်နှင့်မှန်တင်ခုံအဟောင်းမှလွဲ၍ ပုန်းရလောက်အောင် လုံခြုံသည့်နေရာမရှိ။

"မမနဲ့ လသော်တာ ဒီ ဒီအခန်းထဲကို ဘာလို့ ဝင်လာရတာလဲ





ဝင်လာမယ်ဆိုလည်း ခွင့်တောင်းပြီးမှ ဝင်လာပါလားဗျာ၊ ယဉ်ကျေးမှုမရှိလိုက်တာ"

"နင် ရူးနေပြီလား ရာပြည့် ဟမ် ခု နင်ဘာလုပ်နေတယ်ဆိုတာ နင်ကိုယ်တိုင်ရော သိရဲ့လား"

ခင်သန္တစင် ရှက်လည်းရှက် ဒေါသလည်းဖြစ်နေသည်မို့ အသံတွေပင်တုန်နေသည်။

"မြသားနဲ့ကျွန်တော် ချစ်နေတာ ရူးတာမှမဟုတ်တာ၊ ကျွန်တော် ပြောပြီးပြီလေ၊ ဒါ ကျွန်တော့်ချစ်သူ မြသားသွင်လို့ ခေါ်တယ်၊ ကျွန်တော် သူ့ကိုလက်ထပ်မယ်"

ဘယ်လိုမှ ထင်မထားသည့် မှားယွင်းမှုကြီးမို့ လသော်တာရော ခင်သန္တစင်ရော ကြက်သီးတွေတဖြန်းဖြန်း ထပြီး သွေးမရှိသူတွေလို မျက်နှာတွေဖြူလျော်ကုန်ကာ

"နင် နင် ခုထွက်ခဲ့စမ်း"

"ကျွတ် ခဏနေဦး ပြီးရင် လာခဲ့မယ်၊ မမရော လသော်တာရော သွားနှင့်"

"ဟဲ့ နင် ဘယ်သူ့ကိုပြောနေတာလဲ"

ခင်သန္တစင် အသံခပ်ကြိတ်ကြိတ်ဖြင့် လှမ်းမေးသည်။ ရှေ့ကိုတော့ တစ်လှမ်းပင် ထပ်မတိုးရဲတော့။

"မြသား ဒါ ကိုယ့်အစ်မ ခင်သန္တစင်တဲ့ နှုတ်ဆက်လိုက်ပါဦး"

ရာပြည့်သေးမှာ မျက်နှာငယ်ဖြင့် ထိုင်နေသော မြသားဘက်

www.burmeseclassic.com



ကိုလှည့်ပြီး အစ်မဖြစ်သူနှင့် မိတ်ဆက်ပေးလိုက်သည်။

ရာပြည့်အမြင်မှာတော့ သူ့ဘေးမှာထိုင်နေတာ မြသားသွင် ဖြစ်နေပေမယ့် ခင်သန့်စင်နှင့်လသော်တာအမြင်မှာတော့ ဖုန်အလိမ်း လိမ်းတက်နေတဲ့ ဖက်လုံးတစ်လုံးပါ။

နာမ်လောကဆိုတာ ပုံပြင်တွေ ဝတ္ထုတွေထဲမှာသာ ကြားခဲ့ဖူး ပေမယ့် ယခု မျက်မြင်ကိုယ်တွေ့ရင်ဆိုင်နေရချိန်မှာတော့ နှစ်ယောက်စလုံး ၏ ဝိညာဉ်တွေ ခန္ဓာကိုယ်မှ လွင့်ထွက်သွားမတတ်ကို အံ့ဩထိတ်လန့် ခဲ့ရသည်။

ဒါဆိုလျှင် မောင်လေး၏ချစ်သူဆိုတာ လွန်ခဲ့သော လေးငါးနှစ် ကတည်းက ဓာတ်လိုက်ခံရ၍ သေဆုံးခဲ့ရသည့် မြသားသွင်ဖြစ်နေသည် ဆိုသည့်သဘောလား။

သနားစရာကောင်းလိုက်တဲ့ မောင်လေးရယ်။ သူများတွေကို နင်လွဲအောင် ကူညီခဲ့မိလို့ အခု နင့်လက်ထက်မှာ လွဲတဲ့အလွဲကြီးက ဘယ်လိုမှ လက်မခံနိုင်သော ကြောက်စရာကောင်းသည့် အလွဲကြီးပါလား။

မှန်တာပြောသစ္စာပါ မောင်လေးရယ်။ အခု နင့်ချစ်သူက သေ ဆုံးပြီးသား ဝိညာဉ်တစ်ကောင်ပါဟယ်။ အစ်မ ပြောတာ ယုံစမ်းပါ။

■ ■ ■

## အခန်း (၂၁)

"မမ ကျွန်တော့်ကို မဟုတ်တာတွေ လာမပြောပါနဲ့၊ ဒီတစ်ခါ ကျွန်တော် ဘယ်လိုမှ သည်းခံနေမှာမဟုတ်ဘူး"

"ငါက မဟုတ်တာတွေ ပြောနေတာမဟုတ်ဘူး ရာပြည့်ရဲ့၊ နင် သရဲခြောက်ခံနေရတာ အခု နင်သွားနေတဲ့အိမ်က လူမနေတာ ကြာပြီ သိရဲ့လား"

ဘယ်လိုပြော၍မှ နားမဝင်နိုင်သော ရာပြည့်ကိုကြည့်ပြီး ခင်သန့် ဝင်သာ စိတ်ချောက်ချား၍နေသည်။

"မြသားနဲ့ကျွန်တော်နဲ့ နှစ်ယောက်အတူရှိနေကြတာပဲ ဘာသရဲ မှမခြောက်ဘူး"

"အဲဒီမြသားဆိုတဲ့ နင့်ချစ်သူဆိုတာ နင်ကလွဲပြီး ငါတို့မမြင်ရ ဘူး။ ညက ငါတို့မြင်ခဲ့တာ နင်နဲ့အိပ်နေတာ မြသားမဟုတ်ဘူး ဖက်လုံး ကြီး"

www.burmeseclassic.com



အစ်မဖြစ်သူ ဘာကိုရည်ရွယ်ပြီး ထိုသိုပြောနေသည်ဆိုတာ ရာပြည့် နားမလည်နိုင်တော့။ မြသားက ဘယ်နှယ် ဖက်လုံးကြီးဖြစ်ရမှာ လဲ ဟာသတွေလာပြောနေသည်။

ဒါဟာ ရာပြည့်စိတ်ကို လှည့်စားခြင်းလား၊ ဘာအကြံအစည် တွေရှိ၍ ခုလို လုပ်ဇာတ်တွေဆင်နေသလဲ။ ဘယ်လိုပင်ဖြစ်နေပါစေ မြသားကိုတော့ ဟာသတွေလာပြောနေသည်။

ဒါဟာ ရာပြည့်စိတ်ကို လှည့်စားခြင်းလား၊ ဘာအကြံအစည် တွေရှိ၍ ခုလို လုပ်ဇာတ်တွေ ဆင်နေသလဲ။ ဘယ်လိုပင်ဖြစ်နေပါစေ မြသားကိုတော့ မစွန့်လွှတ်နိုင်။

“မြသားနဲ့ရှင်နဲ့ ဘယ်တုန်းက ဆုံခဲ့ကြတာလဲ ရာပြည့်”

တစ်ချိန်လုံး ငြိမ်နားထောင်နေသော လသော်တာဆီမှ မေးခွန်း ထွက်လာသည်။

“မမသန့် ခင်ဗျားအိမ်ကို အင်္ကျီလာပို့ခိုင်းတဲ့နေ့က လှေကား ပေါ်တက်လာတုန်း အဲဒီအခန်းထဲမှာ မိန်းကလေးတစ်ယောက်ရဲ့အော်သံ ကြားလို့ တစ်ခုခုအန္တရာယ်ကြုံနေပြီထင်ပြီး အဲဒီအိမ်ထဲဝင်သွားမိတယ်”

“ဟင်”

လသော်တာထံမှ အာမေဋိတ်သံခပ်တိုးတိုး ထွက်လာသည်။ ဘာမှတော့ မပြော။

“အဲဒီအိမ်မှာ မြသားကဆံပင်ကို Hair Dryer နဲ့မှုတ်နေရင်းက ဓာတ်လိုက်နေတယ်၊ ကျွန်တော် ဝင်ကယ်လိုက်လို့ မြသား အသက်မသေ





ခဲ့ဘူး”

လွန်ခဲ့သော လေးနှစ်ခန့်က မြသားသွင် သေဆုံးမှုနှင့် တစ်ထပ် တည်းကျသော ဖြစ်ရပ်ကို ယခု ရာပြည့်ပြန်ကြုံတွေ့ရခြင်းပင်ဖြစ်သည်။

ဒါဆိုရင် မြသားသွင် ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ်တဲ့ဝိညာဉ် ဘဝနဲ့နေနေရတာ သေချာနေပြီပေါ့။

“ကျွန်မပြောတာကို ရှင်သေချာနားထောင်ပေးပါလား ရာပြည့်”

“မြသားကို မထိနိုက်တဲ့စကားဆိုရင် ကျွန်တော် သေချာနား ထောင်ပါ့မယ်”

မြသားနှင့်ပတ်သက်ပြီး အဓိပ္ပာယ်မရှိသောစကားတွေကို မကြားချင်၍ တစ်ခါတည်းအပြတ်ပြောထားလိုက်ခြင်းဖြစ်သည်။

“တကယ်တော့ မြသားဟာ ဓာတ်လိုက်ခံရတယ်ဆိုတာ မှန်ပါ တယ်”

“ဟုတ်တယ်လေ ကျွန်တော်ကိုယ်တိုင် သူ့အိမ်ထဲဝင်ကယ်ခဲ့ သေးတာပဲ”

“ဟင့်အင်း အဲဒီတုန်းက ရာပြည့်ဝင်ကယ်ခဲ့တယ်ဆိုတာ လွန် ခဲ့တဲ့လေးနှစ်လောက်တုန်းက မြသား ဓာတ်လိုက်ပြီးသေဆုံးခဲ့တဲ့ဖြစ်စဉ် တွေထဲက ပုံရိပ်တစ်ခုပါ”

“ကျွတ် ကျွန်တော် လက်မခံတဲ့ကိစ္စကို ဘာလို့ထပ်ပြောနေတာ လဲ လသော်တာ၊ မြသားနဲ့ကျွန်တော်က အဲဒီတစ်ခါတည်းတွေ့ပြီး အဲဒီ မှာတင် အဆုံးသတ်ခဲ့တာမဟုတ်ဘူး။ မြသားနဲ့ကျွန်တော့်ကြားထဲက

www.burmeseclassic.com



ပတ်သက်မှုကို လသော်တာလည်း သိပြီးလောက်ပါပြီ''

''သိတယ်လေ သိလို့လည်း ရှင့်ကိုသတိတွေပေးနေရတာပေါ့''

''ဒါဆို ခင်ဗျားဆိုလိုချင်တာက မြသားက လူမဟုတ်ဘဲ သရဲပေါ့ ဟုတ်လား''

''ကျွန်မ အဲလိုမပြောရက်ပေမယ့် ဒါက တကယ်အမှန်တရားဖြစ်နေလို့ပါ''

ရာပြည့်မျက်နှာ ခက်ထန်သွားပြီး လသော်တာကို မနှစ်မြို့စွာကြည့်ပြီး

''ခင်ဗျားမှာ ဘာသက်သေရှိလို့လဲ''

''မြသားသွင် ဓာတ်လိုက်ခံရလို့ ကျွန်မကိုယ်တိုင် သူ့ကိုစစ်ဆေးပေးခဲ့တာပါ၊ သူ သူ ကျွန်မရှေ့မှာတင် ဆုံးသွားတာပါ''

''ဒါဆို ကျွန်တော်နဲ့ထိတွေ့ပတ်သက်နေတဲ့ မြသားကရော ဝိညာဉ်လို့ ပြောဦးမလို့လား၊ မြသားသွင် ဝိညာဉ်မဟုတ်ဘူး''

''ရှင် လက်ခံလို့မရဘူးဆိုရင် ကျွန်မတို့ခုပဲ မြသားဆီသွားကြမယ်လေ''

လသော်တာ၏တောင်းဆိုမှုကြောင့် ရာပြည့် တွေဝေသွားသည်။

''မြသားက သူ့ဆီနေ့ခင်းဘက်လာရင် မကြိုက်ဘူး။ ဒါပေမဲ့ သွားတွေ့မှအဖြေက ရှင်းမှာမို့ သွားကြတာပေါ့''

ရာပြည့်အတွေးတွေ ရှုပ်ထွေးစပြုလာသည်။

မြသားနှင့်အသွေးအသားချင်းတောင် ဖလှယ်ခဲ့ကြပြီးမှ ဘယ်





လိုက်ကြမွှာအလွဲတွေက ချုံခိုတိုက်ခိုက်ဦးမှာပါလိမ့်။

စိတ်ထဲမှာ လေချဉ်လာသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၂)

ခါတိုင်းနေ့တွေဆိုလျှင် ရာပြည့် ဒီအခန်းရှေ့ရောက်တိုင်း တံခါးသော့မခတ်ထား။ ယခုမှ ထူးခြားစွာ တံခါးသော့ခတ်ထားသည်။

"မြသားမရှိဘူးပဲ သော့ခတ်ထားတယ်"

"ဒီတံခါးက ကျွန်မတို့အမြင်မှာတော့ အမြဲသော့ခတ်ထားတာပဲလေ၊ ဒါပေမဲ့ မပူပါနဲ့ ကျွန်မမှာတော့ သော့တစ်ချောင်းအပိုပါတယ် ဒါနဲ့ဖွင့်ပြီး ဝင်ကြရအောင်"

လသော်တာ ထောင်ပြသော သော့ချောင်းကို အံ့သြစွာကြည့်လျက်

"ဒီအခန်းသော့က ခင်ဗျားဆီ ဘယ်လိုရောက်နေတာလဲ"

"ဒီအိမ်ခန်းကို စောင့်ရှောက်ထားတဲ့ အန်တီ့ဆီကနေ ယူလာတာလေ"





လသော်တာကပဲ ဦးဆောင်ပြီး တံခါးကိုဖွင့်ကာ အိမ်ထဲဝင်ခဲ့လိုက်သည်။ ခင်သန့်စင်ကမူ ဝင်ဖို့မဝံ့မရဲ ဖြစ်နေသည်။

"ရာပြည့် ဝင်လေ"

ရာပြည့်ကို အတင်းတွန်းလွှတ်ပြီး ဝင်ခိုင်းနေသည်မို့ ရာပြည့် ရဲရဲဝံ့ဝံ့ပင် ဝင်ခဲ့လိုက်သည်။

အိမ်တစ်အိမ်လုံးသည် လူမနေတာ အတော်ကြာသည့်အနေအထားဖြင့် မြင်လိုက်ရ၍ ရာပြည့် အံ့သြသွားသည်။

ညက မြသားနှင့်တွေ့ကြတုန်းက အိမ်အပြင်အဆင်သည် ထိုသို့ ညစ်ပတ်ထိုင်းမှိုင်းမနေ။ အေးစက်စက်ခံစားမှုနှင့်အတူ အောက်သိုးသိုး ညှီစို့စို့အနံ့ကြီးကြောင့် ရာပြည့် နှာခေါင်းကို တရှုံ့ရှုံ့လုပ်လိုက်ပြီး

"ဘာနံ့ကြီးလဲ နံလိုက်တာ"

လူမနေဘဲ ပိတ်လှောင်ထားတာကြာပြီဆိုတော့ အနံ့အသက်က အောက်သိုးသိုးနံ့ ထွက်နေတာပါ။

ရာပြည့်စိတ်ထဲမှာ မြင်နေရသည့်မြင်ကွင်းတွေသည် ကိုယ်နှင့်လုံးဝ စိမ်းသက်နေသလို ခံစားလိုက်ရသည်။ စိတ်ထဲမှာလည်း ဘာရယ်လို့ အမည်မဖော်နိုင်သည့် စိုးရိမ်ကြောင့်ကြမှုကြီးက ကြီးစိုးနေသည်မို့ ဖြစ်နိုင်လျှင် ထိုနေရာကနေ အပြေးပဲ့ပြီး ထွက်သွားလိုက်ချင်တာပါ။

မြသားနှင့်တွေ့တိုင်း ထိုအိမ်၏အငွေ့အသက်တွေက နွေးမြနေသလောက် ယခု မြသားအပြင်သွားခိုက် အချိန်အခိုက်အတန့်လေးမှာ ဘာကြောင့်များ သွေးပျက်ဖွယ်အေးစက်ခြောက်ကပ်နေရသလဲ။

www.burmeseclassic.com



ရုတ်တရက် မှန်ဗီရိုတစ်ခုထဲတွင် ရှိနေသော နာရေးယပ်တောင်တစ်ခုပေါ်မှာ ရေးထားသော နာမည်တစ်ခုကို တစ်စွန်းတစ်စ တွေ့လိုက်ရသည်။

"ဟင်"

အာမေဋိတ်သံနှင့်အတူ ခပ်သွက်သွက်လှမ်းသွားသော ရာပြည့်၏ခြေလှမ်းတွေနောက်သို့ လသော်တာနှင့်ခင်သန့်စင်ပါ လိုက်သွားသည်။

"အဲဒါ မြသားသွင်ဆုံးတုန်းက နာရေးယပ်တောင်လေ ရာပြည့်ရဲ့"

ငေးကြောင်ရပ်ကြည့်နေသော ရာပြည့်သံသယတွေပို ပြီးထင်ရှား စေရန်အတွက် မှန်ဗီရိုကို ဖွင့်ပြီး ယပ်တောင်ကိုထုတ်ပြလိုက်သည်။

ယပ်တောင် လှမ်းယူလိုက်သောရာပြည့်လက်တွေ တုန်နေသည်။

"တ တကယ်ပဲ မြသားလား နာမည်တူတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

အမှန်တရားရှေ့တည့်တည့်ရောက်နေလျက်သားနှင့် ကျော်ခိုင်းလှည့်ထွက်ဖို့ပြင်နေမိတာ ထိုအမှန်တရားကို စက်ဆုပ်မုန်းတီးလွန်းလို့ပါ။

အကယ်၍ ဒီနာရေးယပ်တောင်ထဲမှ နာမည်သည် မြသားဖြစ်ခဲ့မည်ဆိုလျှင် ရာပြည့်နှင့်ညစဉ်တွေ့နေသည့် ချစ်သူသည် မြသားနာမည်ကို ယူထားတာရော မဖြစ်နိုင်ဘူးလား။

ကလေးအတွေးဖြင့် လိုရာဆွဲတွေးလိုက်သော ရာပြည့်စိတ်တွေ





သည် အမှန်တရားတစ်ခုကို ဖောက်ထိုးလုပ်ချင်သူပါ။ ဒီယပ်တောင်ထည့်ထားသော ဗီရိုနှင့်နံရံတွင် ချိတ်ထားသော မြသား၏ဓာတ်ပုံကို မြသားနှင့်လာတွေ့စဉ်ညတိုင်း ဘာကြောင့် သတိမထားမိရသလဲ။

"ဒီဓာတ်ပုံက မြသားပုံပဲ"

"သိပ်ဟုတ်တာပေါ့ ရာပြည့်ရဲ့"

နံရံမှာချိတ်ထားသော မြသား၏အလှဓာတ်ပုံကိုမော့ကြည့်ပြီး အဆွေးသံဖြင့် ပြောလိုက်သည်။

"ကျွတ် ဘာတွေလဲဗျာ ကျွန်တော်တော့ ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး၊ ဘယ်ဟာကအမှန်တရားလဲ၊ ကျွန်တော် ကြုံတွေ့နေရတာက အမှန်လား၊ မြသားသေပြီလို့ ပြောတဲ့ လသော်တာရဲ့စကားတွေကအမှန်လား"

"မောင်လေး နင့်စိတ်တွေကို ငြိမ်အောင်ထိန်းစမ်း နင် နင်ဟာ ခလ သရဲခြောက်ခံရလို့ ခြောက်ခံရမှန်းမသိ၊ နင့်ရဲ့ချစ်သူက သေပြီးသားဝိညာဉ်တစ်ကောင်ဟဲ့ နင် ဒီလိုသာ ဆက်ပြီးယုံကြည်နေရင် သူ့လောကထဲကို နင်ဝင်ရလိမ့်မယ်"

ကလေးတစ်ယောက်ကို ကြောက်အောင်ခြောက်နေသည့်နှယ် စိုးရိမ်စိတ်ပိုနေသော မမသန့်ကိုကြည့်ပြီး ရာပြည့်ငိုင်သွားသည်။

"ရှင် ဒီထက်ပိုသိချင်သေးရင် ကျွန်မမှာ ပြစရာသက်သေတစ်ခုရှိသေးတယ်"

"ဘာသက်သေလဲ"

www.burmeseclassic.com



"မြသားသွင်ရဲ့နာရေးဈာပနစာတ်ပုံတွေ"

စိတ်ထဲမှာ ဖျဉ်းခနဲ ကြက်သီးထသွားသည်။

"မ မကြည့်ဘူး ကျွန်တော့်ကို မြသားအကြောင်း လုံးဝထပ် မပြောပါနဲ့တော့"

"မပြောလို့မရဘူး ရာပြည့် မင်းက သရဲမကို ဖွတ်ချစ်နေပေမယ့် ငါက သရဲမကို ယောက်မမတော်နိုင်သလို ဖေဖေတို့ မေမေတို့က လည်း လက်ခံမှာမဟုတ်ဘူး"

အရေးထဲ မမသန့်က တစ်မျိုးမို့ ရာပြည့် ပို၍စိတ်ရှုပ်နေသည်။ ထိုစဉ် အနားမှလူတစ်ယောက် အလောတကြီး ဖြတ်သွားသော အရှိန် ကြောင့် လေဟပ်သွားသလို ခံစားလိုက်ရပြီး မြသားထံမှ အမြဲရတတ် သော ကိုယ်သင်းနံ့ကိုရလိုက်သည်။

"မဟုတ်ဘူး သူတို့ပြောတာ မယုံနဲ့ မြသားလေ ရာပြည့်အနား မှာ ဘယ်တော့မှ မသေဆုံးတဲ့အချစ်တွေနဲ့ ရှိနေမှာ"

"ဗုဒ္ဓေါ"

တစ်ယောက်ထဲ ယောင်ယမ်းစွာ ဘုရားတလိုက်သည်။ ဘာလဲ ဘာဖြစ်လို့များ မြသား၏အသံက နားထဲမှာ ကြားနေရတာလဲ။

"မြသား မြသား ဘယ်မှာလဲ၊ ဒီအိမ်ထဲမှာ မြသားရှိနေတာ လား"

အခန်းထဲမှ ဖြတ်ခနဲ မြင်လိုက်ရသော မြသား၏အရိပ်အ ယောင်ကြောင့် ရာပြည့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။





ထိုအချိန်တွင် လသော်တာထံမှ ဖုန်းမြည်လာသည်။

"ဟဲလို ဖြူနှင်းလာပြီလား အေး ဒါဆိုရင် အပေါ်တက်ခဲ့လိုက် လေ၊ မမတို့ မြသားအိမ်ထဲမှာရှိနေတယ်"

လသော်တာ ဘယ်သူ့ကိုဖုန်းဆက်ခေါ်နေတာလဲဆိုတာ ရာပြည့် စိတ်မဝင်စားအား။ ရာပြည့် စိတ်ဝင်စားနေတာ အိပ်ခန်းတံခါးချပ်လှုပ် ခနဲ ဖြစ်သွားကာ မြသားကို ရိပ်ခနဲ တွေ့လိုက်ခြင်းပင်။

"မြသား မြသား"

ကယောင်ကတမ်း လူတစ်ယောက်လို ထိုတံခါးနားသို့ ကမူးရှူး ထိုးပြေးသွားပြီး မြသားကိုသာ တကြော်ကြော် အော်ခေါ်လိုက်သည်။

မြသားထံမှတုန့်ပြန်ထူးသံ ထွက်မလာ။ မြင်လိုက်တာ သေချာ ပါလျက်နှင့် မြသား ဘာကြောင့် လူလုံးထွက်မပြရတာလဲ။

ရာပြည့် ရင်တွေအဆမတန် လှုပ်ရှားလာသည်။

"မမသန့်နဲ့ရာပြည့်ကို မိတ်ဆက်ပေးရဦးမယ်၊ သူက မြသား သွင်ရဲ့အချစ်ဆုံးသူငယ်ချင်း ဖြူနှင်းအိတဲ့၊ သူ ဘာကြောင့် ဒီကိုလာရ သလဲဆိုတာ မြသား သေဆုံးကြောင်း နိုင်လုံတဲ့သက်သေပြစရာရှိလို့ ခေါ်လိုက်တာပါ"

သွေးရူးသွေးတန်းဖြစ်နေသော ရာပြည့်အကြည့်တွေက ဖြူနှင်း အိဆိုသော ဖြူဖြူကစ်ကစ်နှင့် ချစ်စရာကောင်းသော မိန်းကလေးထံသို့ အကြည့်ရောက်သွားသည်။

ဒီမိန်းကလေးကို ရာပြည့် သိတာပေါ့။ မြသား မကြာမကြာ

www.burmeseclassic.com



ပြောပြနေသော သူ့သူငယ်ချင်း ဖြူနှင်းအိ။

ရာပြည့် ခြေလှမ်းတွေ ဖြူနှင်းအိနားသို့ အားကိုးတကြီးတိုးကပ်သွားကာ

"မြသား ပြောပြောနေတဲ့ ဖြူနှင်းအိဆိုတာ မင်းပေါ့"

"ရှင်"

ဖြူနှင်းအိ မျက်နှာပေါ်မှာ အံ့သြရိပ်တို့ လွှမ်းကာ မျက်နှာပေါ်မှာ ထိတ်လန့်စိတ်တို့ပါ ဝင်ရောက်ရောနှောလေသည်။

"ဘယ် ဘယ်တုန်းက ပြောတာလဲ"

"ဟိုနေ့ညကပဲလေ မင်းတို့သူငယ်ချင်းတွေ အတန်းလစ်ပြီး ရုပ်ရှင်သွားကြည့်ကြသေးတယ်တဲ့"

ဖြူနှင်းအိဆီမှ မြသား အမှန်တကယ် သေဆုံးကြောင်း သက်သေထုတ်မပြရပါဘဲနှင့် မြသား ဒီတမလွန်ဘဝမှာ မကျွတ်မလွတ်သေးဘဲ ရှိနေသည်ဆိုသည့် သက်သေကို ရာပြည့်က ဖော်ထုတ်ပြနေသည့်နှယ်။

ဖြူနှင်းအိ လသော်တာနားသို့ တိုးကပ်လိုက်ပြီး အိမ်ကိုဝေ့ဝဲကြည့်ကာ

"မမ မြ မြသားက အမှန်တကယ်ပဲ မကျွတ်သေးဘူးပေါ့"

"ဟုတ်တယ် ဖြူနှင်း သူ ဒီအိမ်ထဲမှာရှိနေသေးတယ်၊ အခု သူချစ်သူရနေပြီ"

"ရှင် မြသား ချစ်သူရနေပြီ ဟုတ်လား"

အံ့သြပြီးရင်း အံ့သြနေသူက ဖြူနှင်းအိပါ။





"ဟုတ်တယ် အဲဒီချစ်သူက သူပဲလေ၊ သူ့နာမည်က ရာပြည့်တဲ့"

"အို ဘုရားရေ ဒါ ဒါဆို ကိုရာပြည့်ကရော ဝိညာဉ်ပဲလား"

"ဟာ မ မဟုတ်ပါဘူး"

ကြောက်ကြောက်လန့်လန့် မေးလိုက်သော ပန်းအိအမေးကြောင့် ရာပြည့် အကြောက်အကန် ငြင်းလိုက်သည်။

"ဒါ ဒါ ဘယ်လိုဖြစ်ကုန်တာလဲ မမရယ်၊ ဖြူနှင်း ယုံတောင် မယုံနိုင်တော့ဘူး။ မြသားကိုလည်း အရမ်းသနားတာပဲ"

"မမလည်း စိတ်မကောင်းဖြစ်ရပါတယ် ဖြူနှင်းရယ်၊ ဒါနဲ့ မမမှာတာရော ပါလား"

"ဟုတ် ပါတယ်မမ"

ဖြူနှင်းအိ သူ့စလင်းဘတ်အိတ်ထဲမှ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကို ထုတ်လိုက်သည်။ လသော်တာယူပြီး ရာပြည့်ကို လှမ်းပေးသည်။

"ကဲ ရာပြည့် ဒီဓာတ်ပုံအယ်လ်ဘမ်ကို ရှင် ခဏယူထား၊ ခုတော့ ဖွင့်ကြည့်မနေပါနဲ့ မြသား အရမ်းကို စိတ်မကောင်းဖြစ်သွားလိမ့်မယ်၊ အိမ်ရောက်မှ ဖွင့်ကြည့်ပါ၊ ခုတော့ ကျွန်မတို့ ဒီအိမ်ထဲက ထွက်ကြရအောင်"

လသော်တာ ပေးသော ဓာတ်ပုံအယ်လ်ဘမ်ကို ရာပြည့် လှမ်းယူလိုက်သည်။ ခုလည်း ဖွင့်မကြည့်ချင်ပါဘူး။ နောင်လည်း ဖွင့်ကြည့်မှာမဟုတ်ဘူး။ သူ့ရင်ထဲမှာရှိနေသော မြသား၏ချစ်ခြင်းတရားတွေ အထိ

www.burmeseclassic.com



အတွေ့နွေးနွေးတို့ကို တပ်မက်တတ်သည့်ဆန္ဒတွေရှိနေသရွေ့ မြသားဟာ သေပြီးသားဝိညာဉ်ဆိုတာကို လုံးဝလက်မခံ။

ဒီည မြသားဆီကို သူ ထပ်လာမည်။ မြသားထံမှ ဘာစကားတွေပြောမလဲ သူနားထောင်ချင်သည်။

ခုချိန်ထိ အားလုံး၏ဆန္ဒတွေနှင့်ဆန့်ကျင်ပြီး ရင်ထဲမှာ အချစ်တွေကိုပဲ အမှန်တရားတစ်ခုဟု အခိုင်အမာ ယုံကြည်ထားသည်။

စိတ်ချ မြသား ကိုယ်တို့နှစ်ယောက် ကတိတွေ အထပ်ထပ်ပေးထားတယ်လေ။ ဘယ်သူပဲ ခွဲခွဲ မခွဲဘူးလို့။

အခု မြသား အပြင်သွားနေခိုက်မို့ သူတို့အားလုံး မြသားကို အပုတ်ချနေကြတာ။

ကိုယ် လုံးဝမယုံဘူး။

စိတ်ချလိုက်စမ်းပါ မြသားရယ်၊ ကိုယ် မြသားကို တကယ်ချစ်တာပါ။

■ ■ ■

## အခန်း (၂၃)

"အမလေး ဓာတ်ပုံကြည့်တာနဲ့တင် ကြက်သီးထလိုက်တာ"

ဒေါ်ခင်ပြည့်ဝင်း ဓာတ်ပုံအယ်လ်ဘမ်ထဲမှ ပန်းတွေဖြင့် ဝေနေအောင် ပြင်ဆင်ထားသော မြသား၏ရုပ်ကလာပ်ကိုကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်သွားသည်။

"ငါ့နှယ်ကွာ သားလေးတစ်ယောက် ရှားရှားပါးပါး မွေးထားပါတယ်ကွာ ခုတော့ အပုန်းနဲ့ရှုပ်လိုက်၊ သရဲနဲ့ရှုပ်လိုက် ငါမွေးထားတဲ့သား လူမှဟုတ်ရဲ့လားလို့တောင် သံသယဝင်လာပြီ"

မချင့်မရဲပြောနေသော ဦးသန့်စင်စကားကြောင့် ဒေါ်ခင်ပြည့်ဝင်း ကြောက်ရွံ့စိတ်တွေကြားမှ

"အို သရဲမကိုတော့ ချွေးမ မတော်နိုင်ပါဘူး"

www.burmeseclassic.com



"ဘာလဲ မင်းက တော်ချင်သေးလို့လား ဟမ် တော်ချင်ရင်လည်း မင်းရော မင်းသားရော တမလွန်ကို လိုက်သွားမှပဲ တော်လိမ့်မယ်"

"အို ရှင်နော် ဘာစကားတွေပြောနေတာလဲ မဦးမချွတ်နဲ့"

မျက်စောင်းခဲရင်း ပြောလိုက်သော မိခင်စကားကြောင့် ခင်သန့်စင် စိတ်ရှုပ်စွာဖြင့် သက်မတစ်ချက်ကို ဟင်းခနဲ ချကာ

"ဒီဓာတ်ပုံအယ်လ်ဘမ်ကို မေမေ့သားက လုံးဝမကြည့်ဘူး အဲဒါ ဘယ်လိုလုပ်မလဲ၊ သူ့စိတ်ထဲမှာ မြသားဟာ လုံးဝ သေပြီးသား ဝိညာဉ်မဟုတ်ဘူးပဲ ယုံကြည်နေတာ"

"ခု ဒီကောင် ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ"

"သွားခေါ်"

"ခေါ်တာပဲ အခန်းတံခါး လုံးဝဖွင့်မပေးဘူး အသံလည်းတစ်စက်မှ မထွက်ဘူး"

"ဒါဆို ဒီကောင် သူ့မယားနောက် လိုက်သွားပြီနေမှာပေါ့"

ကြိုက်စရာရှား၍ သရဲမနှင့်မှ ချစ်သူတော်ရသလားဟု စိတ်ထဲမှ ကရုဏာဒေါသောတွေးကာ ရွဲ့ပြောလိုက်ခြင်းဖြစ်သည်။ စိတ်ထဲပါ၍တော့ မဟုတ်။

"ကိုသန့်စင် ရှင့်ဒေါသတွေကို ခဏသိမ်းထားစမ်းပါ။ ခု ကျွန်မတို့သားလေး မြင်အပ်မမြင်အပ်တာတွေနဲ့ သံယောဇဉ်တွယ်နေတဲ့ကိ





ကို ဘယ်လိုဖြေရှင်းမလဲဆိုတာ အဖြေရှာစမ်းပါ"

"ဟ သူကြိုက်နေတာကို ငါက ဘယ်လိုဖြေရှင်းမလဲ၊ အခန်းထဲပိတ်ထားတော့ရော လူသားအချင်းချင်း သဘောမတူလို့ ခွဲချင်တိုင်းခွဲလို့ရပေမယ့် ခုဟာက ဝိညာဉ်လေ၊ ဘယ်လောက်ခွဲခွဲ မင်းသားဆီကို ရောက်အောင်လာမှာပဲ၊ ကြွက်တွင်းထဲပုန်းနိုင်းထားလည်း အဲဒီဝိညာဉ်က အလွတ်မပေးဘူး"

ဦးသန့်စင်စကားကြောင့် သားအမိနှစ်ယောက် ကြက်သီးတွေ တဖျန်းဖျန်းထလာကာ

"တော် တော်ပါတော့ အဖေကြီးရယ် ကျုပ် ကြောက်လို့ပါ ကျုပ်သားတော့ ကိုယ်ကျိုးနည်းပါပြီတော့၊ မဖြစ်ဘူး ပယောဂဆရာရှာပြီး အဲဒီအစိမ်းသရဲမကို သားနဲ့ရအောင်ကို ဖြတ်နိုင်းရမယ်"

"ဟုတ်တယ် မေမေ သရဲတစ္ဆေဆိုတာ အောက်လမ်းဆရာတွေပဲနိုင်တာ၊ ဟိုနတ်ကတော် သန်းစိန်ရဲ့အသိ နတ်ဆရာတွေထဲမှာ အောက်လမ်းပညာတွေတတ်တဲ့ဆရာတွေ ရှိမှာပေါ့၊ သူ့ကိုအကူအညီတောင်းကြည့်ရင်ရော"

သားအမိနှစ်ယောက် တိုင်ပင်နေကြပုံကြောင့် ဦးသန့်စင် ဒါဟာ အကောင်းဆုံးဖြေရှင်းနည်းမဟုတ်ဘူးဆိုတာကို ကြံတွေးမိပြီး

"မင်းတို့ အဲလိုလုပ်ရင် ပြဿနာက ပိုရှုပ်သွားမယ်၊ သရဲမက မင်းသားနဲ့ ညားရုံတင်မဟုတ်ဘူး နတ်ကတော် သန်းစိန်ကိုပါ ချွေးမအဖြစ် လက်ခံနေရလိမ့်မယ်၊ ငါကြိုမြင်နေတယ် ဟိုကောင်နတ်ကတော်

www.burmeseclassic.com



သန်းစိန်က မင်းသားကို သေအောင်ကြိုက်နေပုံများ ငါးပြေမဆားပက်သလို ဖျက်ဖျက်ကိုလူးလို့ ခုလို သွားအကူအညီတောင်းရင် သူက ပိုကြီးအကြိုက်တွေ့ပြီး မင်းသားအပေါ် အခွင့်အရေးတွေယူမှာ၊ ဒီထက်ဆိုးတာက ရပ်ကွက်ထဲမှာ အဖွခံရမှာပေါ့''

''အင်း ဒါလည်း ဟုတ်တာပဲ ကဲ ဒီကောင့်ကို ရအောင်သွားခေါ်''

''ဟာ ဖေဖေပဲသွားခေါ်''

''အေး ဒါဆိုလည်းပြီးရော ငါ သွားခေါ်မယ် ပေး အဲဒီဓာတ်ပုံအယ်လ်ဘမ်''

စားပွဲပေါ်ဖြန့်ချထားသော ဓာတ်ပုံအယ်လ်ဘမ်ကို ခပ်ဆောင့်ဆောင့်ယူပြီး ရာပြည့်အခန်းဆီသို့ လျှောက်လာခဲ့သည်။

■ ■ ■

## အခန်း (၂၄)

''ရာပြည့် ရှင် မြသားကို မုန်းသွားပြီလားဟင်''

''ဘာကိုလဲ''

''သူများတွေ ဘေးထိုးကြတဲ့စကားတွေကြောင့်ပေါ့''

''ဟာ ဘာလို့ မုန်းရမှာလဲ၊ ဘယ်သူတွေဘာပြောပြော ကိုယ်ကတော့ နားမယောင်ဘူး''

မြသား မျက်နှာ မို့အစ်အစ်လေးကို နမ်းရှိုက်ရင်း ရင်ထဲကစိတ်ရှုပ်စရာတွေကို ဖြေသိမ့်လိုက်သည်။

''ဒါပေမဲ့ ရာပြည့် တစ်ချိန်ချိန်မှာ မြသားကို မလွဲမသွေထားသွားရလိမ့်မယ်၊ မြသားက တစ်ယောက်ထဲ အထီးကျန်နေရစ်ခဲ့ရမှာပါရာပြည့်ရယ်''

''ကျွတ် ဘယ်လိုသက်သေပြမှ ယုံမှာလဲ မြသားရယ်၊ ကဲ

www.burmeseclassic.com



ဒါဆိုရင် ကိုယ့်မိဘတွေနဲ့ မြသားကို တွေ့ပေးမယ်၊ ပြီးရင် လက်ထပ်ခွင့်တောင်းပြီး လက်ထပ်ကြမယ်၊ ဒီထက်ကောင်းတဲ့သက်သေတောင် ဒီလောက်ထိ နိုင်လုံမှာလားကွာ''

''ဒါဆိုရင် မြသားက ရာပြည့်အိမ်လိုက်ခဲ့ရမှာပေါ့''

''ဒါပေါ့ ခုပဲသွားကြမယ်''

''ရာပြည့် ပြန်နှင့်ပြီး မိဘတွေကို ကြိုပြောထားနှင့်လေ၊ မြသား နောက်ကလိုက်လာခဲ့မယ်''

''စိတ်မချပါဘူး ကိုယ်နဲ့တစ်ခါတည်း လိုက်ခဲ့''

''ကိုယ့်မိဘတွေ လက်ခံအောင် မြသား ပြင်ဆင်ရဦးမယ်ကိုရဲ့၊ ဒါကြောင့် မြသား လိုက်ခဲ့မယ်နော်''

''အင်းလေ ကောင်းပြီ ဒါဆို ကိုယ် မိဘတွေကို ပြန်ပြီးအကျိုးအကြောင်းပြောပြထားလိုက်မယ်''

''အင်းပါ ရာပြည့်ရဲ့''

မိဘတွေနှင့်ချစ်သူကို ပေးတွေ့ဖို့ ဆုံးဖြတ်လိုက်ပြီမို့ ရာပြည့်စိတ်တွေ အတောင်ပံတွေဖြန့်ကျက်ထားသလို လွတ်လပ်ပေ့ါပါးနေသည်။

''ရာပြည့် ရာပြည့် ဟော့ကောင် ရာပြည့် ထစမ်း''

ဖေဖေ့အသံကြောင့် အတောင်ပံပေါက်နေသော စိတ်တွေကို ဖျတ်ခနဲ ပြန်လည်စုစည်းလိုက်ပြီး အသိတရားတို့ ပြန်လည်နိုးထလာသည်။

မျက်လုံးတို့ ဖျတ်ခနဲ ဖွင့်လိုက်သည်။





''ဟင် ငါ ငါ အိပ်ပျော်နေတာပဲ''

ခုတင်ထက်မှ ဝေါက်ခနဲ ထလိုက်ပြီး အခန်းတံခါးကို တဒုန်းဒုန်းထု၍ အော်ခေါ်နေသော ဖေဖေ့ထံသို့ ခပ်သွက်သွက်ထလာလိုက်သည်။

တံခါးလော့ခ်ကို ကပျာကယာလှည့်ဖွင့်ပေးလိုက်ပြီးသည်နှင့် ဒေါသမျက်နှာနှင့် အဖေ့မျက်နှာ အရင်ဆုံးမြင်လိုက်ရသည်။

''မင်း ဘာလို့ ခေါ်မကြား အော်မကြား ဖြစ်နေတာလဲ ဟမ်''

''ကျွန်တော် အိပ်ပျော်သွားလို့ပါ''

''တော်သေးတာပေါ့ အသက်ပြန်ဝင်လာလို့ လာ အခု အိမ်ရှေ့ကိုထွက်ခဲ့လိုက် ငါ မင်းကို ပြစရာရှိတယ်''

''ဓာတ်ပုံပြမလို့လား ကျွန်တော် မကြည့်ချင်ဘူး ဖေဖေ''

''ဘာလဲ မင်းက သရဲမနဲ့ပဲ လက်ထပ်ပြီး သရဲလေးတွေမွေးပြီး သရဲမိသားစုအဖြစ်နဲ့ အမှောင်ထဲမှာပဲ နေတော့မယ်ပေါ့ ဟုတ်လား၊ ဟမ် ငါတို့ကတော့ သရဲမြေးလေးတွေရဲ့အဘိုးအဘွားပေါ့ အဲဒီလိုလုပ်ပေးရမှာလား''

''ဖေဖေ မှန်တာပြောသစ္စာပါ အဖေရာ၊ ကျွန်တော့်အတွက်တော့ မြသားက လုံးဝ လူစစ်စစ်ပါ၊ ဒါကြောင့် မဟုတ်ကဟုတ်က လုပ်ကြံထားကြတဲ့ အပြောတွေ ဓာတ်ပုံတွေကို ကျွန်တော် လုံးဝကို မကြည့်တာ''

ခေါင်းမာလွန်းသော ရာပြည့်ကိုကြည့်ပြီး ဦးသန့်စင် ကရုဏာဒေါသဖြစ်မိပေမယ့် လူငယ်တစ်ယောက်၏စွဲလမ်းမှုနှင့် ချစ်တတ်လွန်း

www.burmeseclassic.com



သော စိတ်တို့ကို မျှဝေခံစားနားလည်ပေးချင်သည်။ ကိုယ်လည်း ငယ်ရာက ကြီးလာတာပင်။ ဒီတော့ သူနှင့်ဆန့်ကျင်ပြီး သူမှန်သည်ဟု တတွတ်တွတ်ပြောဆိုနေသော ရာပြည့်နှင့် ဆန့်ကျင်ပြီး ဒါအမှားကြီးပါဟု မပြောမနေတော့။

ရှေ့ ဘာဆက်လုပ်ရမည်ဆိုတာကို အဖြေတွေ့သွားသည်မို့

''ကောင်းပြီလေ ဒါဆို မင်းရဲ့မြသားသွင်ဆိုတဲ့ ကောင်မလေးနဲ့ ဖေဖေတို့ကို ပေးတွေ့''

ဖခင်ထံမှ မထင်မှတ်ဘဲ ကြားဖူးလိုက်ရသောစကားကြောင့် ရာပြည့် ထခုန်မိမတတ် ဝမ်းသာသွားသည်။

''တကယ်နော် အဖေ''

''တကယ်ပေါ့ကွ မင်းသာ ဒီနေ့ညခေါ်လာခဲ့''

''ကောင်းပြီအဖေ ကျွန်တော် ဒီည မြသားကိုခေါ်လာခဲ့မယ် ဖေဖေနဲ့မေမေသာ ကျွန်တော်နဲ့မြသားကို လက်ထပ်ပေးမယ်လို့ ကတိပေး''

''ကောင်းပြီသား ဖေဖေ ကတိပေးတယ်၊ အဲ မင်းချစ်သူမြသားသွင်ကသာ လူ့လောကထဲက လုံးဝထွက်မသွားသေးတဲ့ လူတစ်ယောက် စစ်စစ်ဖြစ်နေပါစေ၊ ဝိညာဉ်တွေဘာတွေဆိုရင်တော့ လက်မခံဘူး''

''မြသား ဝိညာဉ်မဟုတ်ဘူးဆိုတာကိုလည်း ကျွန်တော်က သက်သေပြချင်တဲ့အတွက် ဖေဖေတို့ရှေ့မှောက်ကို ခေါ်ခဲ့မယ်''

ဒီအခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်။ ဒီညပဲ မြသားဆီက





သွားပြီး ဖေဖေမေမေနဲ့ ဆုံပေးရမည်။

မြသားရေ ကိုယ်တို့ဒီတစ်ခါ တကယ်ပဲ လက်ထပ်ရတော့မယ်။

■ ■ ■

## အခန်း (၂၅)

ဒီညအဖို့ မိဘတွေမသိအောင် နှိုးကြောင်နိုးဖုက် ထွက်စရာ မလိုတော့တာမို့ ညရှစ်နာရီထိုးကတည်းက မြသားဆီသို့ ထွက်လာခဲ့လိုက်သည်။

ဒီည မြသားကို အိမ်သို့အပါခေါ်လာရမည်။ မိသားစုတွင် မလိုအပ်ဘဲ လွှန်ကဲနေသော သံသယတွေကို ချေဖျက်ပစ်ရမည်။

တိုက်အောက်ကနေ မြသားအခန်းဆီကို မော့ကြည့်လိုက်သည်။ မီးရောင်သဲ့သဲ့ လင်းနေသည်။

ချစ်သူနှင့်တွေ့ရတော့မည်မို့ ရာပြည့် ခြေလှမ်းတွေ သွက်လက်နေသည်။ ဒီနေ့ ကျော်လွန်ပြီးလျှင် မြသားနှင့်သူ့အနာဂတ်သည် ဘာအနှောင့်အယှက်မှမရှိတော့လောက်အောင် သာယာဖြောင့်ဖြူးတော့မည်။

အခန်းရှေ့ရောက်သည်နှင့် စေ့ရုံစေ့ထားသော အိမ်တံခါးကို





တွန်းဖွင့်၍ ဝင်လိုက်သည်။

ယခင်ကဆိုလျှင် မြသားက တံခါးဝတွင် ရပ်ပြီး ကြိုနေကြ။ ယခု အရိပ်အယောင်ပင် မတွေ့။

''မြသား မြသားရေ''

အခန်းတစ်ခုလုံး အပ်ကျသံမကြားရလောက်အောင် ခြောက်ကပ် တိတ်ဆိတ်၍နေသည်။ အိမ်တစ်အိမ်လုံး လှည့်ပတ်ရှာသည်။ မြသား အရိပ်အယောင်ပင်မတွေ့။

''ဟာကွာ မြသား ဘယ်တွေသွားနေတာလဲ မသိဘူး''

တစ်ယောက်ထဲ စိတ်ပျက်လက်ပျက် ညည်းတွားရင်း ဖုန်အလူးလူးထနေသော ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

ရုတ်တရက် မြသားက ဘွားခနဲ ပေါ်လာသည်မို့ ရာပြည့် လန့်သွားသည်။

''ဟင် မြ မြသား''

''ရှင် ဘာလာလုပ်တာလဲ ရာပြည့်''

မြသား၏အသံတွေသည် အရင်နေ့တွေကလို ကြည်လင်ပြတ်သား၍မနေ။ အက်ရှခြောက်ကပ်နေသည်။ မျက်နှာမှာလည်း ယခင်နေ့တွေကလို ပန်းသွေးရောင်ထမနေ။ ဖြူသလိုလို ပြာသလိုလိုနှင့် မျက်ကွင်းနားတစ်ဝိုက်တွင် ကွက်၍ညိုနေသည်။

''မြသား ဘာဖြစ်နေတာလဲ နေမကောင်းဘူးလား''

ရာပြည့်အမေးကို မြသား မဖြေ။ ရာပြည့်ကိုသာ စိတ်နာသော

www.burmeseclassic.com



အကြည့်တွေဖြင့် ခပ်စူးစူးစိုက်ကြည့်၏။

"မြသား မင်းဘာဖြစ်နေတာလဲ ကိုယ့်ကိုတစ်ခုခု မကျေနပ်နေတာလား"

"ရှင် သစ္စာဖောက်တယ်"

ရှသံပါနေသော မြသား၏အပြစ်တင်သော စကားသံတွေကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားသည်။

"ကိုယ် ကိုယ်က ဘာကိုသစ္စာဖောက်လို့လဲကွာ"

"မြသားနဲ့ရှင့်အကြောင်းကို လူတွေသိအောင် လုပ်တယ်၊ ဒီအိမ်ထဲကိုခေါ်လာတယ်၊ အခု ရှင်နဲ့မြသား ဘယ်လိုမှ ဆက်ချစ်လို့မဖြစ်နိုင်တော့ဘူး"

"ဟာကွာ မြသား ဘာတွေပြောနေတာလဲ၊ ကိုယ် မြသားအပေါ် ဘာအမှားမှ လုပ်မထားဘူး။ နေ့ခင်းက သူတို့ကို ခေါ်လာတယ်ဆိုတာ ကိုယ့်ဆန္ဒမဟုတ်ဘူး။ သူတို့ဖာသာ ဖွတ်လာကြတာ ပြီးတော့ မဟုတ်ကဟုတ်ကတွေပြောတယ်၊ ကိုယ် ဒါကိုလက်မခံဘူး၊ ကိုယ် မြသားကို ဘယ်လောက်ချစ်တယ်ဆိုတာ မြသား သိပါတယ်၊ ခုလည်း မင်းနဲ့ကိုယ့် မိဘတွေကို ပေးတွေ့ပေးမှာမို့ လာခေါ်တာ"

"မြသား ဒီနေရာကနေ ဘယ်မှသွားခွင့်မရှိဘူး၊ သွားလို့လည်း မရဘူး"

အပျော်တွေနှင့် စိတ်ကူးယဉ်ထားခဲ့တာတွေ မြသားစကားကြောင့် ပြိုကျလုလု။





"မင်း ဘာတွေပြောနေတာလဲ၊ မင်းက ဘာကြောင့် ဒီနေရာကနေ သွားလို့မရတာလဲ"

"သူများပိုင်နက်တွေထဲကို မြသား သွားလို့မရဘူး ဒီလိုပဲ မြသားပိုင်နက်ထဲကိုလည်း ဘယ်သူမှဝင်လာခွင့်မရှိဘူး။ ဒါကြောင့် ဒီညကစပြီး ရှင် မြသားနဲ့ပဲနေရတော့မယ်၊ ရှင့်အိမ်ကိုရော ရှင့်မိသားစုတွေကိုပါ မေ့ပစ်ရလိမ့်မယ်"

"ဘာ"

"သိပ်မအံ့သြပါနဲ့ ဒါမှ ရှင်နဲ့မြသားရဲ့အချစ်တွေ ဆက်လက်ရှင်သန်နိုင်မှာ၊ အဲဒီလို ဆက်လက်ရှင်သန်ဖို့အတွက် မြသား နေနေတဲ့ အမှောင်လောကထဲကို ရှင်အပြီးဝင်လာမှရမယ်"

"ဘယ်လို အမှောင်လောကထဲ ဟုတ်လား"

"ဟုတ်တယ် ရှင်ပဲ မြသားဆီကို ကူးလာလို့ရမယ်၊ မြသားက ရှင့်ဘဝထဲကူးလာလို့ မရဘူး"

"ဒါ ဒါဆိုရင် သူ သူတို့ပြော ပြောသလို မြသားက ဝိ ဝိညာဉ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် တကယ်ဆို မြသားက မမလသော်တာပြောသလို သေပြီးသားဝိညာဉ်ပါ"

ခုမှပင် ကြက်သီးထရကောင်းမှန်း သိတာ။ ကိုယ့်အသိအာရုံတွေသည် အမှောင်ခန်းထဲမှ အလင်းရောင်ရှိရာဆီသို့ အရှိန်ဖြင့် အကန်ခံလိုက်ရသလို အသိတရားတွေ ဒလိမ့်ခေါက်ကွေးဖြစ်ကာ လူက ဆောက်

www.burmeseclassic.com



တည်ရာမရတော့။ အမှန်တရားကို ကွက်ကွက်ကွင်းကွင်း သိရတော့ အချိန်လွန်နေပြီ။ ဘယ်အချိန်ကတည်းက စိမ့်ထွက်နေသည်မသိသော ဖောင်ချွေးတွေက ခန္ဓာကိုယ်တစ်ခုလုံးပေါ်မှာ ရေဖြန်းခံထားရသည့်နှယ်။

"မ မဖြစ်နိုင်တာ ဒါ ဒါဆို ကိုယ်နဲ့မင်း မှား မှားယွင်းခဲ့ကြတာ ကရော"

"အဲဒါက ရှင့်စိတ်က စွဲလမ်းမှုကို မြသားက ပုံဖော်ပေးရုံပါ။ တကယ်ဆို မြသားတို့ အမှန်တကယ်ချစ်ခဲ့ကြတာပဲ၊ ရှင်လိုချင်နေတဲ့ ရင်သွေးလေးကို ရှင်သာ မြသားဘဝထဲ တကယ်လာမယ်ဆိုရင်လေ မြသားက မွေးပေးမှာ၊ ဒါကြောင့် မြသားဘဝထဲကို ရှင်အပြီးလာခဲ့ပါတော့ နော်"

သွေးမရှိလောက်အောင် ဖြူနှမ်းအက်ကွဲနေသော မြသား၏ လက်အစုံက သူ့ဘဝထဲကို အပြီးဝင်လာဖို့ လက်ကမ်းကြိုဆိုနေသည်။

ရာပြည့်ရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ ခန္ဓာကိုယ်တစ်ခုလုံး စက္ကူစုတ်တစ်ရွက်လို လွင့်မျောနေသည့်နှယ်။

ဘာတွေလဲ ဘာတွေဖြစ်ပြန်ပြီလဲ။ ဒီတစ်ခါတော့ ချစ်သူနှင့် ထာဝစဉ်မခွဲနေရပြီဆိုပြီး အပျော်တွေဆို့နေခဲ့တာတွေကလည်း အမှန် တရားမဟုတ်ဘူးတဲ့လား။

လောကကြီးထဲမှ ကိုယ့်ကျမှ ဘာဖြစ်လို့ ဝိညာဉ်ကို ချစ်သူတော် ခွင့်ရရတာလဲ။ ဒါ လုံးဝအဓိပ္ပာယ်မရှိ အသွေးအသားတွေ ဘဝတွေကို ကော်ဖီမှုန့်နှင့် သကြားရောဖျော်သလို ဖျော်ပြီးကာမှ ဒါက အမှန်မဟုတ်





ပြန်ဘူးတဲ့။

"တောက်"

ကိုယ်အမြဲ သစ္စာဆိုနေကျ မှန်တာပြောသစ္စာဆိုတဲ့စကားတွေ ကရော ချောင်ကောင်းကောင်းမှာ ငိုက်မြည်းနေကြပြီလား။ ခုတော့ သူတို့တောင် ဝင်မကူနိုင်တော့လောက်အောင် ကိုယ်ရင်ဆိုင်နေရတာက အင်မတန် သွေးပျက်ကြောက်ရွံ့စရာကောင်းသည့် ဝိညာဉ်တစ်ကောင် နှင့် ချစ်သူတော်စပ်ခွင့်။

"မင်း ငါ့ ငါ့အနားကို လုံးဝတိုးမလာနဲ့၊ ငါ ငါ မင်းကိုချစ်တာ လူသားတစ်ယောက်အဖြစ်နဲ့ချစ်တာ၊ ဝိ ဝိညာဉ်ဆိုရင်တော့ အလုပ် မဖြစ်ဘူး၊ အဲ ဆက် ဆက်ချစ်လို့မရဘူး၊ ငါတို့က ဘဝချင်းမှမတူတာ"

"ရှင် စိတ်ပြောင်းသွားပြီမဟုတ်လား ရာပြည့်၊ ဒါပေမဲ့ မရ တော့ဘူး ရှင် ကျွန်မကို သိမ်းပိုက်ပြီးမှတော့ ရှင် ဆက်ပြီး တာဝန်ယူ ရတော့မှာပေါ့"

မြသား၏ပုံစံသည် အလှအပတွေ တစ်စက်မှမရှိတော့ဘဲ ဝိညာဉ်တစ်ကောင်လို ကြောက်စရာကောင်းလာသည်။ သူ့ခြေလှမ်းတွေ ကိုယ့်ဆီသို့ တရွေ့ရွေ့တိုးလာသည်နှင့်အမျှ ရာပြည့်ကလည်း နောက်ကို တရွေ့ရွေ့ဆုပ်ကာ ထွက်ပေါက်တစ်ခုကို သွေးရူးသွေးတန်း ငြင်းဆန် အော်ဟစ်ရင်း အသိစိတ်တို့သည် ပိန်းပိတ်အောင် မှောင်မည်းနေသော နေရာတစ်နေရာထဲကို ဆွဲသွင်းလိုက်သည့်နှယ်။

"အ အား အား ကယ် ကယ်ကြပါဦး ညှစ်နေပြီ"

www.burmeseclassic.com



သွားပြီ ရာပြည့်ဘဝ ခုတော့ တကယ်သွားပြီ။ မိဘတွေကို တောင် နှုတ်ဆက်ချိန်မရလိုက်ဘူးဆိုသည့် နောင်တတရားတွေသည် အမှောင်ကမ္ဘာထဲမှာ လွင့်မျောရင်း။

■ ■ ■

## အခန်း (၂၆)

စကားပြောသံတွေ နားထဲတိုးဝင်လာသည်မို့ မျက်လုံးတို့ ဖွင့် ကြည့်လိုက်သည်။

''ဟင် ဒါ ငါ့ ငါ့အခန်းပဲ''

အခန်းဝတွင် ရပ်ပြီး စကားပြောနေကြသောဖေဖေ မေမေ၊ မမနှင့် လသော်တာ။ သူတို့အားလုံး သူ့ကိုလှည့်မကြည့်ကြ။

''ဟား သွားပြီ ငါ့ကိုသူတို့မတွေ့ကြဘူး။ ဒါ ဒါဆို ငါ သေသွား ပြီပေါ့''

ကိုယ့်ကိုယ်ကိုယ် ယူကြုံးမရဖြစ်ကာ ချုံးပွဲချပြီး ငိုလိုက်သည်။ ဒီလောက်အကျယ်ကြီး ငိုနေတာတောင် တစ်ယောက်မှ လှည့်မကြည့် ကြမှတော့ သူ့ငိုသံကိုလည်း အားလုံးမကြားကြဘူးဆိုတဲ့သဘောပေါ့။

မြသား မင်းလက်ချက်နဲ့ ငါခုတော့ သေရပြီ။ ငါ့မိဘတွေ ငါ့

www.burmeseclassic.com



အသုဘအခမ်းအနားအတွက် ပြောဆိုတိုင်ပင်နေကြပြီ။ ဟော ငါ့အမေ ဆိုရင် ငိုနေတယ်။ ငါ့အဖေက ဖျောင်းဖျနှစ်သိမ့်နေတယ်။ သူတို့ ဘာတွေ ပြောဆိုနေကြတာလဲ။

ကျွတ် အရေးထဲ ဗိုက်ထဲက တဗွိဗွိနှင့် အစာအိမ်ထဲကပိုးတွေ က အချက်ပြနေပြီ။ ဘယ်လိုလုပ်ရပါ့။

ဝမ်းနည်းစိတ်ကို အသာဘေးချိတ်ထားပြီး ခုတင်ထက်မှ ထလိုက်သည်။ ဝိညာဉ်ကလည်း ဗိုက်ဆာတတ်တာပဲဟု တွေးပြီး တစ်ခါ တုန်းက သူကျွေးသော ဟမ်ဘာဂါကို အားရပါးရစားနေသော မြသားသွင် ကို မျက်စိထဲပြန်မြင်ကာ ကြောက်စိတ်တို့ တိုးဝင်လာသည်။

''ဟော သားရာပြည့် မင်းသတိရလာပြီလား''

ပြုံးပြုံးရွှင်ရွှင်ဖြင့် အနားရောက်လာသော ဖခင်၏အမေးကြောင့် ရာပြည့် ပျော်သွားသည်။

''ဖေဖေ ကျွန်တော့်ကိုမြင်ရတယ် ဟုတ်လား''

ရာပြည့်အမေးကြောင့် ဦးသန့်စင် ရယ်ဟာဟာဖြင့် အကြောင် သားကြည့်ပြီး

''ဟကောင် ငါဘယ်တုန်းက ကန်းနေလို့ မင်းကိုမမြင်ရမှာလဲ ဟမ်''

''အဲ အဲလိုမဟုတ်ပါဘူး ဟို ဟိုလေ ကျွန် ကျွန်တော် မသေ ဘူးနော် ဖေဖေ''

''မသေပါဘူး မင်း ဟိုသရဲခြောက်တဲ့အိမ်ထဲမှာ တစ်ယောက်ထဲ





ရှန်းရင်းဆန်ခတ်ဖြစ်ပြီးသတိလစ်နေတာ၊ တော်သေးတာပေါ့ လသော်တာ အချိန်မီမရောက်ရင် မင်းတော့ ခုလောက်ဆို ဘဝကူးနေလောက်ပြီ''

''ဟုတ်တယ် သားရဲ့၊ လသော်တာကို ကျေးဇူးတင်ရမယ်''

မေမေနှင့်လသော်တာပါ အနားရောက်လာပြီး မေမေက ပြုံးရွှင် စွာ ရယ်မောပြီးပြောသည်။

''ကဲ ရာပြည့် ရှင်နဲ့စတွေ့တုန်းက ရှင့်ကိုအထင်လွဲပြီး ပါးရိုက် ခဲ့မိတယ်၊ အခု ကျွန်မက ရှင့်ကို ကယ်လိုက်နိုင်ပြီဆိုတော့ ကျေပြီပေါ့''

''အဲ အဲလိုပဲ သဘောထားလိုက်ပါ လသော်တာ၊ ဒီထက် ကျေးဇူးတင်ရမှာက ကျွန်တော့်ကို အိပ်မက်ဆိုးထဲက နိုးထအောင်လုပ် ပေးခဲ့တဲ့အတွက်ရောပေါ့''

လသော်တာ ခပ်အေးအေး ပြုံးနေသည်။ ဘာမှတော့ပြန်မ ပြော။ ခုမှ သေချာကြည့်မိသည်။ လသော်တာဟာ ပြုံးလိုက်လျှင် တော် တော်ဆွဲဆောင်မှုရှိသည့် မိန်းကလေးဆိုတာကိုပေါ့။ တစ်ချိန်က မြသား သွင်အားကိုးနှင့် ခါးခါးသီးသီး ငြင်းခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ် ဒေါသ ထွက်ပြီး လသော်တာကို အားနာနေမိသည်။

ခုတော့ ကိုယ့်ရင်ထဲမှာ မြသားသွင်ဆိုတာ အရိပ်အမြွက် ကလေးတောင် ပြန်မတွေးရဲတော့။

''ဘယ်လိုလဲ သား၊ မင်းဆန္ဒကို ငါတို့လိုက်လျောပြီးပြီ၊ မင်းရဲ့ သရဲမလေးကို အိမ်ကိုခေါ်မလာနိုင်ခဲ့ဘူး၊ မင်းတောင် ကံကောင်းလို့ သူ့ သတ်တာမသေခဲ့တူးမဟုတ်လား၊ အဲဒါ လသော်တာကြောင့် ဒီတော့

www.burmeseclassic.com



ငါတို့တွေက လသော်တာနဲ့မင်းရဲ့မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်တော့မယ်"

"ဟုတ် ဟုတ်ကဲ့ ဘယ်တော့လဲ ဖေဖေ"

"မင်းက ဘာလုပ်ဖို့လဲ ဘာတွေကြံဦးမလို့လဲ"

"မကြံပါဘူး အရမ်းကြီးအချိန်မဆွဲနဲ့လို့ ပြောမလို့ပါ ဖေဖေရာ"

ရာပြည့်ကို တတ်လည်း တတ်နိုင်တယ်ဟူသောအကြည့်ဖြင့် ဝိုင်းကြည့်ကြသဖြင့် ရာပြည့်ကလည်း အရှက်ပြေ တဟဲဟဲရယ်ပြလိုက်ပြီး

"ဒီနေ့ကစပြီး မိဘတွေ စီစဉ်ပေးတဲ့ အိမ်ထောင်ဖက်ကိုပဲ ချစ်တော့မယ် ဖေဖေ၊ မှန်တာပြောသစ္စာပါ၊ ကျွန်တော် နောက်တစ်ခါ ကိုယ့်သဘောနဲ့ကိုယ် ဘာမှဖွတ်မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်"

"မပေးလည်းရပါတယ် ဟော့ကောင် ငါတို့ မင်းဆီက ဘာကတိမှ မတောင်းဘူး၊ လသော်တာကို ငြင်းမယ်ဆိုရင်လည်း ငြင်းခွင့်ရှိတယ်"

သားဖြစ်သူ၏အကြောကို သိထားသော ဦးသန့်စင် ကျီစယ်လိုသည့်အနေဖြင့် အထာကိုင်လိုက်သည်။

လသော်တာထံမှ ခိခနဲ ရယ်သံ ထွက်ပေါ်လာသည်။

"မ မငြင်းဘူး လုံးဝမငြင်းပါဘူး ဖေဖေရာ၊ ဖြစ်နိုင်ရင် ခု တောင် လက်ထပ်လိုက်ချင်တာပါ"

ရာပြည့်စကားကြောင့် လသော်တာ ရှက်၍ထင်သည် အနားမှ လှစ်ခနဲ ထွက်သွားသည်။

ရာပြည့်ရင်ထဲမှာ နှံနက်ခင်းအသစ်တစ်ခုကို ထပ်မံမွေးဖွား





လိုက်ပါပြီ။ ထိုမနက်ခင်းလေးမှာ အချစ်အသစ်တွေကို ရင်ခွင်ထဲဆွဲသွင်းလိုက်ရရင်ဖြင့်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၇)

တစ်လခန့်အကြာမှာ မင်္ဂလာပွဲကျင်းပပြီး နောက်ထပ်ရှစ်လခန့် အကြာမှာတော့ ရာပြည့်ထံသို့ ထူးခြားသောအကြောင်းအရာတစ်ခု သို့ မဟုတ် မေ့ထားသော အရာဝတ္ထုပစ္စည်းလေးတစ်ခုကို လသော်တာ တွေ့ရှိသွားသည်။

"ကိုရေ ကို"

"ဟင် ဘာလဲ ချစ်"

"ဒီဘူးလေးထဲမှာ ပတ္တမြားတစ်လုံး တွေ့တယ်တော့"

စာဖတ်ခန်းထဲကို ဝမ်းသာအားရဝင်လာသော လသော်တာ စကားကြောင့် ရာပြည့် မျက်နှာ ကွက်ခနဲ ပျက်သွားပြီး လသော်တာကို လှည့်ကြည့်လိုက်သည်။

"ဒီမှာကြည့်စမ်း ကို ဒါ ပတ္တမြားလုံးလေး မဟုတ်လား၊ အရည် ကောင်းမယ့်ပုံပဲ"





"ဒီပစ္စည်း ဘယ်ကတွေ့လဲ"

"ကိုဗီရိုထဲက ကတ္တီပါရှူ့အိတ်ထဲမှာလေ"

ထူးဆန်းလိုက်တာ ဒီပတ္တမြားလေးကို မြသား ပေးခဲ့တာ မှန် ပေမယ့် လသော်တာနှင့်လက်မထပ်ခင် မြသားကို ရင်ထဲက အပြီးတိုင် ထုတ်လိုက်သည့်အချိန်မှာ ထိုပတ္တမြားဆိုသည်မှာ ကျောက်ခဲတုံးလေး သက်သက်မျှသာ ဘာတန်ဖိုး ဘာအရောင်မှမရှိ၊ လမ်းဘေးက ကျောက် စရစ်ဖြူလေးတစ်လုံးသာ။

ခုမှ ဘယ့်နှယ်ကြောင့် နီရဲပြီး အရည်ရွှမ်းနေသော ပတ္တမြားခဲ လေး ဖြစ်နေရတာလဲ။

"ပြစမ်း ချစ်"

လသော်တာ လက်ထဲမှ ပတ္တမြားခဲလေးကို သေချာကြည့်သည်။ ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်သည်။ မီးရောင်မှာ ထောင်ကြည့်သည်။ အံဆွဲထဲမှ မှန်ဘီလူးယူပြီး ကြည့်သည်။ ဘယ်လိုမှ မလွဲနိုင်။ ပတ္တမြား စစ်စစ်။

"ဟား ချစ် ကိုယ် ကိုယ်တို့ ဒီထက်ပိုပြီး ချမ်းသာပြီကွ"

"ဟင် ဘာဖြစ်လို့လဲ ဒါ ပတ္တမြားအစစ်လား"

လသော်တာ၏ ဖဝေဖဝါအမေးကို ဘယ်နှုတ်ကြိမ်မြောက် ခေါင်း ညိတ်မိလိုက်သည်ပင်မသိလောက်အောင် လောဘတွေက ညမီးရောင်နှင့် အပြိုင် တောက်ပလင်းလက်နေ၏။

"ဟုတ်တယ် ချစ်ကို ကိုယ်ပြောပြဖူးတယ်လေ၊ မြသားက

www.burmeseclassic.com



ကိုယ့်ကို ပတ္တမြားလေးတစ်လုံး ပေးဖူးတယ်ဆိုတာလေ''

''အင်းလေ ကိုပြောတော့ ကျောက်ခဲလေးဖြစ်နေတယ်ဆို''

''ဟုတ်တယ် အဲဒီတုန်းကတော့ ဟုတ်တယ် ခု ခုတော့ ကျောက်ခဲလေးမဟုတ်တော့ဘူး၊ တကယ့်ပတ္တမြားလေးပဲ''

''ဟင် ဟုတ်လား''

လင်မယားနှစ်ယောက် အံ့ဩလွန်း၍ ဘာပြောရမှန်းတောင် မသိတော့။ မမြင်နိုင်သော အရာတွေကလည်း တစ်ခါတစ်ရံမှာ သူတို့ စိတ်ကြိုက် ပြောင်းလဲပုံဖော်ခွင့်ရှိကြတာပဲလား။

အံ့ဩစရာကောင်းလိုက်တာ။

ရာပြည့် ပျော်လွန်း၍ ဒီည အိပ်၍တောင်ပျော်ပါတော့မလား။ လသော်တာအတွက် အထူးကုဆေးရုံလေးတစ်ရုံ ထူထောင်ပေးချင်သည့် ဆန္ဒတွေကို ဘယ်သူကလာပြီး ဖြည့်ဆည်းပေးတာတဲ့လဲ။

ကံကြမ္မာကလား အတိတ်က ချခဲ့သည့် ဒါနမျိုးစေ့ကလား။ ဒါမှမဟုတ် မြသားကလား။

သေချာတာကတော့ ဒါဟာ မြသားပေးခဲ့သော ပတ္တမြားခဲ စစ်စစ် ဘယ်လိုမှ မလွဲနိုင်။

■ ■ ■

''ရာပြည့်ရေ ရာပြည့်''

အိမ်ရှေ့မှ ခေါ်သံကြောင့် အပျော်တွေဆို့ပြီး တခေါခေါနှင့် အိပ်မောကျနေသော ရာပြည့် ဆတ်ခနဲ နိုးလာသည်။





''ဟင် ဒါ မြသားရဲ့ခေါ်သံပဲ''

ရာပြည့် ခုတင်ထက်မှ ထလိုက်သည်။ ခြေလှမ်းတွေက အညှို့ ခံနေရသောသူနှယ်။ မြသားအသံလာရာ အိမ်ရှေ့လမ်းမပေါ်သို့ တရွေ့ရွေ့ ဆင်းလာခဲ့၏။

တစ်အိမ်လုံး ရာပြည့်ခြေသံတရှပ်ရှပ်နှင့်အသက်ရှူသံ ခပ်မှျဉ်း မှျဉ်းကလွဲပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုစဉ် ထပ်၍ပေါ်လာသော အသံမှာ

''အူဝဲ အူဝဲ အူဝဲ''

''ရာပြည့် ရာပြည့်ရေ''

ကလေးငိုသံနှင့် မြသား၏အော်ခေါ်နေသော အသံက နားထဲ တွင် ပီပီသသ ထပ်ကြားနေရသည်။ ခြေလှမ်းတွေက ခြံဝနားသို့ ရောက် သည်နှင့်အညီ ကလေးငိုသံနှင့်မြသား၏ခေါ်သံက ပို၍ နီးကပ်လာလေလေ ပင်။

ခြံတံခါးကို ဖွင့်လိုက်သည်။ ခြံရှေ့တွင် မြသားသွင်အား မွေး ကင်းစကလေးလေးကို ပွေ့ပိုက်ပြီး ရပ်နေသည်ကိုတွေ့လိုက်ရသည်။

''ဟင် မြသား မင်း မင်း''

''မကြောက်ပါနဲ့ ရာပြည့်ရယ်၊ ဒီမှာလာကြည့်ပါဦး ဒါ ရှင့် သမီးလေးလေ''

''ဘာ ငါ့ ငါ့သမီးလေး ဟုတ်လား''

''အင်း ဟုတ်တယ် အခု မြသားတို့သားအမိ ရှင့်ဆီကိုလာနေ

www.burmeseclassic.com



တော့မလို့''

လာနေတော့မည်ဆို၍ ရာပြည့် အလန့်တကြားဖြင့် နောက်ကို ခုန်ဆုတ်လိုက်ပြီး

''ဟာ မ မဖြစ်ဘူး ငါ ငါ့မှာ လသော်တာရှိနေပြီ လသော်တာ နဲ့ငါနဲ့ လက်ထပ်ပြီးသွားပြီ''

''အဲဒါ ဘာဖြစ်လဲ ရှင့်ဟာရှင် လသော်တာနဲ့လက်ထပ်ရုံမကလို့ မိန္နာလီဇာနဲ့ပဲ လက်ထပ်လက်ထပ် တေလာဘွစ်နဲ့ပဲ လက်ထပ်လက်ထပ် ကျွန်မတို့သားအမိ ရှင့်ဆီလာနေမှာနဲ့ ဘာဆိုင်လဲ တစ်ကန့်စီ''

တဖွတ်ဖွတ် ပြောနေသော မြသား၏ပုံစံက အနိုင်အမာ ဆုံးဖြတ်ထားသည့်နှယ်။

''မဖြစ်ဘူး ငါတောင်းပန်ပါတယ် မြသားရယ်၊ ငါတို့အိမ်ထောင် ရေးက နိုင်မြဲနေပါပြီ၊ မဖျက်စီးပါနဲ့တော့နော်''

''စိတ်ချ လုံးဝမဖျက်ဆီးဘူး မြသားတို့သားအမိလာနေမှာကို ရှင့်မိန်းမ လက်ကိုလက်ခံမှာ၊ ပြီးတော့ သူ မြသားတို့သားအမိကို သူ့ဘဝ မှာ တန်ဖိုးအထားရဆုံးသူတွေအဖြစ် ချစ်သွားလိမ့်မယ်''

''မင်း ငါ့ကိုမယားပြိုင်ထားနိုင်းနေတာလား၊ ငါ အဲလိုယောကျ်ား မဟုတ်ဘူးကွ၊ လသော်တာ လက်ခံရင်တောင် ငါက လက်မခံနိုင်ဘူး''

ရာပြည့် တုန်တုန်ခါးခါး ငြင်းဆန်သည်။ လသော်တာကို သူ ချစ်နေပါပြီ၊ ဒီအတွက်ကြောင့် အချစ်တွေဖြင့် ပြီးပြည့်စုံနေသော အိမ်ထောင်ရေးကို ဘယ်လိုပယောဂတွေကြောင့်မှ အပျက်စီးမခံနိုင်။





''ရှင် ဘာကိုစိုးရွံ့နေတာလဲ၊ မြသားတို့သားအမိက ကိုယ့်အ ထုပ်နဲ့ကိုယ်လာတာလေ၊ ရှင်တို့ ဘာမှပူစရာမလိုပါဘူး၊ ရှင်မှလက်မခံ ရင် မြသားတို့ ဘယ်သူ့ဆီသွားနေရမှာလဲ''

''မင်းတို့နေနေတဲ့နေရာမှာပဲနေပေါ့''

''နေလို့မရတော့ဘူး မြသားတို့ အချိန်ကျလာတဲ့အတွက် နောက်ထပ်ဘဝသစ်ကို ပြောင်းရတော့မယ်၊ ဒါကြောင့် ရှင့်ဆီကို အပြေး လာတာပေါ့၊ မြသားပေးထားတဲ့ပတ္တမြားခဲကို ရှင်တို့ပိုင်ဆိုင်ထားပြီးမှ တော့ မြသားနဲ့သမီးကို လက်မခံလို့ မရတော့ဘူး''

ဘယ်လိုငြင်းငြင်း ဖွတ်အတင်းလာဖို့ပဲ ပြောနေသည်မို့ ရာပြည့် အကျပ်ရိုက်နေသည်။

''ငါ့မိန်းမ သဘောကျမှာမဟုတ်ဘူး၊ မ မလာပါနဲ့ကွာ ငါ တောင်းပန်ပါတယ် ငါတောင်းပန်ပါတယ်''

ရာပြည့် ဘယ်လိုတားတား မြသားမှာ ကလေးချီလျက် ခြံထဲ သို့ ခပ်တည်တည်ဖြင့် ဝင်သွားကာ အိမ်ပေါ်တက်သွားသည်။

''ဟေ့ မဝင်နဲ့ မသွားနဲ့ ငါ့မိန်းမ အိပ်နေတယ်၊ မနှောင့်ယှက် ပါနဲ့ မြသား မြသား တောင်းပန်ပါတယ်ကွာ ငါ့မိန်းမဆီမသွားပါနဲ့''

''ကို ကို ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ''

မျက်စိစုံမှိတ်ကာ ခုတင်ထက်မှာ လူးလိမ့်ပြီး အော်နေသော ရာပြည့်ကို လသော်တာ လှုပ်နှိုးလိုက်သည်။

''ဟင် ချစ် ချစ်''

www.burmeseclassic.com



"ကို ဘာတွေတောင်းပန်နေတာလဲ၊ အိပ်မက်မက်နေတာလား"

ဖောချွေးတွေ သီးထနေသော စိုးရိမ်ထိတ်လန့်နေသည့်မျက်နှာဖြင့် လသော်တာကို တောင်းပန်ကြည့် ကြည့်လိုက်သည်။ ရာပြည့်မညာချင်ပါ။ ထို့ကြောင့် အိပ်မက်ထဲကအတိုင်း အမှန်ပြောလိုက်သည်။

ရာပြည့်ကိုကြည့်ပြီး လသော်တာ ရယ်သည်။

"ဘာရယ်တာလဲ"

"ကို စိတ်လှုပ်ရှားနေတာကိုပေါ့၊ အဟင်း အရမ်းကို တိုက်ဆိုင်လိုက်တာ ကိုရယ်"

"ဘာကိုတိုက်ဆိုင်တာလဲ"

"ညကလေ ချစ်လည်း အိပ်မက်မက်တယ်"

"ဟင် ဘာအိပ်မက်လဲ"

"မြသားက သူနဲ့သူ့ကလေးကို မမလသော်တာဆီမှာ နေခွင့်ပြုပါတဲ့"

ကြက်သီးတို့ ဖြန်းခနဲ ထသွားသည်။

"ဟင် အဲ အဲဒီတော့ ချစ်က ဘာပြောလိုက်လဲ"

"လာနေပါလို့ ပြောလိုက်တာပေါ့"

"ဟင် ဟာကွာ အဓိပ္ပာယ်မရှိ"

စိတ်မလုံမလဲဖြစ်နေသော ရာပြည့်ရင်ခွင်ထဲကို ချွေးသိပ်သည့်အနေဖြင့် တိုးဝင်မှီတွယ်လိုက်ပြီး

"ဒါ အိပ်မက်ပဲ ကိုရယ်၊ ဘာကိုစိတ်သောကရောက်နေစရာလိုလဲ၊ ချစ်ရဲ့မေမေကလည်းလေ ချစ် ခုတလော မအီမသာ ခံစားနေရတဲ့ဝေဒနာကြီးကိုကြည့်ပြီး ဘာပြောတယ်မှတ်လဲ"

"ဟင် ဘာပြောလဲ"

"ဗိုက်ကြီးနေသွဲ့နေတာလားမသိဘူးတဲ့၊ အဲဒါကြောင့် မနက်စောစောထပြီး ဆီးစစ်ကြည့်မလားလို့"

"ဟင် ဒါ ဒါဆို မြသားတို့သားအမိ ကိုယ်တို့ဆီလာမယ်ဆိုတာ ချစ်ဆီကို ဝင်စားဖို့ပေါ့ ဟုတ်လား"

"အင်း"

"ဟာကွာ အဲ အဲလိုကြီးတော့ မဖြစ်သင့်ဘူးထင်တယ်၊ ချစ်စိတ်ထဲမှာ ကိုယ့်ကို အမြဲတမ်း သံသယဝင်နေမှာပေါ့"

"ဘာကိုလဲ"

"မြသားက ကိုယ်နဲ့ပတ်သက်ဖူးခဲ့တာကိုလေ"

"ဟင့်အင်း ဝင်စရာလားလို့၊ တကယ်တော့ မြသားဘဝလေးက သိပ်ကိုသနားစရာကောင်းပါတယ် ကိုရယ်၊ သူ သူဆုံးတော့ သူ့မှာကိုယ်ဝန်ပါသွားရှာတယ်လေ"

"ဟင်"

ခုမှ သိလိုက်ရသည့်ကိစ္စဖြစ်ပေမယ့် မြသား ကလေးရသည့်အကြောင်းအရင်းက ကိုယ့်ကြောင့်မဟုတ်ဘူးဆိုတာ အဖြေကရှင်းနေပြီပဲ။

စိတ်တွေက ခုမှပေါ့ပါးသွားကာ

www.burmeseclassic.com



"ဒါဆိုရင် အကယ်၍ ကိုယ်ဝန်ရှိခဲ့ရင် ချစ်က ကျေကျေနပ်နပ်ကြီး လက်ခံမှာလား"

သူ့အမေးကြောင့် လသော်တာ ပေါ့ပေါ့ပါးပါး ရယ်ကာ

"ဪ ကိုရယ် ချစ်ဗိုက်ထဲကို ဘယ်သူပဲဝင်စား ဝင်စား ကိုနဲ့ချစ်တို့ရဲ့အသွေးအသားဖလှယ်ထားကြတဲ့ ရင်သွေးလေးမို့ လက်မခံလို့ရမလား"

စိတ်သဘောထားပြည့်ဝလိုက်သည့် မိန်းကလေးဟု တလေးတစား ချီးကျူးမိပြီး ချစ်ဇနီး၏ကိုယ်လေးကို ပိုတိုး၍ ဖက်လိုက်သည်။

"တကယ်တော့ မြသားရဲ့ချစ်သူက ချစ်ရဲ့မောင်ဝမ်းကွဲလေးပါ၊ ခုတော့ သူက ဂျပန်မှာလေ၊ ချစ်သူချင်း စိတ်သဘောထားချင်း မတိုက်ဆိုင်လို့လမ်းခွဲခဲ့ကြတဲ့နောက်ပိုင်း မြသားမှာ ကိုယ်ဝန်ရှိသွားခဲ့တယ်၊ ဒါကို မြသားတောင် သိမသွားရှာပါဘူး"

"ဟင် ဒါဆို ချစ်ရဲ့မောင်လည်း မသိဘူးပေါ့"

"ဟုတ်တယ် မသိဘူး။ ချစ်တောင် သူခုံးပြီးမှ သူ့မှာကိုယ်ဝန်ပါသွားမှန်း စစ်ဆေးစမ်းသပ်ချက်တွေကြောင့်သိရတာ၊ နောက်ပြီး အံ့သြစရာတစ်ခု ကျန်သေးတယ်"

"ဟင် ဘာများလဲ"

"မြသားရဲ့ချစ်သူ ချစ်ရဲ့မောင်ဝမ်းကွဲလေးက ဟောဒီက ရာပြည့်နဲ့ ရုပ်ဆင်တယ်၊ ဒါကြောင့် မြသားက ရာပြည့်ကို တမလွန်ဘဝထဲကနေ လှမ်းပြီးပတ်သက်တာပေါ့"





ပြောရင်းဖြင့် လသော်တာ ရယ်သည်။

"ကဲ ခုရော ကို ချစ်ကို တကယ်ချစ်တာ ဟုတ်ရဲ့လား မှန်မှန်ပြောစမ်းပါဦး"

ထိုအမေးကြောင့် ရာပြည့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ

"ဟာ မေး မေးမှမေးရက်တယ် ချစ်ရယ်၊ မှန်တာပြောသစ္စာ ကိုယ့်အသက်နဲ့ကျိန်ဆိုဝံ့ပါတယ်၊ ချစ်ကို ချစ်လိုက်တာမှ စာဖွဲ့ရင်တောင် မီမယ်မထင်ဘူး။ ကိုယ်မှန်တာပြောခဲ့ရင်လေ ချစ်မွေးလာမယ့်ကလေး အမြွှာပူးလေးမွေးရပါစေရဲ့ဗျာ"

ရာပြည့်၏ကျိန်ဆိုလိုက်သော သစ္စာစကားကြောင့် လသော်တာ ယုံကြည်စိတ်ချစွာ ပြုံးလိုက်ပြီး

"စိတ်ချပါ ကိုရယ်၊ ကိုပြောသလို ချစ်လည်း ယုံကြည်နေတယ် ချစ်မွေးရင် အမြွှာလေးမွေးမှာလို့"

■ ■ ■

www.burmeseclassic.com

( ကိုးလခန့်ကြာသော် )

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက်၊ ပြည်ထောင်စုနေ့ နံနက် ၁း၄၅ မိနစ်တိတိတွင် ရာပြည့်သစ္စာဆိုခဲ့သည့်အတိုင်း လသော်တာ သည်ချစ်စရာကောင်းသော အမြွှာပူးသမီးလေးနှစ်ယောက်ကို အောင်မြင် စွာ မွေးဖွားခဲ့ပါသည်။

အားလုံးအတွက်
နတ်သမီး